# Food for Faith

## (Myanmar)



by Richard A Bennett

www.ccim-media.com

# **စကားချီး**

Dr. Richard A.Bennett ၏ စာအုပ်အသစ်ဖြစ်သည့် - Food for Faith စာအုပ်အတွက် စကားချီးရေးပေးသည်မှာ အထူးအခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ ဤစာအုပ်မတိုင်ခင်က ရေးခဲ့သော - Your Quest for God ၏ နောက်ဆက်တွဲ စာအုပ်တစ်အုပ်ဖြစ်သည်။"ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်။"ဟေဗြဲ ၁၁း၆ နှင့်"ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့်အသက်ရှင်လိမ့်မည်။"ဟု ရောမ၁း၁၇ တို့၌ဖေါ်ပြထားသည်။ ထိုကြောင့် ယုံကြည်ခြင်းအဟာရအတွက် အစပြုသည့်အချိန် (ရောမ ၁၀း၁၇) မှစ၍ ဆက်လက်၍ ၁ပေ ၂း၁-၃ ဟေဗြဲ ၅း၁၂-၁၄ တို့ကို ဖြည့်တင်းပေးဖို့လိုသည်။ သခင်ယေရှုမိန့်တော်မူခဲ့သည်မှာ "လူသည်မုန့်အားဖြင့် အသက်မွေးရမည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်"ဟု မဿဲ ၄း၄ ၌ဖေါ်ပြထားပါသည်။ ဓမ္မဟောင်းခေတ်၊ ပရောဖက်ယေရမိကလည်း "ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၊ အကျွန်ုပ်တွေ့သော နှုတ်ကပတ်တော်စကားကို ခံယူပါပြီ။ နှုတ်ကပတ်တော်သည် အကျွန်ုပ်ဝမ်းမြောက်ရွှင်လန်းစရာ အကြောင်းဖြစ်ပါ၏။ နာမတော်ဖြင့် အကျွန်ုပ်ကို ခေါ်ဝေါ်ပါ၏ဟု ယေရမိ ၁၅း၁၆ တွင် ရေးသားထားပါသည်။

အကျိုးရှိစေရန် ဝိညာဉ်ရေးရာအဟာရကို တန်ဖိုးထားခံယူ ကျင့်သုံးဖို့ လိုအပ်ပါသည်။ ဘုရားရှင်နှင့်အတူတကွ မိဿဟာရပြုသည့်အချိန်၌ ပြုလုပ်နိုင်သောနည်းလမ်းများကို Dr. Bernnett က ကျွန်ုပ်တို့အား ပြသခဲ့လေသည်။ အခန်း (၈) သည် ဘုရားရှင်နှင့် ကျွန်ုပ်တို့ မိဿဟာရပြုခြင်းအတွက် အထောက်အကူပြုသော သင်ခန်းစာတစ်ခုဖြစ်သည်။

လောကီအရေးတို့ကိုသာ အလေးထားသော မျက်မှောက်ခေတ်လူသားတို့ကြောင့် သာမန်ခရစ်ယာန်တို့သည် မိမိတို့အသက်တာ၌ ကျိန်းဝပ်နေသော သခင်ယေရှုခရစ်တော်အား ယုံကြည်ခြင်းအတွက် မှီခိုအားထားရမည် (ဂလာ ၂း၂၀) ဆိုသည့် အချက်မှ လှည့်စားခံနေရကြသည်။

Food for Faith ဆိုသည့် ဤစာအုပ်ကလေးက ကျွန်ုပ်တို့အတွက် ကောင်းကင်မှ ချပေးလိုက်သော သတင်းကောင်းဖြစ်သည်။ ဤစာအုပ်ရောက်သည့်နေရာတိုင်း၌ ဘုရားသခင်ကောင်းကြီးပေးပါစေ။

Dr. StephenF. Olford
Founder and President
Institute for Biblical Preaching
Memphis, Tennessee

# နိဒါန်း

Food for Faith ဆိုသည့် စာအုပ်ကလေးသည် ကျွန်တော်၏ ၂၅ နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်သို့ ချဉ်းနင်းဝင်ရောက်လာချိန်၌ ရေးသော Your Quest for God ဆိုသည့်စာအုပ်၏ နောက်ဆက်တွဲဖြစ်သည်။ ထိုစာအုပ်ရေးသည့်အချိန်က ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းသည့်အနေဖြင့် ရေးသားပြီး ဧဝံဂေလိသတင်းကောင်းကို ဝေငှဖြန့်ချီသွားရန် ရည်ရွယ်လျက် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

Your Quest for God စာအုပ်ကို ပထမအကြိမ်တွင် အုပ်ရေနှစ်သောင်းငါးထောင် (၂၅၀၀၀) ထုတ်ဝေခဲ့ပါသည်။ ဤချစ်ခြင်းမေတ္တာပါသော ပူဇော်သက္ကာကို ဘုရားရှင်သည် ထူးခြားစွာ ကောင်းကြီးပေးခဲ့ပါသည်။

ယနေ့တွင် အုပ်ရေ ၂ သန်းကျော် ပုံနှိပ်ထုတ်ဝေပြီးသည့်အပြင် ဘာသာစကားပေါင်း ၃၀ ကျော်ဖြင့် ဘာသာပြန်ထုတ်ဝေနိုင်ခဲ့ပါသည်။ ဤစာအုပ်ကလေးကို လိုအပ်မှုမှာ ရက်တရက် တိုးပွားလာပါသည်။ ဤစာအုပ်ကို ဖတ်ရှုခြင်းကြောင့် များစွာသောလူတို့သည် ဒုတိယမွေးခြင်းကို ခံရကြသည်ဟု ကြားသိရသည့်အတွက် ပို၍ဝမ်းမြောက်ရပါသည်။

ယခုတဖန် ကျွန်ုပ်တို့၏ ၃၅ နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ကို ဆင်နွှဲဖို့နီးကပ်လာပါပြီ။ လွန်ခဲ့သော ၁၀ နှစ် Your Quest for God စာအုပ်ကို ထုတ်ဝေခဲ့စဉ်က ဧဝံဂေလိစကားကို ဝေငှနိုင်လိမ့်မည်ဟု မထင်မှတ်ခဲ့ပါ။ ယခုအချိန်၌လည်း ကျေးဇူးတော်ကို ချီးမွမ်းလျှက် ကျွန်ုပ်တို့၏ ရှင်သန်ကြီးထွားလာသော ချစ်ခြင်းမေတ္တာကို ဖော်ပြသည့်အနေဖြင့် Food for Faith ဆိုသည့်စာအုပ်ကို ထပ်မံထုတ်ဝေလိုက်ပါသည်။ ဘုရားရှင်သည် Your Quest for God ကို ကောင်းကြီးပေးသကဲ့သို့ ဤစာအုပ်အားဖြင့် ကမ္ဘာတဝှမ်းရှိ များစွာသောလူတို့သည်  ခရစ်တော်၌ အသစ်သောအသက်တာကို တွေ့ရှိနိုင်ရန် ပြုလုပ်ပေးမည်ဟု ယုံကြည်ပါသည်။



သို့သော်လည်း  Food for Faith ဆိုသည့် ဤစာအုပ်လေးသည် Your Quest for God စာအုပ်၏ နောက်ဆက်တွဲသက်သက်မျှသာမဟုတ်။ ဤစာအုပ်၌ ပါသော အကြောင်းအရာတို့သည် ယုံကြည်သူများအတွက် ဘုရားရှင်နှင့် ရင်းနှီးကျွမ်းဝင်စွာ မိဿဟာရပြုလိုသော ဆန္ဒဖြစ်ပေါ်လာစေရန် ကူညီထောက်မပေးမည့်စာအုပ်တစ်အုပ်ဖြစ်လိမ့်မည်ဟု  ကျွန်ုပ်နှင့်ဇနီးတို့သည် ယုံကြည်မှုအပြည့် ရှိကြပါသည်။ ဤစာအုပ်ရေးသားသောအခါ ဖတ်ရှုသူ၏ ခရစ်ယာန်အသက်တာကို ကူညီအားပေးတိုက်တွန်းသည့်အနေဖြင့် ရေးနိုင်ရန် ဆုတောင်းကာ စတင်ရေးသားခဲ့ပါသည်။

Food for Faith စာအုပ်ကို ပြီးစလွယ် သဘောဖြင့် ဖတ်ရှုရန် မဟုတ်ပေ။ ထိုပြင်ဖတ်ပြီးလျှင် ဘေးသို့ချထားရန်လည်းမဟုတ်။ သေချာစွာဖတ်ပြီးသောအခါ လက်စွဲလမ်းညွှန်စာအုပ်အဖြစ် စွဲကိုင်ထားရန်ဖြစ်သည်။ ဤစာအုပ်၌ ပါရှိသော အဓိကအကြောင်းအရာတို့ကို အသက်တာ၌ သစ္စာရှိစွာလိုက်လျှောက်လျှင် ဘုရားရှင်၌ အစဉ်ရင်းနှီးကျွမ်းဝင်စွာ နာခံလိုက်လျှောက်ခြင်း၌လည်း ရှင်သန်ကြီးထွားလာပါလိမ့်မည်။

ကျွန်ုပ်တို့သည် တခါတရံ ကျမ်းမာရေးစစ်ဆေးမှုပြုလုပ်ခြင်းကို အမြော်အမြင်ရှိသည်ဟု ခံယူတတ်ကြသည်။ ထိုကဲ့သို့ ကျန်းမာရေးစစ်ဆေးလျှင်

အချိန်နှင့်ငွေကို အသုံးပြုရလေသည်။ ရောဂါရှိလျှင်လည်း ရောဂါအမည်တပ်နိုင်ရန်နှင့် ကုသမှုခံယူပါကလည်း ပြဿနာကို ဖြေရှင်းနိုင်ရန် ဆရာဝန်များ၏ မေးခွန်းများအပေါ် မူတည်ပါသည်။ အလားတူ ခရစ်ယာန်တို့သည်လည်း မိမိတို့၏ ဝိညာဉ်ရေးကို စမ်းသပ်ဖို့ရန် လိုပါသည်။ ထိုသို့ပြုလုပ်ရန် ရိုးသားစွာ ဘုရားသခင်နှင့် နှစ်ဦးတည်း မိဿဟာရပြု အချိန်ပေးဖို့လိုပါသည်။ မိမိတို့ ဝိညာဉ်ရေးစစ်ဆေးရန်အတွက် အထောက်အကူဖြစ်စေရန် ဤစာအုပ်၏ အခန်းတစ်ခန်းစီတိုင်း၏ နောက်ဆုံး၌ အကြံပြုမေးခွန်းများကို ထည့်သွင်းပေးထားပါသည်။ အချို့မေးခွန်းတို့သည် သင့်အား စိတ်သက်သာမှုပေးချင်မှပေးမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ခန္ဓာကိုယ်၏ ကျန်းမာရေးကို စစ်ဆေးသောအခါ နာကျင်နေသောနေရာသည် ရောဂါ၏ အရင်းခံနေရာဖြစ်သည်ကို သတိရဖို့ လိုပါသည်။

ဤစာအုပ်ကို ရေးသားသောအခါ မိတ်ဆွေဖြစ်သူ Dr. Edwin Orr ၏ မထင်မှတ်ဘဲ ပြောပြချက်အရ အကြောင်းအရာလေးတစ်ခုကို အမှတ်ရမိသဖြင့် အနည်းငယ်ဖော်ပြလိုပါသည်။ သူနှင့် အခြားခရစ်ယာန်ခေါင်းဆောင် အချို့တို့သည် သူတပါးအတွက် ဆုတောင်းပေးခြင်းအစီစဉ်၌ စကားပြောဆိုရန် လူတစ်ယောက်ကို ဖိတ်ကြားခဲ့ပါသည်။ ထိုသူက မအားလပ်ကြောင်း အကြောင်းပြန်ကာ ငြင်းပယ်ခဲ့ပါသည်။ အကြောင်းကြားစာထဲတွင် သူ၌ ဆုတောင်းခြင်း နှင့်ပတ်သက်သော ဟောကြားချက်များရှိသဖြင့် နောက်တစ်ကြိမ်အခွင့်သင့်ပါက လာရောက်ဟောပေးမည်ဖြစ်ကြောင်းလည်းပါရှိပါသည်။ ဆုတောင်းခြင်းအမှုကို ပြုခြင်းထက် ရေးသားခြင်း၊ ဟောကြားခြင်းသည် ပို၍ လွယ်ကူသည်ကို ကျွန်ုပ် သတိပြုမိပါသည်။ ထို့ကြောင့် ဤစာအုပ်ရေးသားသောအခါ ကျွမ်းကျင်သော သူတစ်ယောက်ကဲ့သို့မဟုတ်၊ ဆာလောင်မွတ်သိပ်နေ



သောသူတစ်ယောက်က အခြားဆာလောင်သောသူတစ်ယောက်ကို အသက်မုန့်ကို မည်သည့်နေရာတွင်ရနိုင်ကြောင်းကို လမ်းညွှန်ရေးသားပေးခြင်းသာ ဖြစ်သည်။ Food for Faith စာအုပ်ကိုရေးရန် ဇနီးက Dorathy များစွာ တိုက်တွန်းအားပေးခဲ့သည်အပြင် ဘုရားရှင်နှင့်အစဉ်မိဿဟာရ ပြုနိုင်ရန် အားပေးခဲ့ပါသည်။ C.T Studd ၏ ဆုတောင်းချက်လေးအားဖြင့် ဆုတောင်းခဲ့ခြင်းကြောင့် ဇနီး Dorathy နှင့် တွေ့ဆုံခဲ့ရသည်ကို ကောင်းစွာအမှတ်ရနေပါသေးသည်။ ထိုဆုတောင်း ချက်ကလေးမှာ "အိုအဖဘုရားသခင်၊ ကျွန်ုပ်အတွက် ဇနီးကောင်းတစ်ယောက် ကို ပြင်ဆင်ထားပေးလျှင် ကျွန်တော်၏ရှေ့မှောက်၌ ထင်ရှားစွာပေါ်လာစေပြီး မြင်မြင်ခြင်း နှစ်သက်သောစိတ်ကို ဖြစ်စေပါ။"ထိုကဲ့သို့ ဘုရားသခင်ပြင်ဆင်ပေးသည့် ဇနီးသည်ကို ပိုင်ဆိုင်ရသည်မှာ အခွင့်ထူးတစ်ရပ်ပင်ဖြစ်ပါသည်။ ဘုရားရှင်၏ ကျေးဇူးတော်အားချီးမွမ်းမိပါ၏။

ယခုဆိုလျှင် ဝိညာဉ်ဖခင်ဖြစ်သူ Dr. Stephen Olford က ကျွန်ုပ်အား ကယ်တင်ရှင်ထံသို့ ပို့ဆောင်ပေးခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်ခဲ့ပါပြီ။ ကယ်တင်တင်ရှင်နှင့် စတင်မိတ်ဆက်သောအချိန်မှစ၍ Stephen သည် သမ္မာကျမ်းစာလေ့လာခြင်း၊ ဆုတောင်းခြင်းတို့ကို မှန်မှန်ပြုလုပ်ရန် မည်မျှအရေးပါကြောင်း ဝေငှခဲ့သည့်အတွက်လည်း ကျေးဇူးတင်ပါသည်။

ဤစာအုပ်ထဲ၌ ဖော်ပြပါရှိသော အကြောင်းအရာတို့သည် မိမိခံစားရသော ဘုရားရှင်၏ နှုတ်ကပတ်တော်စကားများကို ဆင်ခြင်အောင့်မေ့လျက် ကောက်နှုတ်တင်ပြထားခြင်းဖြစ်သည်။

Food for Faith စာအုပ်ကို ထုတ်ဝေဖြန့်ဖြူးခြင်းအားဖြင့် ကျွန်ုပ်သည်လည်း ရှင်ပေါလုမှ တိမောသေအား မိန့်မှာတော်မူချက်တို့ကို နာခံရန်

ဖြစ်လာသည်။ “*သက်သေခံအများရှိသည်နှင့် ငါ့ထံ၌ကြားရသော အရာတို့ကို သစ္စာနှင့်ပြည့်စုံ၍ သူတပါးကို သွန်သင်ခြင်းငှါ တတ်စွမ်းနိုင်သော သူတို့၌ အပ်ပေးလော့။*” ၂တိ ၂း၂

ဤစာအုပ်ကို ယုံကြည်သူများ သခင်ခရစ်တော်နှင့် မိဿဟာရဖွဲ့ခြင်း၌ အစဉ်ဝမ်းမြောက်ရန်နှင့် အထောက်အကူပြုစေရန် ရည်ရွယ်၍ ရေးသားခဲ့ခြင်းဖြစ်သည်။ စာပါအကြောင်းအရာများကို ဖတ်ခြင်းအားဖြင့် အပြစ်လွတ်ခြင်းကြောင့် ခံစားရသော ပျော်ရွှင်ဝမ်းမြောက်ခြင်းနှင့် ထာဝရအသက်ရကြောင်း ယုံကြည်စိတ်ချမှုရရှိစေပါသည်။ ဤအရာများနှင့် ပတ်သက်၍ သေချာစွာမသိသေးသောသူများလည်း ရှိချင်ရှိနေပါမည်။ သင်သည် ထိုသို့သောသူဖြစ်လျှင် ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို ဖွင့်ဖတ်ရန် တိုက်တွန်းလိုပါသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် သင့်ကိုများစွာ အထောက်အကူပြုသည်ကို တွေ့ရပါလိမ့်မည်။ *ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ကို ယုံမည်အကြောင်း ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကို ရမည်အကြောင်း ဤမျှလောက်ရေးထားလျက်ရှိသတည်း။*

*ယောဟန် ၂၀း၃၁*



# ယုံကြည်တိုးပွား သမ္မာတရား

*မိန့်တော်မူချက်တို့၌သည် အကျွန်ုပ်အာခေါင်၌ အလွန်ချိုကြပါ၏၊........*

*အကျွန်ုပ်မှုကား ပညတ်တော်တို့ကို ရွှေထက်မက ရွှေစင်ထက် သာ၍နှစ်သက်ပါ၏*

*ဆာလံ ၁၁၉း၁၀၃၊ ၁၂၇*



**အခန်း(၁)**

## နေ့စဉ်ကျေနပ်အားရခြင်း

မကြာသေးခင်အချိန်က ခရစ်ယာန်အမျိုးသမီးတစ်ယောက် သည် တောင်းဆိုချက်တစ်ခု ဆိုလာသည်။

"ကျွန်မဘုရားသခင်နဲ့ မိဿဟာရ အထူးကောင်းမွန်လာဖို့ ကျေးဇူးပြု၍ ဆုတောင်းပေးပါ"

မှန်ပါသည်။ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးတွင် ရင်းနှီးမှု အတိုင်းအတာဟူ၍ ရှိပါသည်။ ထို့အတူ ခရစ်ယာန်တစ်ဦးအတွက် ဘုရားသခင်နှင့် ဆက်ဆံရေး အခြေအနေမှန်ဖို့ လိုအပ်ပါသည်။

လူသားချင်း ဆက်ဆံရေး၌ပင် အလိုဆန္ဒများ ရောပြွန်းနိုင်သော အခါ၌၄င်း၊ ဝါသနာခြင်းတူသောအခါ၌၄င်း၊ ယဉ်ကျေးမှုခြင်းဖလှယ်သော အခါ၌၄င်း၊ ရိုးသားပွင့်လင်းစွာဆက်ဆံသောအခါများ၌၄င်း အကျိုးဖြစ်လာတတ်ပါသည်။

ဥပမာ - ကျွန်ုပ်နှင့် ဇနီး ဒေါ်ရသီသည် အာဖရိကလူမျိုးနှစ်ဦးထံမှ ဝမ်းသာစရာ စာတစ်စောင် ရရှိလိုက်သည်။"ကျွန်ုပ်တို့သည် မနေ့က သမီးရတနာ (ဒေါ်ရသီ) ကို ကောင်းစွာ မွေးဖွားပြီး ဆေးရုံမှ အိမ်သို့ ပြန်ရောက်ကြပါပြီ။ ကလေးမှာ ၆ ပေါင်ခွဲထွားကြိုင်းပြီး ကျန်းမာလျှက် ရှိပါသည်"ဟုစာထဲတွင်ရေးထားရာ သူတို့မည်မျှဝမ်းမြောက်ကြမည်နည်း။

မိဘနှစ်ပါးဘဝမှာ ခလေးငယ်ကို ထွေးပိုက်ပြီး အိမ်သို့ချော မောစွာ ပြန်ရောက်လာခြင်းသည် အလွန်ဂုဏ်ယူဝမ်းသာစရာဖြစ်ပါသည်။ ထိုဝမ်းမြောက်ခြင်းကို ခလေးကြီးပြင်းလာသည်နှင့်အမျှ ဆက်၍ခံစားရပါသည်။ မွေးကင်းစလူမမယ်လေးသည် ပုခက်ထဲ ကန်ကျောက်နေပုံ၊ ရယ်မောနေပုံတို့ကို ကြည့်၍ ကြည်နူးရပါသည်။ လေးဘက်ထောက်၍ တွားသွားတတ်သောအရွယ်မှ ဖေဖေမေမေဟု မပီကလာတီတီတာတာ ခေါ်သံတို့သည် ကြည်နူးမှုကိုဖြစ်စေပါသည်။

ထိုမွေးကင်းစခလေးငယ်၏ အစဉ်အတိုင်းကြီးထွားလာပုံမှာ အံ့သြဖွယ်ကောင်းပါသည်။ ထိုနည်းတူ ဒုတိယအကြိမ် မွေးဖွားသူသည်လည်း ဝိညာဉ်ရေးကြီးထွားရင့်ကျက်မှုအဆင့်ဆင့်ကို ကျော်ဖြတ်ရသည်မှာ အံ့သြဖွယ်တစ်ရပ်ဖြစ်ပါသည်။

လူဘဝအသက်တာသည် မွေးဖွားလာချိန်မှစ၍ ကြီးရင့်လာသည်အထိ အမြဲတမ်းဝမ်းမြောက်ခြင်းနှင့်သာ ပြည့်ဝနေသည် မဟုတ်ပါ။





ထိုအာဖရိကမှ ခလေးမွေးဖွားခြင်းသတင်းကိုရရှိသော အချိန်၌ပင် အိုဟိုင်းဟိုးပြည်နယ်မှ မိတ်ဆွေဟောင်းတစ်ဦး၏ ၂၁နှစ်အရွယ် သမီးငယ်သေဆုံးသွားကြောင်းသတင်းကို ဝမ်းနည်းဖွယ်ကောင်းစွာကြားလိုက်ရပြန်သည်။ ထိုမိန်းခလေးသည် အသက် ၂၁ရှိပြီဖြစ်သော်လည်း စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ မဖွံ့ဖြိုးမကြီးထွားခဲ့ပါ။ မိဘများကချစ်လွန်း၍ သူ ကလေးအမည်ကို Carol Joy (ဝမ်းမြောက်ဖွယ်သီချင်း) ဟု မှည့်ခဲ့သည်။

ဘယ်အရာမျှ မဖွံ့ဖြိုးသော ထိုသမီးငယ်အတွက် မိဘတို့အလွန်ဂရုစိုက်ခဲ့ရပါသည်။ လူ့အမြင်အရ အပြင်းထန်ဆုံး ယိုယွင်းအားနည်းသူဟူ၍ ယူဆရပေမည်။

ထိုမိန်းကလေး Carol သည် စိတ်ပိုင်း ရုပ်ပိုင်း နှစ်မျိုးလုံး မဖွံ့ဖြိုးသကဲ့သို့ ယနေ့ခရစ်ယာန်အများလည်း ဝိညာဉ်ရေး၌ ဖွံ့ဖြိုးတိုးတက်ခြင်းမရှိကြ။ ခရစ်ယာန်ဖြစ်ခဲ့သည်မှာ အချိန်ကြာမြင့်သော်လည်း ခရစ်တော်၌ ကြီးထွားမှုမရှိကြပါ။ ဘုရားသခင်သည် ဒုတိယအကြိမ်မွေးသောသူတိုင်းအတွက် ဝိညာဉ်အစာနှင့် ထိုအစာကို သုံးဆောင်မှီဝဲခြင်းဖြင့် ဝိညာဉ်ရေးကြီးထွားဖွံ့ဖြိုးလာစေဖို့ ပြင်ဆင်ပေးတော်မူသည်။

ခရစ်ယာန်တစ်ဦး ဝိညာဉ်ရေး ဖွံ့ဖြိုးကြီးထွားဖို့ မှီဝဲသုံးဆောင်ရန်အဟာရမှာ သမ္မာကျမ်းစာဖြစ်သည်။ သင်သည် နှုတ်ကပတ်တော်ဝိညာဉ်အဟာရကို နေ့စဉ်မှီဝဲသုံးဆောင်လျှင် **စူးစမ်း**လိုသော ဝိညာဉ်ရေးခလေးဘဝမှ **တည်ငြိမ်**သောလူငယ် ထိုမှတဆင့် **ရင့်ကျက်**သောလူကြီးအဆင့်သို့ ရောက်ရှိလာမည်။ ကျမ်းစာကို တာဝန်အရဖတ်ခြင်းမဟုတ်ရဘဲ ဘုရားသခင်ပြင်ဆင်သော အစာအဟာရအဖြစ် နေ့စဉ်မှီဝဲသုံးဆောင်ရန် ဘုရားသခင်အလိုရှိသည်။

ဝိညာဉ်အစာကို ကျေညက်အောင် သုံးဆောင်လာတတ်လျှင်

အစဉ်အတိုင်း ကြီးထွားဖွံ့ဖြိုးလာပေမည်။

ဘုရားသခင်သည် ပရောဖက်ဟေရှာယအားဖြင့် ဝိညာဉ်အစာအဟာရငတ်မွတ်တောင့်တသူအပေါင်းကို လာရောက်သုံးဆောင်ဖို့ ဖိတ်ခေါ်လျှက်ရှိသည်။

*"အိုရေငတ်သူအပေါင်းတို့၊ ရေရှိရာသို့လာကြလော့။ ငွေမရှိသောသူတို့လာကြ၊ ဝယ်၍ စားသောက်ကြလော့။ ငွေမပါဘဲ အဖိုးကိုမပေးဘဲ လာ၍ စပျစ်ရည်နှင့်နို့ကိုဝယ်ကြလော့။ အစာမဟုတ်သော အစာအဖို့ သင်တို့ငွေကိုငင်း၊ အမွတ်မပြေနိုင်သော အရာအဖို့ သင်တို့ ဥစ္စာကိုငင်း၊ အဘယ်ကြောင့်ကုန်စေကြသနည်း။ ငါ့စကားကို စေ့စေ့နားထောင်လျှက် ကောင်းသောအစာကို စားကြလော့။ သင်တို့ဝိညာဉ်သည် ချိုသောအရာတို့၌ မိမိကိုယ်မိမိ မွေ့လျော်စေလိမ့်မည်။ နူးညွတ်သောနားနှင့် ငါ့ထံသို့လာကြလော့။ သို့ပြုလျှင် သင်တို့၏ဝိညာဉ်သည် အသက်ရှင်ရလိမ့်မည်။ ငါသည်လည်း သင်တို့၌ ထာဝရပဋိညာဉ်ပြု၍ ဒါဝိဒ်၌ မြဲမြံသော ကျေးဇူးတော်ကို သင်တို့အားပေးမည်။"*(ဟေရှာ၅၅း၁-၃)

ခရစ်ယာန်တို့သည် မိမိတို့ ယုံကြည်ခြင်းတိုးပွားရန်အတွက် အစာအဟာရကို မည်သို့ရနိုင်ကြောင်း နားမလည်ကြ၍ ကျမ်းစာကိုဖတ်သည်ထက် ကျမ်းစာအကြောင်းရေးသားထားသော စာအုပ်များကို လွယ်လင့်တကူဖတ်ကြသည်။ ယခုသင့်လက်၌ရှိနေသော ဤစာအုပ်သည် သမ္မာကျမ်းစာအကြောင်း ရှင်းလင်းချက်ထုတ်နေသော စာအုပ်မဟုတ်ပါ။ ကျမ်းစာက သင့်ကိုဖွင့်ပြပေးမည့် အခြေအနေရောက်အောင် သင်ကိုယ်တိုင်ဖတ်ရှုဖို့ ခွန်အားပေးတိုက်တွန်းသော စာအုပ်ဖြစ်ပါသည်။ သို့လျှင် သင့်ဘဝမှာ ဝမ်းမြောက်ခြင်းနှင့်ပြည့်စုံလာပြီး ဘုရားသခင်နှင့် ဆက်ဆံ





ရေးအခြေအနေ အထူးကောင်းမွန်လာပေမည်။

ကျွန်ုပ်သည် ခရစ်ယာန်အများစုအား သူတို့ယုံကြည်ခြင်း အဟာရဖြစ်စေဖို့ ကျမ်းစာကို စတင်ဖတ်ရန် အစဉ်ပြောလေ့ရှိပါသည်။

***"မိမိနားလည်နိုင်သလောက် ဖတ်နေရင်း မကြာခင် နားမလည်သောအရာများ တွေ့လာသည့်တိုင် ဆက်၍ဖတ်ပါ။ သင်နားလည်သောအရာက နားမလည်နိုင်သော တစုံတရာအတွက်ပြန်၍ အထောက်အကူပြုပါလိမ့်မည်။"***

ထိုအရာသည် သင့်ကို စိတ်ဝင်စားမှုဖြစ်စေပါသလား။ တနည်းအားဖြင့်ဆိုရလျှင် မည်သို့ပင်ဖြစ်စေ အားမလျှော့ပါနှင့်။ ကမ္ဘာနှင့်အဝှမ်းလူတို့သည် မိမိတို့၏ အတွေးအခေါ်ပညာရပ်တိုးတက်ဖွံ့ဖြိုးရန် အတွက် စာသင်ခန်း၊ လက်တွေ့ခန်း၊ စာကြည့်တိုက် စသည့်နေရာတို့မှ အတွေးအခေါ် ပိုင်းဆိုင်ရာဘာသာရပ်ကို ကျွမ်းကျင်အောင် ကြိုးစားအားထုတ်နေကြရသည်။ ထိုနည်းတူ ကျမ်းစာအုပ်ကို ဘာသာရေးစာအုပ် အဆင့်လောက်ထား၍ ဖတ်ရှုကြလျှင် ဘာသာရေးအတွေးအခေါ်သာရပေမည်။

*"ဉာဏ်သည် ထောင်လွှားစေတတ်၏။ မေတ္တာမူကားတည်ဆောက်တတ်၏။"* ၁ကော ၈း၁

ဘုရားရှင်၏စကားကို ဂဃနဏ နားမလည်လျှင် ဝိညာဉ်ရေးတည်ဆောက်မှု မဖြစ်စေဘဲ ကျမ်းစာဆိုင်ရာသိမှု ပညာမာန်မာန၌ထောင်လွှားလာပေမည်။ နေ့စဉ်ဘုရားသခင်နှင့် အချိန်ယူပြီး ယုံကြည်ခြင်းတိုးပွားရန် ဘုရားသခင်ပြင်ဆင်သော ဝိညာဉ်အဟာရကို မှီဝဲသင့်ပါသည်။

ကျမ်းစာကို ဘာသာရပ်တစ်ခုအဖြစ် ဖတ်သောသူတို့သည် အသိပညာ၌သာတိုးတက်လာမည်။ မိမိတို့၏ လက်တွေ့အသက်ရှင်ရာ

ဘဝမှ ဝိညာဉ်ရေးအဟာရဖြစ်လာပြီး နှုတ်ကပတ်တော်၏ နက်နဲမှုကို တွေ့ရှိသော ဝမ်းမြောက်သည့် ယုံကြည်သူများဖြစ်လာကြသည်။ သူတို့သည် ဘုရားသခင်နှင့်မိဿဟာရ တိုးတက်လာပြီး စစ်မှန်သောကိုးကွယ်ခြင်းနှင့် အသီးသီးသောအသက်တာကို တွေ့ရှိလာကြမည်။

မိမိစိတ်နှလုံးကိုငှင်း၊ ကျမ်းစာအုပ်ကိုငှင်း ဖွင့်လှစ်၍ အထံတော်သို့ ဝင်ခြင်းသည် ပြောင်းလဲသော ခရစ်ယာန်တိုင်းအတွက် အံ့သြဖွယ်အခွင့်အရေးဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ခရစ်တော်ကို သိခြင်းနှင့် ကိုယ်တော်ကို ချစ်သောစိတ်တိုးပွါးစေနိုင်ရန်နှင့် ဝိညာဉ်အဟာရဖြစ်စေဖို့ ကျမ်းစာဖတ်သောနည်းလမ်း၌ မည်သည့်နည်းလမ်းသည် အကောင်းဆုံးဖြစ်သနည်း။ အတူအကွ သီးသန့်အချိန်သတ်မှတ် လုပ်ဆောင်ခြင်းသည် အကောင်းဆုံးနည်းဟု ယူဆနိုင်သည်။

ထိုအချိန်တွင် ဘုရားသခင်နှင့်စကားပြောနိုင်သည်။ ဘုရားသခင်က ကျမ်းစာအားဖြင့် ပြန်၍စကားပြောပါသည်။ ဘုရားသခင် မိန့်တော်မူသမျှအတိုင်း ကျင့်ကြံအားထုတ်လျှင် ကျမ်းစာနှင့်အညီ ဆုတောင်းလာနိုင်ပေမည်။

ကျမ်းစာနှင့်အညီ ဆုတောင်းခြင်းဆိုသည်မှာ မိမိတို့ ဖတ်သမျှကျမ်းစာဝေါဟာရကို အသုံးပြုပြီး ဆုတောင်းခြင်းဖြစ်သည်။ အလိုတော်နှင့်အညီ ဆုတောင်းတတ်လာပြီး စိတ်ချမှုတိုးပွားလာကာ အခြေအနေအမျိုးမျိုး၌ ဝမ်းမြောက်နိုင်မည်ဖြစ်သည်။

ဝိညာဉ်တော်သည် ကျွန်ုပ်တို့၌ နှုတ်ကပတ်တော်ကို အသက် ရှင်စေသောကြောင့် စိတ်နှလုံး၌ စွဲမြဲစွာခံယူရမည်။ ထိုသို့ ကျမ်းစာနှင့်အညီ





ဆုတောင်းကြလျှင် ကျွန်ုပ်တို့အတွက် ကိုယ်တော်၏အကြံအစည်တော်ကို တိုး၍ နားလည်ခြင်းဖြင့် မိဿဟာရခိုင်မြဲလာပေသည်။

စစ်မှန်စွာ ဆုတောင်းခြင်းသည် အလိုတော်ကို ကျွန်ုပ်တို့ထံမှ လွဲချော်စေခြင်းထက် မိမိဆန္ဒသည် အလိုတော်နှင့်ကိုက်ညီဖို့ လုပ်ဆောင်ခြင်းဖြစ်သည်။ ယောရှုသည် ဣသရေလတို့အား ယော်ဒန်မြစ်တဖက်သို့ ပို့ဆောင်ပြီးသောအခါ တဖက်ကမ်းတွင် သူနှင့်မသိသော လူစိမ်းတစ်ဦးနှင့် ရင်ဆိုင်တွေ့ရသည်။ ဘုရားသခင် ချမှတ်သည်အတိုင်း ယောရှုသည် ခါနန်ပြည်ကို သိမ်းပိုက်ပြီး ရုပ်တုဆင်းတုများကို ရှင်းလင်းပစ်ရမည်။ ထိုကြောင့် ယောရှုသည်ဓါးကိုင်ထားသော ထိုလူစိမ်းကို မေးရသည်။ "*သင်သည် ငါတို့ဖက်၌နေသောသူလော၊ ရန်သူဖက်၌ နေသောသူလော*" လူစိမ်းက "*ထိုသို့မဟုတ်*" ဟု ပြန်ဖြေပါသည်။ ထိုသူသည် ဘက်လိုက်သောသူမဟုတ်ကြောင်း ယောရှုသိလိုက်ပါသည်။ "*ထာဝရဘုရား၏ ဗိုလ်ခြေကို အုပ်စိုးသော ဗိုလ်မှူးဖြစ်၍ ယခုငါလာသည်* "ဟု ပြန်ဖြေခြင်းကြောင့် အဖြေကို ရှင်းစွာသိလိုက်ပါတော့သည်။

ထိုသူသည် ဘက်လိုက်၍ ရပ်တည်ဖို့ထက် အခြေအနေကို ထိန်းချုပ်မည့်သူဖြစ်ကြောင်း ယောရှုသိလိုက်သည်။ "*သင့်ခြေနင်းကို ချွတ်လော။ သင်နင်းသောအရပ်ကား မြေမြတ်ဖြစ်သည်*" ယောရှု ၅း၁၃-၁၅ ထိုအခါ ယောရှုသည် ကောင်းကင်ဗိုလ်ခြေအပေါင်းကို အုပ်စိုးသောသူ၏ ရှေ့မှောက်၌ ရောက်နေကြောင်း သိလိုက်ပါတော့သည်။

ထိုနည်းတူ မိမိတို့ ဆုတောင်းသောအခါ မိမိတို့အလိုရှိသမျှကိုသာ တင်ပြပြီး ကိုယ်တော်ကို ကျွန်ုပ်တို့နှင့်အတူရှိဖို့ တောင်းဆိုနေရခြင်းမဟုတ်ရပါ။ သန့်ရှင်းရာရှေ့တော်မှောက်၌ ရောက်နပြီဖြစ်၍ ဦးချပျပ်

ဝပ်လျှက် အလိုတော်နှင့်အကြံအစည်တော်အတိုင်း ဝန်ခံ၍ လိုက်လျှောညီထွေစွာ ဆုတောင်းကြရပါမည်။

ကျမ်းစာနှင့်အညီ ဆုတောင်းခြင်းသည် အလိုတော် အကြံအစည်တော်နှင့် လိုက်လျှောညီထွေခြင်းဖြစ်သည်။ မိမိတို့အလိုဆန္ဒရှိသမျှကို ကျမ်းစာနှင့်အညီ ဆုတောင်းကြလျှင် ထူးခြားသော အတွေ့အကြုံ များကို တိုး၍ ခံစားရမည်ဖြစ်သည်။ သင်တို့သည် ဘုရားသခင်၏စကားကို အမှန်တကယ်ကြားနာလိုသောစိတ်ဖြင့် ဆုတောင်းပြီး ကျမ်းစာကို ဖတ်ကြလျှင် "*ကျေးဇူးတော်၌၎င်း ငါတို့ကို ကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌၎င်း ကြီးပွားကြလိမ့်မည်။*" (၂ပေ ၃း၁၈)

ဟေရှာယ၏ ဖေါ်ပြချက်အတိုင်း ဘုရားသခင်၏အသံတော်ကို အမှန်တကယ် နားထောင်လိုစိတ်ရှိပြီး ကြားနာကြလျှင် ကိုယ်တော်ပြောသမျှ၌ ကျွန်ုပ်တို့ကျေနပ်အားရကြပေမည်။



## ဝိညာဉ်ရေးစစ်ဆေးချက်

၁။ ကျွန်ုပ်သည် ဒုတိယအကြိမ်မွေးသော ခရစ်ယာန်တစ်ယောက်ဖြစ်လာခဲ့သည်မှာ မည်မျှကြာပြီနည်း။

၂။ ယခု ကျွန်ုပ်လုပ်ဆောင်သည်ထက် ဘုရားရှင်နှင့်ရင်းနှီးစွာ မိဿဟာရဖွဲ့ခြင်း၌ ကျေနပ်အားရခြင်းရှိခဲ့ပါသလား။

၃။ လွန်ခဲ့သော ငါးနှစ်အချိန်နှင့် ယခုအချိန်ကို နှိုင်းယှဉ်ပြီး ဘုရားသခင်နှင့် သီးသန့်အချိန်ယူပါသလား။ မိမိအလိုဆန္ဒနှင့်ဘုရားသခင်၏လမ်းညွှန်မှုကို ကောင်းစွာခွဲခြား သိမြင်ပြီလား။

အိုအဖ နာခံမှုရှိရန် သွန်သင်တော်မူပါ။

အစဉ်မပြတ် နှောက်ယှက်လျှက်ရှိသော ကြမ်းတမ်းသောအသံများ ကြားနေရသောကြောင့် ဆူညံလျှက် ကျွန်ုပ်နားသည်လည်း ငြီးငွေ့နေပါပြီ။

သူငယ်ရှာမွေလ၏ စိတ်ဝိညာဉ်ကဲ့သို့ အစေခံကျွန်၏ နှလုံးသားကို စကားပြောတော်မူပါ။

ထိုကဲ့သို့သော စကားသံများကို ကျွန်ုပ်နှလုံးသားမှလည်း ကြားသိစေပါ။

ဘုရားရှင်၏ အသံတော်ကိုလည်း ရင်းနှီးကျွမ်းဝင်မှုစေပြီး

ကမ္ဘာကြီး၏ သေဆုံးပျောက်ကွယ်တော့မည့်အသံတို့နှင့်လည်း သိကျွမ်းစေတော်မူပြီ။

ဘုရားရှင်၏ စကားသံကိုလည်း ဂီတသံကဲ့သို့ကြားစေပါ။

အာမင်

**A.W. Tozer**



**အခန်း(၂)**

## ဦးခေါင်းနှင့်နှလုံးသား

နှစ်ပေါင်းအတော်ကြာခဲ့ပြီဖြစ်သည်။

ကျွန်ုပ်၏ဇနီးဒေါ်ရသီသည် ကင်ညာနိုင်ငံတောင်ပိုင်းတွင် ကျင်းပသော သင်းအုပ်ဆရာများနှင့်သူတို့၏ဇနီးများအား ကျမ်းစာသင်ဖို့ ရောက်ရှိလာကြသည်။ ထိုနေ့ ည ၇း၀၀ နာရီတွင် အစည်းအဝေး စမည်ဖြစ်ရာဒေသခံ သင်းအုပ်ဆရာများသည် မနက် ၄း၀၀ နာရီ ကတည်းက မိမိတို့ရွာမှလာခဲ့ကြရသည်။ အီကွေတာနှင့် နီးပြီးအလွန်ပူပြင်းကာ မိုးခေါင်၍ အစာခေါင်းပါးခြင်းနှင့် ခရီးကြမ်းတစ်လျှောက်ကို ဖြတ်သန်းလာခဲ့သော ထိုသင်းအုပ်ဆရာတို့သည် ကျမ်းစာကို အလွန်လေ့လာချင်သော သူများ ဖြစ်ကြသည်။

ထိုသင်းအုပ်ဆရာများ၏ ၆၀ - ၇၀% လောက်သည် ကိုယ်ပိုင်ကျမ်းစာအုပ် မရှိကြောင်းကို သိလိုက်ရပါသည်။ တစ်ချို့မှာ လွန်ခဲ့သောနှစ်နှစ် သုံးနှစ်ခန့်က ပြောင်းလဲလာကြပြီး သူတို့၏သက်သေခံချက်ကြောင့် အသင်းတော်အသစ်များစွာ တိုးပွားလာကြောင်းတွေ့ရသည်။

အစည်းအဝေးစသောအခါ ကျွန်ုပ်တို့သည် ထိုသင်းအုပ်ဆရာတို့၏ လက်ထဲသို့ ကျမ်းစာအုပ်တစ်အုပ်စီပေးနိုင်ခဲ့သည်။ ရက်အနည်းငယ်သူတို့ကို သွန်သင်နိုင်ခဲ့သည်။ သင်တန်း၏ ဦးတည်ချက်မှာ ယခုသင်တို့လက်ထဲ၌ ကျမ်းစာအုပ် တစ်အုပ်စီရှိပြီ၊ ကျမ်းစာသည် လက်ထဲမှနေ၍ ခေါင်းထဲသို့ မရောက်လျှင် ဘုရားသခင်ထံမှ ကောင်းကြီးမင်္ဂလာခံစားရမည် မဟုတ်ပါ။ ဤအစည်းအဝေး ရက်ပိုင်းလောက်နှင့်လည်း ကောင်းကြီးကြွယ်ဝမှု မရနိုင်သေးပါ။ ကျမ်းစာသည် ဘုရားသခင်၏စကားအားဖြင့် သင်တို့ စိတ်နှလုံးထဲ၌ အသက်ရှင်လာပြီဆိုလျှင် ကောင်းကြီးကြွယ်ဝပေမည်။ ထို့ကြောင့် ကျမ်းစာကို သင့်လက်ထဲမှခေါင်းထဲသို့၊ ခေါင်းထဲမှတဆင့် စိတ်နှလုံးထဲသို့၄င်း ရောက်ရှိအောင်လေ့လာရမည်။

ကျွန်ုပ်ငယ်စဉ်က နေထိုင်ခဲ့သော အင်္ဂလန်မှ အိမ်ကို သတိယမြင်ယောင်နေခဲ့သည်။ ကျွန်ုပ်အိမ်နှင့် သိပ်မဝေးလှသော ခါတ်မီးတိုင်အောက်၌ (၁၄) နှစ် အရွယ် Bob Flint ဟူသော လူငယ်လေးတစ်ယောက်ပြောင်းလဲခဲ့သည်။ သူ၏ဘဝသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသည်။ ငွေကြေး မပြည့်စုံသောကြောင့် ကျောင်းထွက်ပြီး ဆောက်လုပ်ရေးလုပ်ငန်းတစ်ခု၌ ဝင်ရောက်လုပ်ကိုင်ခဲ့ရသည်။

Bob ခရစ်ယာန်ဖြစ်လာပြီး နေ့စဉ်အလုပ်မသွားမီ ကျမ်းစာဖတ်ရန် ကျွန်ုပ်စည်းရုံးနိုင်ခဲ့သည်။ သူ၌ နောက်ခံမိခင်အသင်းတော် မရှိ





သော်လည်း ဘုရားသခင်နှင့် နေ့စဉ်အချိန်ယူပြီး ဝိညာဉ်ရေးကြီးထွားအောင် လုပ်ဆောင်နိုင်ခဲ့သည်။

Bob အသက် (၁၇) နှစ် အရွယ်တွင် စာပေးစာယူကျမ်းစာသင်တန်းတစ်ခုမှ ဒံယေလအနာဂတ္တိကျမ်းကို ထူးချွန်စွာ အောင်မြင်ခဲ့သည်။ (၁၈) နှစ်အရွယ်တွင် စစ်ထဲသို့ ဝင်သော်လည်း ဘုရားသခင်အတွက် စိတ်အားကြီးခဲ့သည်ကို နောင်တွင်သိရှိရသဖြင့် ကျွန်ုပ်အလွန်ဝမ်းမြောက်မိပါသည်။ သင်တန်းမှ မိမိနှင့်ရွယ်တူ စစ်သား (၁၇) ဦးနှင့်လည်း တစ်ဦးချင်းအချိန်ယူ ဆုတောင်းခဲ့သည်။ ထို့ကြောင့် ထိုစစ်သားများသည်လည်း ဘုရားရှင်၌ ခိုလှုံလာကြသည်။ စစ်မှုထမ်းသက်တန်းကုန်ခါနီးတွင် သာသနာပြုသင်တန်းတက်ရောက်ရန် ဆင့်ခေါ်ခြင်းကို ခံရသည်။ သို့သော်လည်း နောက်ဆုံးစစ်ဆင်ရေးအတွက် ဂျာမဏီနိုင်ငံသို့အသွား လေယာဉ်ပျက်ကျကာ ခေါ်တော်မူခြင်းခံခဲ့ရသည်။

ပျက်ကျသော လေယာဉ်အပိုင်းအစများအနီးတွင် Bob ၏ ကျောပိုးအိပ်ပွင့်နေပြီး ဝေစာများ ဂျာမန်ကျေးရွာများတစ်လျှောက် ပြန့်ကြဲနေခဲ့သည်။ နှုတ်ကပတ်တော်သည် Bob ၏ လက်ထဲမှနေ၍ ခေါင်းထဲသို့၄င်း၊ ခေါင်းထဲမှနေ၍ သူ၏စိတ်နှလုံးထဲသို့၄င်း၊ နောက်ဆုံးသူ့စိတ်နှလုံးထဲမှ အခြားသူတို့၏ စိတ်နှလုံးထဲသို့တိုင် အမှန်တကယ်ရောက်ရှိခဲ့ပါသည်။ သူသေဆုံးခဲ့သော်လည်း ဘုရားသခင်နှင့်ရင်းနှီးစွာ အတူတကွရှိဖို့ အထံတော်၌ ရောက်ရှိသွားခြင်းဖြစ်သည်။

Bob ကဲ့သို့ များစွာသောသူတို့သည် မိမိတို့အသက်တာခရီးလမ်းအောင်မြင်စွာ လျှောက်လှမ်းနိုင်ဖို့ ကျမ်းစာသင်တန်းတက်ရန် ဆန္ဒရှိသည်။ သို့သော် အလွန်ပူပြင်းသော အီကွေတာ၏ အနီးဆုံးဒေသမှာ

ကျမ်းစာသင်ယူဖို့ နေပူထဲ ခရီးထွက်ရသော အာဖရိကလူမျိုးများကဲ့သို့ အပင်ပန်းမခံလိုကြပါ။ မည်သည့်အခြေအနေရှိနေစေကာမူ ကျမ်းစာအား ဖြင့် မိမိတို့ စိတ်နှလုံးသဏ္ဌာန်ပြောင်းလဲမှုတစ်ရပ် ရှိသင့်ပါသည်။

ကျွန်ုပ်၏ခရစ်ယာန်အသက်တာ အစောပိုင်းက ကျမ်းစာသင်တန်း တက်ခြင်းနှင့် ဘုရားသခင်နှင့် တစ်ဦးတည်းအချိန်ယူခြင်းတို့ကြား ကွဲ ပြားခြားနားမှုကို သိရသောကြောင့် ကျေးဇူးတော်ချီးမွမ်းမိပါသည်။ ဦးနှောက်အသိဉာဏ်နှင့် စိတ်နှလုံးခံယူချက် နှစ်မျိုးစလုံးသည် ကျမ်းစာ လေ့လာရန် အရေးကြီးသော်လည်း နှလုံးသားဆက်ကပ်မှု မပါသော ဦးနှောက်အသိဉာဏ်သည် ဝိညာဉ်ရေးကြီးထွားမှု မဖြစ်နိုင်ကြောင်း နား လည်ရပါသည်။

## ဦးခေါင်း

### ကျမ်းစာလေ့လာခြင်း - ယင်း၏ရည်ရွယ်ချက်နှင့်ပြဿနာများ

*"သင်မူကား၊ ဝန်ခံသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက် ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှါ၊ ကြိုးစားအားထုတ် လော့"*(၂တိ ၂း၁၄)

အခြေခံ ကျမ်းစာလေ့လာခြင်းဖြင့် ကျမ်းစာပါ အကြောင်းတရား တို့ကို သိကျွမ်းရန် ခရစ်ယာန်တို့သည် အချိန်ကို ရင်းနှီးရသည်။ ကျမ်းစာ သင်ကြားခွင့်ကြုံလာလျှင် လက်လွတ်မခံသင့်ပါ။ ဘုရားသခင်၏ နှုတ်က





ပတ်တော်နှင့်ရင်းနှီး အောင် သင်ယူရပေမည်။ ထိုသို့ ကျမ်းစာလေ့လာ ခြင်း အတွေ့အကြုံသည် ဘုရားသခင်နှင့် အချိန်ယူသောအခါ သင့်ကို အထောက်အကူပေးလိမ့်မည်။

သင်းအုပ်ဆရာနှင့် ကျမ်းစာသင်သူတို့သည် အသင်းတော်အ ကျိုးအလို့ငှါ ဘုရားသခင် ခန့်အပ်ထားသော သူများဖြစ်ကြသည်။ သင်း အုပ်ဆရာတစ်ဦး၏ မွန်မြတ်သောအလုပ်မှာ အသင်းသားများအား ယုံကြည်သူတို့ ခံစားရမည့်အကျိုးများကို ကျမ်းစာပါဖြစ်ရပ်အကြောင်း တို့မှ သင်ကြားပေးခြင်းဖြစ်သည်။ ထိုနည်းအားဖြင့် သင်းအုပ်ဆရာသည် အသင်းသားများအား ဘုရားဝတ်၌ မွေ့လျော်ခြင်းရန်နှင့် ဝိညာဉ်ရေး၌ အစဉ်ရှင်သန်နေကြရန် တိုက်တွန်းနှိုးဆော်နိုင်သည်။

ကျွန်ုပ်ဓမ္မပညာသင်ကြားရေး၌ ဆရာအဖြစ် တာဝန်မထမ်း ဆောင်မီက သင်းအုပ်ဆရာငါးဦးတို့၏ သင်ကြားပေးမှုကို ခံယူခဲ့ရပါ သည်။ ထိုအထဲမှ လွန်ခဲ့သော နှစ်အနည်းငယ်က Inter- Varsity Theological Student's Conference ၌ သင်းအုပ်ဆရာဝီလျံသည် ကျွန်တော်တို့အား ဓမ္မပညာသင်ကြားပေးခဲ့ဖူးသော ဆရာတစ်ဦးဖြစ်ပါ သည်။ သူသည် စကော့တလန်နိုင်ငံ Aberdeen အသင်းတော်၌ လေး ဆယ့်ငါးနှစ်တာ အမှုတော်ဆောင်ခဲ့ပြီး ယနေ့ထိတိုင် ထင်ရှားကျော်ကြား လျက်ရှိသည်။ သူသည် အသင်းတော် အပြင်ဖက်အထိ ထိုးဖေါက် သာ သနာပြုခဲ့ရာ လူများစွာ ပြောင်းလဲလာကြပြီး ထိုသူတို့သည် ယနေ့အမှု တော်မြတ်၌ ပါဝင်နေကြသည်။ သင်းအုပ်ဆရာဝီလျံသည် ကျမ်းစာ ကျောင်းသားများအား ဤသို့တိုက်တွန်းဝေငှခဲ့သည်။

***"သင်းအုပ်ဆရာဆိုသည်မှာ သိုးများကို အစာမစားချင်သည်***

သင်သောဆရာကို အစားထိုး၍ မရပါ။ ထို့အတူ ကျမ်းစာလေ့လာရသော အခွင့်အရေးကိုလည်း လစ်လျူမထားသင့်။ သမ္မာကျမ်းစာအတိုင်း အသက်ရှင်သော အသင်းတော်တစ်ပါးပါး၌ ပါဝင်မိဿဟာရဖွဲ့ရန်လည်း လိုအပ်ပါသည်။

သင့်အခြေအနေမည်သို့ပင်ရှိနေပါစေ အခြေခံကျမ်းစာလေ့လာခြင်းအတွက် အောက်ပါတို့သည် သင့်ကို အထောက်အကူပြုပါလိမ့်မည်။

Myles Coverdale သည် ကျမ်းစာလေ့လာရာ၌ အထောက်အကူပြုစေသည့် အောက်ပါမေးခွန်းများကို ဖော်ပြခဲ့သည်။ သင်သည် ကျမ်းစာ၏ ဆိုလိုရင်းကို ပို၍နားလည်နိုင်ဖို့ အောက်ပါအတိုင်း လေ့လာလျှင် အကျိုးရှိပါလိမ့်မည်။

ကျမ်းပိုဒ်တို့သည် -

- မည်သူကို ရည်ညွှန်းပြောဆိုသနည်း။
- မည်သူ့ကို တိုက်ရိုက်ပြောသနည်း။
- စာရေးသူသည် မည်သည့် စကားလုံးကို သုံးသနည်း။
- မည်သည့်အချိန်၌ ရေးခဲ့သနည်း။
- မည်သည့်နေရာ၌ ရေးခဲ့သနည်း။
- မည်သည့် ရည်ရွယ်ချက်ဖြင့် ရေးခဲ့သနည်း။
- မည်သည့် အခြေအနေ၌ ရေးခဲ့သနည်း။
- ကျမ်းပိုဒ်သည် ဖြစ်ပျက်ပြီးသောအကြောင်းအရာနှင့်ဖြစ်လာမည့်အခြေနေ၌ မည်ကဲ့သို့ဆက်စပ်သနည်း။

သင်သည် ကျမ်းစာကို လေ့လာရာ၌ အထက်ပါနည်းတို့ကို အ



***တိုင်ကျွေးမွေးရမည်။ ဆိတ်များကို ပြုစုကျွေးမွေးသူမဖြစ်ရပါ။ ဆိတ်ကို ကျွေးမွေးပြုစုသူသည် ဆိတ်အချင်းချင်းဖြစ်သည်။ ထိုအရာကို ဆိတ်ခြံထဲတွင်သာ ပြုလုပ်စေပါ။ သင်သည် ဆိတ်ကို သိုးအဖြစ်မပြောင်းလဲနိုင်ပါ။ သိုးများကို အမျိုးအစားအလိုက် စုစည်းနေထိုင်စေပြီး ဆိတ်သဏ္ဍာန်မပေါ်ပေါက်အောင် ဦးစီးလုပ်ဆောင်နိုင်သောသူသည် သင်းအုပ်ဆရာတစ်ပါး၏ အကောင်းဆုံးအရည်အချင်းနှင့်အသီးအပွင့်ဖြစ်ပါသည်။"***

သင်သည် ဒုတိယအကြိမ်မွေးဖွားပြီးလျှင် သစ္စာရှိပြီးကောင်းကြီးခံစားရသော အသင်းတော်တစ်ပါး၌ အသင်းသားအဖြစ် ခံယူခြင်းသည်လည်း အလွန်အရေးကြီးပါသည်။ သင်၌ ကောင်းကြီးမင်္ဂလာဖြစ်လာပါမည်။

သင်တို့သည် ဤစာအုပ်ကို ဖတ်၍ သင်းအုပ်ဆရာ၏ ညွှန်ကြားချက်ကို လက်ခံချင်စိတ်ရှိမည်မဟုတ်ပါ။ သို့သော် သင်သည်ဆရာများ၏ သင်ကြားမှုကို ရသည့်တိုင် ဘုရားသခင်အလိုရှိသော နေ့စဉ်ကိုယ်တော်နှင့်တစ်ဦးတည်း အချိန်ယူခြင်းမှရရှိမည့် ဝိညာဉ်အစာများနေရာ၌ ဦးဈောက်အသိဉာဏ်ဖွံ့ဖြိုးဖို့ကို အစားမထိုးမိစေရန် သတိပြုရပေမည်။

ကျွန်ုပ်တို့ သင်ယူခဲ့သည့် ဓမ္မအသိပညာများဖြစ်စေ၊ ကိုယ်တိုင်အချိန်ယူလေ့လာခဲ့သော ဘုရားရှင်၏ နှုတ်ကပတ်တော်များဖြစ်စေ၊ ကျွန်ုပ်တို့ ဘုရားရှင်နှင့် နှစ်ဦးတည်းအချိန်ယူခြင်းမှ ရရှိလာမည့် ဝိညာဉ်အစာများသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့နှလုံးသား၌ ကိန်းဝပ်နေသည့် နှုတ်ကပတ်တော်စကားများ၏ နေရာ၌ ဝင်ရောက်နေရာယူ၍ မရနိုင်ကြောင်း သိရှိထားရမည်ဖြစ်သည်။

ဘုရားသခင်နှင့် တစ်ဦးတည်း အချိန်ယူခြင်းနေရာ၌ ကျမ်းစာ

သုံးပြုလျှင် ကျမ်းစာတစ်အုပ်လုံး၌ ရေးထားသမျှတို့ကို နားလည်ကာဝမ်းမြောက်ခြင်းလည်းတိုးပွားပြီးလာပေမည်။ အနာဂတ္တိစကားနှင့် ပရောဖက်ပြုချက်တို့အကြောင်း ပြီးပြည့်စုံခြင်းရှိမရှိကိုလည်း သိလာပေမည်။

ဘုရားသခင်၏ ဖန်ဆင်းခြင်းရည်ရွယ်ချက်၊ သမိုင်းတစ်လျှောက် အရေးပါမှု၊ ကယ်တင်ခြင်း၊ လူဇာတိခံ ကြွလာသော သခင်ယေရှုပုံသက်သေကောင်းတို့ကို စေ့စေ့ကြည့်မြင်သိကျွမ်းမှသာ ကောင်းကြီးများ ခံစားရပေမည်။ သမ္မာတရားအသိပညာသည် အမှန်တကယ် ဆွဲဆောင်မှုရှိပြီး ယုံကြည်သူ အယောက်စီတိုင်းဖြင့် ကြိုးစားအားထုတ်လေ့လာသင့်ပါသည်။

## နှလုံးသား

### ဘုရားနှင့်အချိန်၊ လမ်းမှန်ပြခြင်းနှင့်ညွှန်ကြားပေးခြင်း

ဘုရားသခင်သည် သူ့အား နာမ်ဝိညာဉ်နှင့်၄င်း၊ သစ္စာနှင့်၄င်း ကိုးကွယ်ဖို့ အလိုတော်ရှိရာ အသိဉာဏ်နှင့် စိတ်နှလုံးပူးပေါင်းပြီး ဘုရားသခင်နှင့် မိဿဟာရဖွဲ့ရပေမည်။

အခြေခံကျမ်းစာလေ့လာခြင်းသည် သင့်ကို ကျမ်းစာအသိတရားမျှသာပေးလျှင် အကျိုးကျေးဇူးနည်းပါးပေသည်။ လက်တွေ့လိုက်လျှောက်မှု အသက်တာ မပါသော ဦးဏှောက်အသိတရားသည် ယနေ့ခရစ်ယာန်တို့အတွက် ပြဿနာတစ်ရပ်ဖြစ်သည်။

ခရစ်ယာန်တို့သည် ကျမ်းစာအကြောင်းကို အလွန်သိသော်လည်း





ထိုအံ့ဘွယ်အသိတရားအလင်းကို လိုက်မလျှောက်ကြသည်မှာ အလွန်ဝမ်းနည်းဖွယ်ကောင်းပါသည်။ ကျမ်းစာအသိတရားကို သော့ခတ်သိမ်းထားပြီး လောကီလမ်း၌ မိုက်မဲစွာလျှောက်နေကြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အသက်တာ၏ ပြုမူကျင့်ကြံတွေးခေါ်မှုတို့နှင့် ကိုက်ညီမှုမရှိသည်မှာ ကြေကွဲဖွယ်ရာပင်ဖြစ်သည်။

နှုတ်ကပတ်တော်ကို လောကီနည်းဖြင့်၄င်း၊ အတွေးအခေါ် သို့မဟုတ် စိတ်ပညာရှုထောင့်မှ၄င်း၊ ယဉ်ကျေးမှုရှုထောင့်က၄င်း ခံယူကြလျှင် ရိုးသားဖြောင့်မတ်သော စရိုက်လက္ခဏာကို ပျက်ပြားစေသည်။ ကျွန်ုပ်တို့ကို ဤဆိုးညစ်သော လောကမှ လွတ်မြောက်အောင် ခရစ်တော်သည် အဖိုးအခများစွာ ပေးခဲ့ရာ ခရစ်တော်ကို ငြင်းပယ်သော မျိုးဆက်သစ်တို့၏ ခံယူချက်သည်လည်း ကျမ်းစာနှင့်ဆန့်ကျင်လျှက်ရှိသည်။

နှုတ်ကပတ်တော်သည် ဘယ်သောအခါမျှ လူ့ယဉ်ကျေးမှုစနစ်နှင့်တစ်ထပ်တည်းမကျပါ။ ဘုရားသခင်၏ အလိုတော်အတိုင်း လေ့လာခံယူလျှင် မိမိတို့ ဘဝအသက်တာသည် ဧကန်အမှန်ပြောင်းလဲကြပေမည်။ ဆာလံဆရာက နှုတ်ကပတ်တော်ကို ကျွန်ုပ်ဦးခေါင်းထဲ၌ သိုထားပါသည်ဟု ရေးမထားပါ။ ဆာလံ ၁၁၉း၁၁ တွင် “*ကိုယ်တော်ကို မပြစ်မှားဘဲ နေနိုင်မည်အကြောင်း၊ ဗျာဒိတ်တော်ကို နှလုံးထဲမှာ သိုထားပါပြီ*”ဟု ဖေါ်ပြထားပါသည်။ ဟစ်တလာသည် လူထု မိန့်ခွန်းဟောပြောပွဲများ၌ သမ္မာကျမ်းစာကို ကိုးကားခဲ့သော်လည်း ထိုကျမ်းစာသည် မိမိတမလွန်ဘဝအတွက် မည်သို့မျှအကျိုးမရှိပါ။ သူသည် ဦးဏှောက်အသိတရားနှင့်သာ လက်ခံပြီး နှလုံးသားထဲ မရောက်ပါ။

ဗျာဒိတ်တော်ကို နှလုံးထဲမှာ သိုထားပါသည်ဟူသော ဒါဝိဒ်

၏ဆိုလိုရင်းမှာ အဘယ်နည်း။ သူ၏စိတ်နှလုံးထဲတွင် သွေးကြောများ၊ အသားများကင်းမဲ့ပြီး ဟောင်းလောင်းဖြစ်နေခြင်းကို မဆိုလိုပါ။ မည်သူမှ ကျမ်းစာကို နှလုံးသားထဲ ထည့်ထား၍မရပါ။ စိတ်နှလုံးဟု ဒါဝိဒ်ပြောဆိုရာတွင် မိမိ၏အတွင်းလူ၏ ကျင့်ကြံဆောင်ရွက်မှုတို့ကို ရည်ညွှန်းစေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကျမ်းစာကိုဖတ်ပြီး ဘဝအသက်တာ၌ ဗဟိုပြု အခြေခံထားလျှင် ထိုကျမ်းစာ၏ ခွန်အားပေးခြင်း၊ သန့်ရှင်းစင်ကြယ်စေခြင်းတို့ကို အစဉ်အမြဲ ခံစားရပေမည်။

ကျွန်ုပ်သည် သီဩလော်ဂျီနှင့် အခြေခံကျမ်းစာလေ့လာသော ကျောင်းသားဘဝက ဘုရားသခင်နှင့် တစ်ဦးတည်းအချိန်ယူခြင်း၊ ကိုယ်တော်၏ စကားနာထောင်ခြင်းတို့အစား အခြားမည်သည့်အရာကိုမျှ အစားထိုး မရကြောင်းသိခဲ့ရသည်။ နှုတ်ကပတ်တော်သည် ကျွန်ုပ်၌ တရားစီရင် ခြင်းထက် ထိုနှုတ်ကပတ်တော်၏ တရားစီရင်ခြင်းရှေ့၌ ထိုင်ဖို့ ပို၍လွယ်ကြောင်း သိရသည်။

ကျွန်ုပ်တို့သည် တက္ကသိုလ်တက်စဉ်က ကျောင်းသင်ခန်းစာ အနက်ဖွင့်ခြင်း တစ်ခုအပေါ်မှာ ပျက်ရယ်ပြုခြင်း ပြုလေ့ရှိကြသည်။ "အကြောင်းအရာတစ်ခုသည် ပရောဖက်ဆာ၏ စာအုပ်မှ ကျောင်းသား၏ စာအုပ်ထဲသို့ နှစ်ဦးနှစ်ဖက်တို့၏ခေါင်းထဲဝင်ရောက်ခြင်းမရှိဘဲ ကူးပြောင်းသွားခြင်းဖြစ်သည်။"

ထိုနည်းတူ ကျမ်းစာသင်ကြားခြင်းသည်လည်း စိတ်နှလုံးယိုဖိတ်မှုမပါဘဲ သင်းအုပ်ဆရာ၏ ဦးခေါင်းထဲမှ အသင်းသားများ၏ ဦးခေါင်းထဲသို့ မရောက်နိုင်။ "*ငါတို့သည် ဝမ်းမြောက်စရာ သတင်းကို ထိုသူတို့ကဲ့သို့ကြားရပြီ။ သို့ရာတွင် သူတို့ကြားရသော တရားစကားသည်*





*ကြားရသော သူတို့အထဲ၌ ယုံကြည်ခြင်းနှင့် မရောနှောသောကြောင့် အကျိုးကို မပေး။*" (ဟေဗြဲ ၄း၂)

ပရောဖက်ယေရမိသက်သေခံချက်သည် ကျွန်ုပ်တို့အသက်တာ၌ ကောင်းကြီးခံစားစေဖို့ ရည်ရွယ်ကြောင်း ဖော်ပြနိုင်သည်။ ယေရမိ ၂၀း၉ တွင် "*ငါ့ အရိုးတို့၌ ချုပ်ထား၍ လောင်သောမီးကဲ့သို့ နှုတ်ကပတ်တော်သည် ငါ့နှလုံး၌ဖြစ်သောကြောင့် အလွန်ငြီးငွေ့သဖြင့် အောင့်၍ မနေနိုင်။*" ယနေ့ ခရစ်ယာန်တို့သည် နှုတ်ကပတ်တော်၏ စူးရှထက်မြက်မှုကို မခံစားကြရပါ။ ဦးနှောက်အသိတရားနှင့် နှလုံးသား ခံယူချက်တို့ ကွာဟမှု မရှိသလို ဘုရားသခင်၏အသံတော်နှင့် ယုံကြည်သူဘဝကို ခွဲခြား၍မရပါ။ သို့သော် ကျွန်ုပ်တို့၏ သိခြင်းနှင့် လုပ်ဆောင်ခြင်း တို့သည် အနည်းငယ်မျှသာ ပူးတွဲညီညွတ်နိုင်သည်။

ကျမ်းစာသင်တန်းသည် လူ၏ စိတ်နှလုံးကို အမှန်လှုပ်ခါစေနိုင်လျှင် အကျိုးရရှိမည်။ ထိုသို့ဖြစ်လာလျှင် မိသားစုအကြံပြုအဖွဲ့၊ လူမှုထောက်ပံ့ရေးအဖွဲ့များအပေါ် အမှီပြုခြင်းမှလွတ်ကာ သင့်ဘဝအတွက် ဘုရားသခင် ရည်ရွယ်ကြံစည်ထားသမျှကို တွေ့ရှိလာပေမည်။ ဝိညာဉ်တော်သည် စိတ်နှလုံးထဲ ကိန်းအောင်းခြင်း တန်ခိုးကြောင့် ပညတ်တော်ကို ကျင့်ဆောင်နိုင်သည်။

တခါက ကျွန်ုပ်တရားဟောအပြီး အသင်းသားတစ်ယောက်က ကျွန်ုပ်ကို လာပြောသည်။

"ဆရာ့တရားဟောချက်က ကျွန်တော့်ကို စဉ်းစားစရာအကြောင်း တစ်ခုသင်ပေးလိုက်သလိုပဲ"

ထိုစကားကို ကြားရသောအခါ ကျွန်ုပ်၏တရားဟောချက်သည်

မိမိထင်သလို အကျိုးသက်ရောက်မှုမရှိကြောင်း သိလိုက်ရသည်။ နှုတ်က ပတ်တော်နှင့် လူ့အသိဉာဏ်တို့အကြား စဉ်းစားစရာတွေ ပေါ်လာသည်။ ထိုကြောင့်တရားဟောချက်သည် တရားနာပရိသတ်အတွက် စဉ်းစားတွေး တောစရာလား၊ အသက်တာပြောင်းလဲဖို့ရန်လားဟူသည့် အချက်နှစ်ချက် တို့ ကွဲပြားခြားနားနေပါသည်။

ထိုနည်းတူ ဘုရားသခင်နှင့် တစ်ဦးတည်းအချိန်ယူခြင်းသည် ယုံကြည်ခြင်း၊ နာခံခြင်း၊ အပြစ်ဝန်ချခြင်း၊ ကိုးကွယ်လိုသောဆန္ဒမပါဘဲ တိုးဝင်ချဉ်းကပ်ခြင်းတို့သည် အသီးသီးသော မိဿဟာရဖွဲ့မှု ဖြစ်လာ မည်မဟုတ်။

ဘုရားသားသမီးသည် ခေါင်းထဲ၌ ကျမ်းစာအသိတရားပြည့်ဝပြီး စိတ်နှလုံးထဲ၌ ဝိညာဉ်တော်၏ လှုပ်ရှားမှု ပဲ့တင်ထပ်နေပြီဆိုလျှင် ဘုရား သခင်နှင့် မိဿဟာရဖွဲ့ခြင်း၌ အမှန်ပင်မွေ့လျော်လာကြမည်။

ကျွန်ုပ်သည် ဓမ္မတက္ကသိုလ်သို့ သွားပြီးလျှင် ဧည့်သည်ဆရာ အဖြစ် အလည်သွားရောက်သောအခါတိုင်း ကျောင်းသားများကို ဤသို့ပြောပါ သည်။

**သင်တို့သည် ကျမ်းစာကိုသိဖို့ အတွက်သာ ဤနေရာ၌ လာ ရောက် ကျမ်းစာလေ့လာခြင်း မဟုတ်ပါ။ ကျမ်းစာထဲမှ ဘုရားသခင်ကို သိဖို့ ဤနေရာမှာ ကျမ်းစာလေ့လာခြင်းဖြစ်သည်။**

ရင့်ကျက်မှု မရှိသော ယုံကြည်သူတို့သည် ကျမ်းစာကောက်နှုတ် ချက်ကို လိမ္မာပါးနပ်စွာသုံးပြီး အသံတိတ်သက်သေခံခြင်းကို ပြုလုပ် ကြသည်။ ဘုရားကို ဦးစားမပေးဘဲ မိမိအတွေ့အကြုံကိုသာ ထုတ်ဖော်နေ လျှင် သင်နှင့်ဘုရား၏ မိဿဟာရ ရင်းနှီးမှုပါ ဆုံးရှုံးနိုင်သည်။





ဘုရားသခင်နှင့် စစ်မှန်စွာ မိဿဟာရဖွဲ့ခြင်းကို သန့်ရှင်းသော ဘုရားသခင် ရှေ့တော်မှောက် ကိုယ်တိုင်ရောက်ရှိမှသာ ဖြစ်နိုင်သည်။ ထိုသန့်ရှင်းခြင်းအလင်းသည် သင်နှင့် ဘုရားသခင်ဆက်ဆံရေးအကြား ရိုးသားပွင့်လင်းမှုကို ထင်ရှားပေါ်လွင်စေသည်။ ကျမ်းစာကိုဖတ်ပြီး သင့်စိတ်နှလုံးသည် သမ္မာတရားကို နာခံလိုက်လျှောက်လျှင် ထိုသမ္မာ တရားသည် ဘုရားကိုသိခြင်း တိုးပွားစေသည့် အဟာရဖြစ်ပေသည်။ "*အလင်းတော်ထဲမှာ အကျွန်ုပ်တို့သည် အလင်းကိုရကြပါ၏။*" ဆာလံ ၃၆း၉

နာခံမှုရှိသော အလင်းသည် ပို၍လင်းစေခြင်းငှါ ဆောင် ယူသည်။

နာခံမှုမရှိသော အလင်းသည် ထူထပ်သော မှောင်မိုက် ကို ဆောင်ယူသည်။

သင်သည် တစုံတဦးကို အကြံပေးရသည်မှာ ကိုယ်ကိုကိုယ်အကြံ ပေးခြင်းထက် ပို၍လွယ်ကူကြောင်း သိပြီးဖြစ်ပေလိမ့်မည်ဟု ကျွန်ုပ်ယူဆ ပါ၏။ ဟေရှာယဖော်ပြသော ခရစ်တော်၏နာမတော်တစ်မျိုးမှာ "အံ့သြ ဖွယ်တိုင်ပင်ဖက်"ဖြစ်သည်။ (ဟေရှာယ ၉း၆) ကိုယ်တော်သည် သက် သေခံသောသူတို့အား အစွမ်းသတ္တိကို ပေးသောအရှင်လည်းဖြစ်သည်။

သင်သည် မနက်တိုင်း ဘုရားသခင်နှင့်အချိန်ယူလျှင် တစ်နေ့ တာလုံး လုပ်ဆောင်ရမည့် အငန်းအတာများအတွက် ပြင်ဆင်မှုဖြစ်စေ သည်။ ကျမ်းစာဖတ်ခြင်းဖြင့် ဘုရာသခင်နှင့် တိုင်ပင်ရပြီး မည်သည့် အခြေအနေ၌မဆို သင့်ကို လမ်းညွှန်ပဲ့ပြင်မည်ဖြစ်ကြောင်း စိတ်ချနိုင် ပါသည်။

## ဝိညာဉ်ရေးရာစစ်ဆေးချက်

၁။ ကျမ်းစာဖတ်သောအခါ ဦးခေါင်းအသိတရားကဲ့သို့ စိတ်နှလုံး ဖြင့်တုန့်ပြန်ပါသလား။

၂။ ဆုတောင်းသောအခါ ဘုရားသခင်နှင့် အပြန်အလှန်ဆက်ဆံ ရေးမှန်ကန်မှုရှိပါသလား။

၃။ ဝိညာဉ်ရေးအတွက် လူနှင့်လည်းကောင်း၊ ဘုရားသခင်နှင့် လည်းကောင်း မည်သူ့ကို ဦးစားပေးတိုင်ပင်သနည်း။ ကျမ်းစာ အားဖြင့် ဆာလံ ၆၃

၄။ အမှုတော်ဆောင်ခြင်း၌ မိမိ၏ သက်သေခံချက်သည် နှုတ်က ပတ်တော်နှင့် ပြည့်နေသော်လည်း အသိတရားမှ၄င်း၊ ဘုရား သခင်၏ ချစ်ခြင်းမေတ္တာနှင့်လောင်မြိုက်နေသောနှလုံးသားမှ ၄င်း မည်သည့်အရပ်မှ ပေါ်ထွက်လာသနည်း။

(သတိပေးချက် - ဆာလံ ၁၀၆း၄၃)



---

ဤကဲ့သို့သောအပြစ်များ

- အပြစ်များကို လွန်ကျူးမိသည်အတွက်အကြိမ်များစွာ ဝန်ချပါ၏။
- ဝတ်ပြုဆုတောင်းသည့်အချိန်၌လည်း ဂရုပြုပေ တကိုယ်ကောင်းဆန်အတွက် မြင့်မြတ်စွာ လုပ်ဆောင်ပေး မာနသည်လည်း ဘုရားရှင်ဖြတ်သွားသောအခါ ပျင်းရိခြင်းဆိုသည့် ဝိညာဉ်လည်း အမှောင်ထဲ၌ သေဆုံးခဲ့ပါပြီ။
- ဘုရားရှင်၏ ကောင်းမြတ်ခြင်းကို မြည်းစမ်းသောအခါ အဆိပ်သင့်စေတတ်သော အစာကို တွယ်ကပ်သလို ကောင်းကင်ဘုံရဲ့စမ်းရေပေါက်မှ ဖြည့်ဆီးပေးသော အရာများအတွက်တောင့်တစွာဆုပ်ကိုင်ထား
- ကျွန်ုပ်နှလုံးသားမှ လိမ်လည်လှည့်ဖျားသောကြောင့် သောကရောက်နေပါတော့သည်
- နေ့စဉ်အသက်တာ၏ မှားယွင်းမှုအတွက် ငိုကြွေးမှုမရှိဘဲ ကောင်းစွာ အိပ်စက်ရ၊ သန့်ရှင်းစွာ နိုးထလာရခြင်းကြောင့် ကျွန်ုပ်၏ အပြစ်စွန်းကိုမြင်တွေ့ရပါ၏
- သင်ရဲ့နှစ်သိမ့်မှုသည် ယခုထက်တိုင်ကျဆုံးခြင်းမရောက်သေး အနာငြိမ်းစေခြင်းလဲရှိနေဆဲ၊ ဝမ်းနည်းမှုကိုမြင်တွေ့လဲ ဂရုဏာနှင့် ဖုံးလွှမ်းပါသခင်
- အိုအဖ၊ သားတော်အားဖြင့် အပြစ်လွတ်ပေး ဝိညာဉ်တော်ကို ဆန့်ကျင်၍ ပြစ်ပြုခြင်းလည်း ရပ်တန့်ပါတော့မည်။

**William Maclardie Bunting**

**(1805-1866) Adapted by R.A.B**

## အခန်း(၃)

# ဆုတောင်းခြင်းဖြင့်ပြင်ဆင်ခြင်း

ကျွန်ုပ်သည် ပြောင်းလဲခါစက ကျမ်းစာအကြောင်းကို အနည်းငယ်သာ သိသော်လည်း ကျမ်းစာတစ်ပိုဒ်ကို ဂရုစိုက်၍ ဖတ်လာသောအခါ ဘုရားသခင်၏ စကားတော်ကို ဖတ်နေရခြင်းဖြစ်ကြောင်း သိရပါသည်။ ခရစ်တော်သည် ကျွန်ုပ်ကျမ်းစာဖတ်တိုင်း စကားပြောနေသည်ဟု ဝမ်းမြောက်စွာ ခံစားရပါသည်။

ယုံကြည်သူဖြစ်စကပင် ကျမ်းစာဖွင့်၍ဖတ်တိုင်း ဝိညာဉ်တော်သည် စိတ်နှလုံးထဲ၌ အသက်ရှင်နေကြောင်း ခံစားရပါသည်။ သင်ယူခဲ့သော ဆုတောင်းချက်ကို ထပ်တလဲလဲအောက်ဖော်ပြပါ ဆုတောင်းပြီး





ဘုရားသခင်နှင့် တစ်ဦးတည်းအချိန်ယူခြင်းကို စတင်ခဲ့ပါသည်။

"ဝိညာဉ်တော်တော်ဘုရား သွန်သင်တော်မူပါ
ခရစ်တော် အကြောင်း ကျွန်ုပ်၌ ဖော်ပြလာ
ကျွန်ုပ်လက်၌ ဝမ်းမြောက်အံ့ဩဖွယ် သော့ကို ပေးထား
လွတ်မြောက်ခြင်းကို ခံစားစေမူပါ "

ခရစ်တော်သည် တပည့်တော်များကို ခွဲခွါ၍ ကောင်းကင်သို့ မတက်ကြွခင် ကတိထားခဲ့သည်။ သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့ သွန်သင်ပြသလိမ့်မည်။ (ယောဟန် ၁၆း၁၃)

ကျွန်ုပ်တို့၌ သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆရာတစ်ဦးတည်းရှိသည်။ ကျွန်ုပ်တို့ဘဝ၌ ဝိညာဉ်တော်သည် လွတ်လပ်စွာ လုပ်ဆောင်ခြင်းမရှိလျှင် ကျမ်းစာဖတ်ခြင်းသည် အကျိုးမရှိပါ။

John Wesley (၁၈ ရာစု ကာလ အင်္ဂလန်နိုင်ငံ၌ နိုးထမှုဖြစ်ရန် ဘုရားသခင်၏ အံ့ဩဖွယ်ရာ အသုံးပြုသူ) သည် ဘုရားသခင်နှင့်တစ်ဦးတည်း အချိန်ယူခြင်းတန်ဖိုးကို သိခဲ့သည်။ ကျွန်ုပ်တို့လည်း သူကဲ့သို့ လုပ်ဆောင်နိုင်ကြောင်း ဆင်ခြင်မိပါသည်။ Wesley သည် စောစောအိပ်၍ စောစောထခဲ့သည်။ ကျွန်ုပ်လည်း သူကဲ့သို့ နံနက် ၄း၀၀ နာရီထ၍ ဆုတောင်းရာ သူ၏ဒိုင်ယာရီစာအုပ်မှ ကောက်နုတ်ချက် တစ်ခုကို ဖတ်ရသောအခါ ကျွန်ုပ်စိတ်ကို လှုပ်ခတ်သွားစေပါသည်။ ***"ကျွန်ုပ်တစ်ယောက်တည်းထိုင်နေ၍ ဘုရားသခင်သာ ကျွန်ုပ်တို့နှင့်အတူရှိသည်။ ကိုယ်တော်၏ရှေ့မှောက်တွင် ကျမ်းစာဖွင့်၍ ဖတ်သည်။ ကျွန်ုပ်ဖတ်မိသမျှကို ပြန်***

***လည် ဝေငှသင်ကြားသည်။”***

ယုံကြည်သူများသည် ကျမ်းစာကို နားလည်ဖို့ အခြားမည်သူမျှ မကူညီပေးသော်လည်း ဝိညာဉ်တော်က သူတို့၏စိတ်နှလုံးကို တို့ထိပြုပြင်ပေးမည်ဟု ရှင်ယောဟန်က အခိုင်အမာပြောခဲ့သည်။

*“သို့သော်လည်း သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ လက်မှ သင်တို့ခံရသော ဘိသိတ်ကျေးဇူးတော်သည် သင်တို့၌ ရှိသည်ဖြစ်၍ အဘယ်သူမျှ သင်တို့ကို ဆုံးမသြဝါဒပေးစရာအကြောင်းမရှိ။ ထိုဘိသိတ်ကျေးဇူးတော်သည် ဖြစ်ယောင်ဆောင်သည်မဟုတ်။ အမှန်ဖြစ်လျှက် ခပ်သိမ်းသောအရာတို့ကို သင်တို့အား သွန်သင်တော်မူသည့်အတိုင်း သင်တို့သည် သားတော်၌ တည်နေကြလော့။”*(၁ယော ၂း၁၇)

နှုတ်ကပတ်တော်ကို ဖတ်ရှုရာတွင် ဝိညာဉ်တော်အရှိန်ပါရှိမှုကို သတိပြုပြီးအမှီပြုလျှင် စစ်မှန်သောအသက်တာကို ခံစားရမည်ဖြစ်သည်။

သင်သည် ဧကန်အမှန် စိတ်နှလုံးချမ်းမြေ့ပြီး ဝမ်းမြောက်ခြင်းရှိဖို့ ဘုရားသခင်နှင့် အချိန်ယူနိုင်သော နေရာကိုရှာပါ။ ထိုသို့အချိန်သည် သင့်အတွက် မည်မျှအကျိုးရှိစေကာမူ မိသားစုအရေး၊ စားဝတ်နေရေးများက ရှုတ်ထွေးလာစေပြီး သင်မလုပ်နိုင်ရန် အဟန့်အတားများ ဖြစ်လာတတ်သည်။ ခရစ်တော်ကို သိခြင်းနှင့်ချစ်ခြင်းမေတ္တာတိုးပွားခြင်း ရှိလာစေရန် ထိုအချိန်ကို ယူတတ်ရမည်။ ကျမ်းစာကို ပယ်ခြင်းသည် သင်၌ အကျိုးယုတ်စေကြောင်း သတိရပါ။

ဘုရားသခင် ပြင်ဆင်ပေးသော မန္နမုန့်ကို ဣသရေလတို့သည် နေ့စဉ် စုသိမ်းရသကဲ့သို့ ကျွန်ုပ်တို့သည်လည်း နှုတ်ကပတ်တော်ကို နေ့စဉ် စားဖို့လိုသည်။





ပထမ - သင်သည် ဘုရားသခင်နှင့် အချိန်ယူသောအခါ ကျမ်းစာဖွင့်၍ ဒူးထောက်ခြင်းဖြင့် အစပြုသင့်ပါသည်။

ဒုတိယ - ထာဝရအလင်းသခင်ဖြစ်သော ဘုရားသခင်ရှေ့မှောက်သို့ လာတိုင်း စိတ်နှလုံးကို ပြုပြင်ပါ။ ကိုယ်တော်ရှေ့၌ ဘာမျှဝှက်ထား၍ မရပါ။

သင်သည် ထိုသို့ပြင်ဆင်၍ဘုရားသခင်နှင့်တွေ့ဆုံလျှင် ကျမ်းစာသည် သင်၌အသက်ရှင်လာပြီး ဦးခေါင်းမှတဆင့် စိတ်နှလုံးထဲသို့ ရောက်ရှိလာနိုင်ကြောင်း သင်ကိုယ်တိုင် တွေ့ရှိရပေမည်။

## ဒူးထောက်ခြင်း

**အသက်ဝင်သော မိဿဟာရသည် မာနထောင်လွှားသော စိတ်သဘောနှင့် တွဲဖက်၍ မရပါ။**

ကျမ်းစာထဲတွင် ဘုရားသခင်၏ လူတို့သည် ဝန်ခံခြင်း၊ ရိုသေလေးမြတ်ခြင်းနှင့်တကွ ဒူးထောက်ကြကြောင်းကို တွေ့ရှိရသည်။ ကက်သလစ်ခရစ်ယာန်နှင့် မူဆလင်တို့သည် လူတို့ရှေ့၌ ကိုးကွယ်ခြင်းအတွက် ဒူးထောက်ကြသည်။ ဖန်ဆင်းရှင် ထာဝရဘုရားရှေ့သို့ တိုးဝင်ကြရာတွင် ကျွန်ုပ်တို့သည် ဒူးထောက်ကြမည်ဆိုလျှင် စိတ်နှလုံးကို များစွာအထောက်အကူပြုပါလိမ့်မည်။

ခရစ်တော်သည် အသေခံရမည့် အချိန်နီးလာသောအခါ ဂေသရေမန် ဥယျာဉ်၌ ဒူးထောက်ဆုတောင်းခဲ့သည်။ တပည့်တော်များမှာမူ ကိုယ်တော်နှင့် ခပ်လှမ်းလှမ်း၌ အိပ်ပျော်နေကြသည်။ (လုကာ ၂၂း၄၁) ခရစ်တော် တစ်ပါးတည်းသာ အဖဘုရားနှင့်အတူရှိခဲ့သည်။ ထိုနည်းတူ ကျွန်ုပ်တို့သည် မိသားစု၊ မိတ်ဆွေများထံမှ ခွဲထွက်လာခဲ့ပြီး ဘုရားသခင်နှင့် တစ်ဦးတည်းအချိန်ယူလျှင် ကိုယ်တော်ကို ရိုသေလေးမြတ်ခြင်း အလို့ငှါ ဒူးထောက်၍ဆုတောင်းရပေမည်။

ပေါလုသည် မိမိ၏ သာသနာပြုခြင်းအစီအစဉ် အဆုံးသတ်ခါနီးတွင် သူတည်ထောင်ခဲ့သော ဧဖက်အသင်းတော်ကို နှုတ်ဆက်ပုံကို ကြည့်ပါ။ "*ဒူးထောက်၍ ထိုသူအပေါင်းတို့နှင့်တကွ ဆုတောင်းလေ၏*" (တမန် ၂၀း၃၆)

ပင်လယ်ကမ်းခြေတစ်နေရာ၌လည်း ပေါလုသည် တပည့်တော်များနှင့်သူတို့၏မိသားစုများကို နှုတ်ဆက်သောအခါ "*ပင်လယ်ကမ်း ခြေပေါ်၌ ဒူးထောက်လျက် ဆုတောင်းကြ၏*" ဟု ဖေါ်ပြထားသည်။ ယနေ့ လူအများသည် မိန်းမများနှင့်ခလေးများရှေ့တွင် ဒူးထောက်ဆုတောင်းခြင်းသည် မှန်ကန်သော အပြုအမူမဟုတ်ဟု မှားယွင်းစွာယူဆကြသည်။ ထိုသို့ ဝေဖန်ခြင်းကို ကျွန်ုပ်တို့ စိုးရိမ်နေလျှင် ဆုတောင်းခြင်း၌ အခက်အခဲရှိပေမည်။ ပေါလုရှိစဉ်အခါ တပည့်တော်များသည် မိန်းမနှင့်ခလေးငယ်များအပါအဝင် ဆုတောင်းစည်း ဝေးလုပ်ရာတွင် ဒူးထောက်ခြင်းအတွက် ပြဿနာမရှိခဲ့ပါ။ ကျွန်ုပ်တို့သည် လူအများနှင့်ဖြစ်စေ တစ်ဦးတည်းဖြစ်စေ ဆုတောင်းရာတွင် ပြဿနာမရှိသင့်ပါ။

ဘုရားသခင်နှင့်တစ်ဦးတည်း အချိန်ယူဖို့တွင်မူ ပုံစံဟန်အမူအ





ယာသည် အရေးမကြီးကြောင်း၊ ခံယူချက်စိတ်သဘောထားသည်သာ အဓိက အရေးကြီးကြောင်း သတိယပါ။ စိတ်သဘောထားမှန်ဖို့ ကျမ်းစာက သတိပေးထားသည်။

"*ထောင်လွှားစော်ကားသောသူကို ဘုရားသခင် ဆီးတားတော်မူ၏။ နှိမ့်ချသောသူတို့အား ကျေးဇူးပြုတော်မူ၏*" ဟုလာသတည်း။ "*ထို့ကြောင့် ဘုရားသခင်၏အလိုတော်သို့ လိုက်ကြလော့။ မာရ်နတ်ကို ဆီးတားကြလော့။ သို့ပြုလျှင် သူသည် သင်တို့ထံက ပြေးသွားလိမ့်မည်။ ဘုရားသခင်၌ ချဉ်းကပ်ကြလော့။ သို့ပြုလျှင် သင်တို့၌ ချဉ်းကပ်တော်မူလိမ့်မည်။ အပြစ်ရှိသောသူတို့ သင်တို့ လက်ကို စင်ကြယ်စေကြလော့။ စိတ်နှစ်ခွရှိသော သူတို့ သင်တို့ စိတ်နှလုံးကို စင်ကြယ်စေကြလော့။*"(ယာကုပ် ၄း၆-၈)

လူအချို့တို့၌ ကိုယ်ခန္ဓာချို့တဲ့ခြင်းကြောင့် ကြာရှည်စွာ ဒူးထောက်၍ ဆုမတောင်းနိုင်သော ပြဿနာရှိသည်။ သို့သော် ဘုရားသခင်သည် စိတ်နှလုံးကို ကြည့်တော်မူ၏။ ဟန်အမူအယာထက် စိတ်နှလုံးသည် ပို၍ အရေးကြီးပါသည်။ ဒူးထောက်နိုင်သူအတွက် ဖန်ဆင်းရှင်ဘုရားသခင်နှင့် စကားပြောခွင့်သည် အလွန်ကြီးမြတ်သောကြောင့် ဒူးထောက်သင့်ပါသည်။ "*ဘုရားသခင်ရှေ့တော်၌ ကိုယ်ကိုကိုယ် နှိမ့်ချလော့။ သို့ပြုလျှင် သင်တို့ကို ချီးမြှောက်တော်မူလိမ့်မည်။*" (ယာကုပ် ၄း၁၀)

## သင်၏စိတ်နှလုံးကို ဖွင့်လှစ်ထားပါ

**သက်ဝင်သော မိဿဟာရသည် ဂရုဏာပလ္လင်တော်ရင်းမှ အစပြုပါသည်။**

ခရစ်တော် ကားတိုင်၌ သက်တော်မစွန့်ခင် ဘုရားသခင်သည် မိမိဂရုဏာရှိသည်အတိုင်း အပြစ်ကင်းသော သားတော်အသေခံခြင်းအားဖြင့် လူသားအပေါင်းနှင့်ပြန်လည် မိဿဟာရဖွဲ့ဖို့ ကြံစည်၍ ရွေးချယ်ခဲ့သည်။ ခရစ်တော် အသေမခံမှီကပင် ဘုရားသခင်သည် မိမိလူတို့ကို ဂရုဏာပလ္လင်ရင်း၌ တွေ့ဆုံမည်ဟု ရေးထားသည်။ (ထွက် ၂၅း၂၂)

ခရစ်တော်အသေခံခြင်းသည် သမိုင်းမှတ်တိုင် တစ်ခုဖြစ်ပြီး ကျွန်ုပ်တို့ကိုယ်စား အသွေးသွန်းလောင်းခြင်းဖြင့် ဘုရားသခင်နှင့်ပြန်လည်ပေါင်းစည်းဖို့ လမ်းသစ်ဖေါက်ပေးခဲ့သည်။ “*ထိုကြောင့် ငါတို့သည် သနားခြင်းဂရုဏာကိုငှင်း၊ တော်လျော်သော မစခြင်းကိုငှင်း ခံရမည်အကြောင်းရဲရင့်သော စိတ်နှင့်ဂရုဏာပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့။*”(ဟေဗြဲ ၄း၁၆)

**ဂရုဏာတော်**ဆိုသည်မှာ ချစ်တော်မူသော ဘုရားသခင်သည် ကျွန်ုပ်တို့ ခံထိုက်သည်အတိုင်းမစီရင်ခြင်းဖြစ်သည်။ **ကျေးဇူးတော်** ဆိုသည်မှာ ရက်ရောတော်မူသော ဘုရားသခင်သည် ကျွန်ုပ်တို့ မခံစားထိုက်သော်လည်း ပေးကမ်းမစခြင်းဖြစ်သည်။ ထိုသို့ ဘုရားသခင်၏ ကျေးဇူးတော်နှင့်ဂရုဏာတော်၌ မိဿဟာရဖွဲ့၍ လိုက်လျှောက်ခြင်းသည် အလွန်ထူးမြတ်လှပေသည်။





* လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်း၊ လှိုင်းတံပိုးထခြင်းတို့မှ
ငြိမ်သက်ခြင်းတစ်မျိုးရှိသည်၊ ဂရုဏာပလ္လင်၌ သာဖြစ်သည်။

* ခရစ်တော်အသွေး၊ သွန်းလောင်းနေရာ
ကျွန်ုပ်တို့စိတ်၌ဝမ်းမြောက်ဆီနှင့်ခေါင်းကိုလိမ်းစေသည်
ကျွန်ုပ်တွက်အလွန်တင့်တယ်သောနေရာ
သွေးနှင့်ရွှေးရှင်၏၊ ဂရုဏာပလ္လင်၌သာဖြစ်ပေသည်။

* ဝိညာဉ်စုဝေး၊ နေရာလေးရှိ
ဆွေသဟာချင်း၊ ပေါင်းလို့သင်း
ဂရုဏာပလ္လင်၏ ပတ်လည်တွင်း။

* ကူပါကယ်ပါ ဘယ်ဆီပြေးလည်း
သွေးဆောင်ပျက်စီး တုန်လှုပ်ကြောက်နေဆဲ
ပါယ်ငရဲမှာ ရှုံးခဲ့လျှင်ဖြင့်၊ ဝေဒနာကိုခံစား၊
ဂရုဏာ ပလ္လင်နား၊ ကယ်တင်မည့်သူမရှိပါလား။

* ထိုထိုနေရာ၊ လင်းယုန်တောင်အောက်မှာ
နာကြည်းသော်လည်း၊ အချိန်နှင့် အသိဉာဏ်မရှိတော့ဟူ
ထက်ဘုံမှ ဆင်းလျှက်၊ ဝိညာဉ်တွေ နှုတ်ဆက်
ဂရုဏာပလ္လင်နန်း၊ ဝမ်းမြောက်သရဖူဆင်မြန်း

## သက်ဝင်သောမိဿဟာရသည် မသန့်ရှင်းသောဩတ္တပ္ပစိတ်နှင့်အတူတွဲ မတည်ရှိခြင်း

သားလေးတစ်ယောက် မိသားစုတစ်ခု၌ မွေးဖွားလာလျှင် သူသည် မိဘတို့၏ သားရင်းချာဖြစ်လာသည်။ သူ့ကို မမွေးပါဟု ငြင်းမရပါ။ ထိုခလေးသည် စကားနားမထောင်လျှင် မိဘတို့နှင့် ဆက်ဆံရေးယိုင်နဲ့ လာမည်။ တော်စပ်မှုရှိနေဆဲဖြစ်သော်လည်း မိဿဟာရပျက်လာသည်။

ကျွန်ုပ်တို့ ဒုတိယအကြိမ်မွေးဖွားသောအခါ အဖဘုရားသခင်နှင့် ထာဝရတော်စပ်မှုတည်ဆောက်လာသည်။ ခရစ်တော်ကို စိတ်နှလုံးထဲ လက်ခံခြင်းကြောင့် ဘုရားသားသမီးတော်စပ်မှု အခြေအနေသည် ထာဝရဖြစ်သည်။ အပြစ်လုပ်မိကြလျှင် အဖဘုရားနှင့် မိဿဟာရ ပျက်လာရသည်။

ကျွန်ုပ်တို့ နားမထောင်ခြင်းကြောင့် အသက်တာ၌ ကောင်းကြီးခံစားမှု နည်းလာသည်။ ဤသို့ မိဿဟာရကျိုးပျက်ခြင်းကြောင့် ဘုရားသခင်နှင့် သက်ဆိုင်သော ကတိတော်ခံစားမှု အကျိုးနည်းလာပါသည်။ ဩတပ္ပစိတ် မသန့်ရှင်းမှုကြောင့် ဘုရားသခင်နှင့် မိဿဟာရဖွဲ့ခြင်းကို ထိခိုက်စေလာပါသည်။

## မသန့်ရှင်းသော ဩတ္တပ္ပစိတ်

“အပြစ်သည် ကျွန်ုပ်နှင့် ကျမ်းစာကို ဝေးစေသလို ကျမ်းစာသည် ကျွန်ုပ်ကို အပြစ်နှင့်ဝေးစေပါသည် ”ဟု ဆိုသည်။ လူတစ်ယောက်သည်





ဝိညာဉ်တော်ကို စိတ်နာစေပြီး အပြစ်ကို ဆက်လုပ်နေလျှင် နှုတ်ကပတ်တော်ကို ဆာငတ်ခြင်းလည်း ပျောက်သွားပေလိမ့်မည်။ သန့်ရှင်းသော ဩတ္တပ္ပစိတ်မှာ ခရစ်ယာန်တစ်ဦးသည် နှုတ်ကပတ်တော်ကို ပြန်လည်ခံယူပြီး ယုံကြည်မျှော်လင့်သောစိတ်နှင့် မိမိ၌ ပြန်လည်အသက်ရှင်ခြင်းအားဖြင့်သာ ဖြစ်နိုင်သည်။“*ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့် မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင်အထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုငင်း၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည်ကိုငင်း ယုံကြည်ရမည်။* ” ဟေဗြဲ ၁၁း၆

ကျွန်ုပ်တို့သည် အပြစ်ကို မသိဘဲ ဆက်လုပ်မိပြန်လျှင် ဩတ္တပ္ပသည် ဝိညာဉ်တော်၏ အသံနှင့်မညီညွတ်သောကြောင့် ယုံကြည်ခြင်းယိုင်လာသည်။

## သန့်ရှင်းသော ဩတ္တပ္ပစိတ်

ကျွန်ုပ်တို့သည်အပြစ်လုပ်မိပြီး ဘုရားသခင်နှင့် မိဿဟာရပြန်ဖွဲ့လိုလျှင် ညစ်ညူးသော ဩတ္တပ္ပစိတ်ကို သန့်ရှင်းဖို့လိုသည်။ ဘုရားသခင်ရှေ့မှောက်၌ မိမိ စိတ်နှလုံးကိုဖွင့်၍ ဝန်ချတောင်းပန်ရမည်။ “*ကိုယ်အပြစ်တို့ကို ဖေါ်ပြတောင်းပန်လျှင် ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာနှင့်ငင်း၊ ဖြောင့်မတ်ခြင်းနှင့်ငင်း ပြည့်စုံတော်မူ၏။*” (၁ယော ၁း၉)

ကျွန်ုပ်၏ ကျမ်းစာအုပ်ထဲ၌ F.W Krummacher ၏ စာပိုဒ်

ကို ချရေးထားပါသည်။ အပြစ်ရှိပြီဟု ထင်လာလျှင် ဂရုဏာပလ္လင်ရင်း၌ ထိုအပြစ်ကို ဖေါ်ပြသည်။ ထိုနောက် Krummcher ၏ ဆုတောင်းချက်ကိုရေး၍ ဝန်ချတောင်းပန်ပါသည်။

*"အို ဘုရားသခင် ကျွန်ုပ်သည် ကိုယ်တော်ရှေ့တော်၌ အပြစ်ထင်ရှားပါသည်။ မိမိကိုယ်ကို အပြစ်စီရင်သော်လည်း ကိုယ်တော်၏ ဂရုဏာသည် ပို၍ကြီးပါ၏။ ထိုဂရုဏာကို အားကိုးခိုလှုံပါသည်။ အပြစ်ကိုဖြေသော အသွေးတော်အားဖြင့် ကျွန်ုပ်၏ ဩတ္တပ္ပစိတ်ကို ဆေးကြောတော်မူပါ။ ကျွန်ုပ်အတွက် ကိုယ်တော်ခံစားရသည်ကို အောက်မေ့ပြီး ယုံကြည်ခြင်းကို ခိုင်မြဲစေတော်မူပါ။"*

ကျွန်ုပ်တို့သည် အပြစ်များကို စုစည်းလုံးထွေးပြီး ကျူးလွန်ခြင်းမဟုတ်သောကြောင့် အဘယ်ကြောင့် စုပေါင်း၍ ဝန်ချတောင်းပန်ရမည်နည်း။ ထို့ပြင်အပြစ်များကို အလွယ်တကူ သိမ်းကျုံးဖေါ်ပြပြီး တောင်းလိုက်ရုံနှင့် အလိုတော်နှင့် ညီသွားမည်ဟု ထင်မှတ်ခြင်းသည် စိတ်နှလုံးခိုင်မာလာသော သူတို့၏သက်သာရာ ရှာခြင်းနည်းတစ်မျိုးဖြစ်သည်။ ဤသို့ ဝေ့လည်ကြောင်ပတ် ဝန်ခံခြင်းသဘောသည် ဩတ္တပ္ပစိတ်ကို မသန့်ရှင်းစေနိုင်ပါ။ ကျွန်ုပ်တို့၏ မထင်ရှားသောမုသာ၊ တပ်မက်စိတ်၊ မုန်းတီးခြင်းတို့သည် လူမသိသော်လည်း ဝိညာဉ်တော်က အလင်းပေး၍ ဖေါ်ပြသောကြောင့် ယင်းအပြစ်တစ်ခုစီတို့ကို ဖေါ်ပြတောင်းပန်ဖို့လိုပါသည်။

အပြစ်ကို ထင်ရှားစွာ ကျူးလွန်ခြင်းရှိမရှိသည် ပြဿနာတစ်မျိုးဖြစ်သောကြောင့် ဘုရားသခင်ရှေ့တော်သို့လာကြလျှင် ဖုံးကွယ်ထား၍ မရပါ။ ရိုးသားနှိမ့်ချစွာ မိမိသိသလောက် အပြစ်တို့ကို ဖေါ်ပြတောင်းပန်လျှင် ဂရုဏာကြီးမားသည်အတိုင်း ခွင့်လွှတ်တော်မူပါသည်။





ဒါဝိဒ်သည် မိမိကို ဝန်ချတောင်းပန်သောအခါ ဝမ်းမြောက်ခြင်းခံစားရပါသည်။

*"စုံမက်တော်မူခြင်း ဂရုဏာများပြားသည်နှင့်အညီ အကျွန်ုပ်လွန်ကျူးခြင်း အပြစ်ကို ဖြေတော်မူပါ။"* ဆာလံ ၅၁း၁

ဒါဝိဒ်သည် ဝန်ချတောင်းပန်ခြင်းအတွက် ရိုးသားရုံသာမက စစ်မှန်သော နောင်တကိုပါရခဲ့သည်။ သင်သည် နောင်တရလျှင် (မှားယွင်းသော လမ်းကိုလိုက်မိပြီး၊ ဘုရားသခင်၏သန့်ရှင်းသောလမ်းသို့ လှည့်ပြန်ခြင်း) ဘုရားသခင်ရှေ့တော်မှောက်၌ အပြစ်များကို တစ်ခုချင်း ဖေါ်ပြတောင်းပန်သောအခါ များပြားသော ဂရုဏာတော်၌ ဝမ်းမြောက်လိမ့်မည်။ သင့်ဩတ္တပ္ပစိတ်ကြည်လင်ပြီး သန့်ရှင်းသော ဘုရားနှင့်မိဿဟာရဖွဲ့လာနိုင်မည်။

သင့်ဩတ္တပ္ပစိတ်ကို ဘုရားသခင်၏ ဂရုဏာတော်နှင့်အညီ သန့်ရှင်းပြီးလျှင် ရဲရင့်စွာ ဆုတောင်းလာနိုင်သည်။

*"ထိုကြောင့် ညီအကိုတို့ ယေရှု၏ ကိုယ်ခန္ဓာတည်းဟူသော ကုလားကာအားဖြင့် ထိုသခင်ပြင်ဆင်တော်မူသော အသက်လမ်းသစ်တွင်၊ ငါတို့သည် သန့်ရှင်းရာဌာနထဲသို့၊ အသွေးတော်ကို အမှီပြု၍ အဆီးအတားမရှိ၊ ဝင်ရသောအခွင့်ရှိသဖြင့်၄င်း၊ ဘုရားသခင်၏ အိမ်တော်ကိုအုပ်စိုး သော ယဇ်ပုရောဟိတ်မင်းရှိသဖြင့်၄င်း ငါတို့သည် သစ္စာနှင့်ပြည့်စုံသောသဘောရှိ၍၊ ဝိစိကိစ္ဆာနှင့်ကင်းသော ယုံကြည်ခြင်း၌ တည်နေလျက်၊ စိတ်နှလုံးကို သံဝေဂတရားနှင့် လွတ်အောင်ဖြန်းခြင်း၊ ကိုယ်ကာယကိုလည်း ကြည်သာရေဖြင့် ဆေးကြောခြင်းရှိပြီးမှ အထံတော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့။ "* (ဟေဗြဲ ၁၀း၁၉-၂၂)

ဘုရားသခင်ရှေ့၌ အမှန်တကယ် ရဲရင့်ခြင်းသည် သန့်ရှင်းသော ဩတ္တပ္ပစိတ်မှလာပါသည်။ ဘုရားသခင်နှင့်အသက်ဝင်သော မိဿဟာရ ပြုဖို့ရန် လိုအပ်သော ယုံကြည်ခြင်းကို သစ္စာရှိသော နှလုံးသားက ထုတ်ဖော်ပေးပါသည်။

သင့်စိတ်နှလုံးသန့်ရှင်းပြီဆိုလျှင် အတိတ်ကအပြစ်သည် သင့်ကို မနှောက်ယှက်တော့ပါ။ စာတန်သည် သင့်ကိုအပြစ်တင်သော်လည်း ယေရှု၏အသွေးတော် တန်ခိုးအားဖြင့် သင်ရင်ဆိုင်နိုင်ပါသည်။ ဗျာဒိတ်ကျမ်းတွင် အပြစ်လွတ်ပြီးသော သန့်ရှင်းသူတို့ကို စာတန်သည် နေ့ညမပြတ်အပြစ်တင်နေရာ အသွေးတော်တန်ခိုးအားဖြင့် ရင်ဆိုင်ရပါသည်။ သိုးသငယ်၏ အသွေးအားဖြင့် သူတို့အောင်မြင်ကြသည်။(ဗျာဒိတ် ၁၂း၁၁)

သူတို့သည် ဩတ္တပ္ပစိတ်ကြည်လင်၍ ဝမ်းသာကြခြင်းမဟုတ်ဘဲ ထိုဩတ္တပ္ပစိတ်ကို မည်သည့်အရာကမျှ အနှောက်အယှက် မပေးနိုင်၍ ဝမ်းမြောက်ကြခြင်းဖြစ်သည်။ (ဟာလေလုယ)

## အသက်ဝင်သော မိဿဟာရသည် လွဲမှားသော စိတ်သဘောထားနှင့်အတူတွဲ မဖြစ်နိုင်ပါ။

လူတို့သည် နှုတ်ကပတ်တော် နို့ရည်ကို မသောက်သုံးချင်သော အကြောင်းပြချက်ရှိတတ်ကြသည်။သင်သည် ဖျားနာ၍ အစားအသောက် ပျက်ဖူးပါသလား။ မည်မျှပင်ကောင်းသော အစာဖြစ်စေ စားချင်စိတ်မရှိသလို ဝိညာဉ်ရေး၌လည်း လွဲမှားသော စိတ်သဘာထားရှိလျှင် ကျမ်းစာသည် ထိုသူအတွက် ဆွဲဆောင်မှုရှိမည်မဟုတ်ပါ။





နှုတ်ကပတ်တော် နို့ဆာငတ်ဖို့ ရှင်ပေတရုက တိုက်တွန်းထားသော်လည်း (၁ပေ ၂း၂) ထိုအဟာရကို တမ်းတသော စိတ်ကို ပျက်စေသည့် လွဲမှားသည် စိတ်သဘောကို ဖယ်ရှားပစ်ရမည်။ ထိုသို့သော အတားအဆီးများကို ရှင်းလင်းဖို့ တစ်ခုတည်းသော နည်းလမ်းမှာ ဘုရားသခင်နှင့် အချိန်ယူဖို့ဖြစ်သည်။ ဝိညာဉ်ရေးရင့်ကျက်ဖို့အတွက် အတားအဆီးမှန်သမျှကို ဖယ်ရှားပစ်ရမည်။ ထိုသို့ ဝိညာဉ်ရေးရာတောင့်တမှု ရှိလာလျှင် လွဲမှားသော စိတ်သဘောထားကို ပြောင်းလဲပေးမည့် ထိုနည်းလမ်းကို နောင်တရခြင်းဟု ခေါ်သည်။

*"ထိုကြောင့် သင်တို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို မြည်းစမ်းကြသည်ဖြစ်၍ အမျိုးမျိုးသောမနာလိုခြင်း၊ လှည့်ဖြားခြင်း၊ လျှို့ဝှက်ခြင်း၊ ငြူစူခြင်း၊ ရှိသမျှကို ပယ်ရှား၍ ကယ်တင်ခြင်းအလို့ငှါ နှုတ်ကပတ်တော်တရား၏ နို့စစ်အားဖြင့် ကြီးပွားမည်အကြောင်း ဘွားစသောသူငယ်ကဲ့သို့ ထိုတရားနို့ကို အလွန်လိုချင်သောစိတ်ရှိကြလော့။"* (၂ပေ ၂း၁-၃)

ကျွန်ုပ်တို့သည် ဝိညာဉ်ရေးအားနည်းခြင်းအကြောင်းနှင့် ဝိညာဉ်အစာတောင့်တစိတ် ပျက်ပြားခြင်းတို့ကို ပြန်လည်ပြုပြင်ခြင်းမရှိသရွေ့ နှုတ်ကပတ်နို့ရည်စစ်ကို ဘယ်အခါမျှ တောင့်တလိုချင်စိတ်ရှိမည်မဟုတ်ကြောင်း ကျမ်းစာကဖော်ပြပါသည်။ ဝိညာဉ်ရေးအားနည်းရာ အကြောင်းစဉ်းစားကြပါစို့။

## မလိုတမာစိတ်

ဤစိတ်သည် ခွင့်မလွှတ်နိုင်ခြင်းကြောင့် သူတပါးအပေါ် အငြိုးအတေးထားတတ်သော သဘောဖြစ်သည်။

Corrie Ten Boom ဆိုသည့် အမျိုးသမီးသည် နာဇီအကျဉ်းစခန်း၌ ညှဉ်းပမ်းမှုကို မခံမရပ်နိုင်လောက်အောင် ကြုံခဲ့ရပါသည်။ ထိုစခန်းတွင် လူမဆန်စွာ နှိပ်စက်ခြင်း ခံခဲ့ရပုံသည် သက်သေခံစရာဖြစ်လာခဲ့သည်။ Boom သည် နောက်ပိုင်းတွင် သူတို့ကိုမည်ကဲ့သို့ ခွင့်လွှတ်နိုင်ခဲ့ကြောင်း သက်သေခံခဲ့သည်။

**"ခွင့်လွှတ်ခြင်းသည် စိတ်အလိုဆန္ဒ၏ လုပ်ဆောင်မှုတစ်ခုသာဖြစ်သည်။ ထိုစိတ်အလိုဆန္ဒသည် အခြေအနေကို အလေးမထားဘဲ ပြုမူလုပ်ဆောင်နိုင်သည်ဟု ပြောခဲ့သည်။"**

သင့်ကို တစ်စုံတစ်ဦးက ဒုက္ခပေး၍ မည်မျှပင် ခံစားရသော်လည်း လက်တုန့်ပြန်ခြင်းမရှိသည့်တိုင် ထိုသူကို ခွင့်မလွှတ်နိုင်လျှင် ဝိညာဉ်ရေးရာ၌ ထိခိုက်မှုရှိလာပါလိမ့်မည်။ သခင်ဘုရား သင်ပေးသော ပဌနာတော်အတိုင်း ဆုတောင်းကြည့်ပါ။

*သူတပါးသည် အကျွန်ုပ်တို့ကို ပြစ်မှားသော အပြစ်များကို အကျွန်ုပ်တို့သည် လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏ အပြစ်များကို လွှတ်တော်မူပါ။* ထို့ကြောင့် သင်သည် တစ်စုံတစ်ဦးကို မလိုတမာစိတ်ရှိနေလျှင် ဘုရားသခင်နှင့်အချိန်ယူပြီး သူ့ကို ခွင့်လွှတ်နိုင်ဖို့ ကြိုးစားပါ။ ထိုအခါ သင်သည် ဟန်ဆောင်မှုမရှိဘဲ ထိုသူတို့၌ ဘုရားရှင်၏မေတ္တာကို ပြနိုင်လာလိမ့်မည်။

## လှည့်စားခြင်း

မိမိတို့ ကျဆင်းရခြင်း အကြောင်းကို ဝန်ခံဖို့ထက် ရိုးသားဟန်ဆောင်ပြီး မိမိကိုယ်မိမိလှည့်စား၍ အပြစ်မရှိသလိုနေတတ်ကြသည်။





## ဟန်ဆောင်ခြင်း

မိမိကိုယ်ကို တစ်စုံတစ်ရာအကြောင်းကြောင့် အရေးပေးခံရဖို့ မာန်မာနနှင့်တကွ လွဲမှားစွာကျင့်ကြံပြုမူခြင်းဖြစ်သည်။

## သဝန်တိုခြင်း

သူတပါး၏ပိုင်ဆိုင်မှုကို မရှုစိမ့်၍ သံသယနှင့်တကွ မကျေနပ်နိုင်ခြင်း၊ တစ်စုံတစ်ဦး၏အောင်မြင်မှုကိုလည်း ဝေမျှခံစား ဝမ်းမြောက်မပေးနိုင်ခြင်း။

## မိုက်မဲစွာပြောဆိုခြင်း

ကျွန်ုပ်တို့၏လျှာသည် သူတစ်ပါးကို နစ်နာအောင် ပြောလွယ်ခြင်း၊ ကျွန်ုပ်တို့၏ နားသည်မကောင်းသော သတင်းစကားကိုသာ နားထောင်တတ်ခြင်း၊ သူတစ်ပါးတို့ကို သွားပုပ်လေလွင့်ပြောကြပြီး သူတစ်ပါးအပေါ် မိမိအားနည်းချက်ကို အပြစ်ပုံချ၍ ဖုံးကွယ်တတ်ကြသည်။ ထို့ကြောင့် နှုတ်ကပတ်တော်အဟာရကို အမှန်တကယ်လိုချင်လျှင် ထိုအပြုအမူအကျင့်တို့ကို ဖယ်ရှားပစ်ရမည်။ ထိုနောက် မွေးကင်းစခလေးငယ်ကဲ့သို့ နှုတ်ကပတ်တော် နို့ရည်ကို တိုက်ကျွေးချိန်ရောက်လာလျှင် သောက်သုံးရမည်။ "*ကယ်တင်ခြင်းအလို့ငှါ နှုတ်ကပတ်တော် နို့စစ်အားဖြင့် ကြီးပွားမည်အကြောင်း ဘွားစသော သူငယ်ကဲ့သို့ ထိုတရားနို့ကို အလွန်လိုချင်သော စိတ်ရှိကြလော့။* " (၁ပေ ၂း၂)

## အသက်ဝင်သော မိဿဟာရသည် အတွက်ကို ဗဟိုပြုစိတ်နှင့်အတူ မဖြစ်ထွန်းပါ။

ဂျပန်နိုင်ငံတွင် အမှုတော်ဆောင်နေသော အမျိုးသမီးတစ်ဦးသည် ကျွန်ုပ်ထံ လျှို့ဝှက်စွာ စာရေးခဲ့သည်။ ထိုးဖေါက်ဝင်ရောက်ရန် မလွယ်ကူလှသော အစိုးရပိုင်း၊ သံတမန်အသိုင်းအဝိုင်းကြားမှာ သူမအမှုတော်ဆောင်နေသည်။ သူမ၏စာထဲတွင် ဤသို့ဖေါ်ပြထားပါသည်။

> မိမိကိုယ်ကို ငြင်းပယ်ပြီး နေ့စဉ် လက်ဝါးကားတိုင် ထမ်းခြင်းအကြောင်းသွန်သင်ခြင်းအမှု မည်ကဲ့သို့ဖြစ်ရပါမည်နည်း။
>
> ခရစ်ယာန်အသက်တာနဲ့ဆိုင်သည့် စာအုပ်ရွေးချယ်ရာတွင် တစ်စုံတစ်ရာအကြောင်း အာရုံထဲဝင်လာသည်။ လွန်ခဲ့သော အနှစ် ၂၀ ခန့်က အကျွမ်းဝင်ခဲ့သော စာအုပ်တစ်အုပ်မှာ ယခုကျွန်မကိုယ်တိုင် လက်တွေ့ပြုကျင့်ရမည်ကို သိလာပါသည်။ ထိုစာအုပ်ပါ အကြောင်းရင်းမှာ - ခရစ်ယာန်အသက်တာအတွက် မိမိကိုယ်ကိုငြင်းပယ်ခြင်း၊ နေ့စဉ်ကားတိုင်ထမ်းခြင်း၊ သန့်ရှင်းစွာအသက်ရှင်ခြင်း၊ ခရစ်တော်၌ တည်၍ ကျွန်ုပ်အားဖြင့် ကိုယ်တော်ဘုန်းကိုထင်ရှားစေဖို့ အကြောင်းဖြစ်သည်။ ဤသွန်သင်မှုတို့သည် ပျောက်ကွယ်ကြကုန်ပြီလား။ ထိုအရာတို့ကို ကျွန်ုပ်ယခုမှစ၍ ဆင်ခြင်ရမည်လား။
>
> ဟောင်ကောင်မှ တရုတ်ခေါင်းဆောင်တစ်ဦးက ဤသို့ရေးပါသည်။"အနောက်နိုင်ငံ အချို့သော လွတ်လပ်သော အရပ်ဒေသတို့၌ အသင်းတော်များသည် ခရစ်တော်၏သေခြင်းကို အောင်နိုင်သောတန်ခိုးနှင့်ပြည့်ဝခြင်းကို ပို၍အလေးထားကြသည်။ ထိုကဲ့သို့ မိဿဟာရဆက်ဆံခြင်းမျိုးကို သူတို့အလိုရှိကြသည်။ ဘုရားသားတော်၏ ရှင်ပြန်ထမြောက်ခြင်း၌ သူတို့သည်အောင်မြင်ကြွယ်ဝမှုကို ခံစားလိုကြသည်။ သို့သော်အာရှနိုင်ငံရှိအသင်းတော်များ၊ အထူးသဖြင့် ဘာသာရေးတင်းကျပ်သော အရပ်ဒေသတို့နှင့်မတူကြပါ။ အာရှတိုက်သား ယုံကြည်သူတို့သည် ခရစ်တော်နှင့်အတူ ဒုက္ခဆင်းရဲကို ဝေမျှခံစားလိုကြသည်။ ထိုသို့ဝေမျှ ခံစားခြင်းကို ကြီးမားသောဆုကျေးဇူးနှင့်အခွင့်အရေးဖြစ်သည်ဟု" ယူဆကြသည်။





ကိုယ်တော်သည် အသေခံတော်မူသည်နည်းတူ ငါသည်လည်း အသေခံ၍ ထိုသခင်ကိုလည်းကောင်း၊ ထမြောက်တော်မူခြင်း၏ တန်ခိုးကိုလည်းကောင်း၊ ဆင်းရဲခံတော်မူခြင်းကို ဆက်ဆံ၍ခံခြင်းကိုလည်းကောင်းသိကျွမ်းခြင်းငှါ-ဖိလိ၃း၁၀ ဤသို့လေ့ကျင့်ရန် ပရောဖက်အာမုတ်က ကျွန်ုပ်တို့အား နည်းလမ်းပေးထားပါသည်။ လူနှစ်ဦးသည် သဘောမတူလျှင် ပေါင်းဘော်၍ ခရီးသွားနိုင်သလော။(အာမုတ်၃း၃) ခရစ်တော်သည် ထမြောက်ခြင်းတန်ခိုး၌ လိုက်လျှောက်လိုလျှင် ကိုယ်တော်၏ ဆင်းရဲခံတော်မူခြင်း၌ငှင်း၊ ဆက်ဆံလိုစိတ်ရှိဖို့လိုသည်။ တစ်ဝက်တစ်ပျက် သဘောတူလိုက်လျှောက်ခြင်းသည် အပြည့်အဝခံယူခြင်းမဟုတ်ပါ။

ပေါလုသည် သူ၏သာသနာလုပ်ငန်း၌ ပြောင်းလဲလာသောသူများကို စာရေးရာတွင် ရင်းနှီးမှုမရှိသော မေတ္တာအတွက် ကြီးစွာခံစားရခြင်းအကြောင်း ထောက်ပြထားသည်။"*ငါသည် သင်တို့ကိုချစ်ခြင်းမေတ္တာတိုးပွားစေသည်အတိုင်း သင်တို့သည် ငါ့ကို ချစ်ခြင်းမေတ္တာဆုတ်ယုတ်*

*သော်လည်း သင်တို့စိတ်ဝိညာဉ်၏ အကျိုးအလို့ငှါ ငါသည်ကိုယ်ဉစ္စာကိုငှင်း ကုန်စေခြင်းငှါ အလွန်စေတနာရှိ၏။”* (၂ကော ၁၂း၁၅) တဖန် ပေါလုသည် စစ်မှန်သော မေတ္တာအကြောင်းကို ၁ကော ၁၃ တွင် ဖေါ်ပြထားသည်။ *“မေတ္တာသည် စိတ်ရှည်တတ်သည်။ ကိုယ်အကျိုးကို မရှာတတ်။”* ကိုယ်ကျိုးကို မငဲ့သော သီးခံတတ်သည့် ထိုသို့သော မေတ္တာသည် ခရစ်တော်၌ ပေါ်လွင်သည်။

ခရစ်တော်သည် မေတ္တာကင်းမဲ့သော ဤလောကသို့ ကြွလာချိန်တွင် ကိုယ်တော်၏အပြုအမူအပြောအဆိုအားဖြင့် ဘုရားသခင်၏မေတ္တာတော်ကို ပြသခဲ့သည်။ အလိုတော်ကို လိုက်ခြင်းအားဖြင့် သူ၌ တကိုယ်ကောင်းစိတ် မရှိကြောင်းဖေါ်ပြခဲ့သည်။ ကိုယ်တော်အား ရှေးချယ်ပြီး အသေခံစေသည်အထိ မိမိအလိုဆန္ဒအားလုံးကို ငြင်းပယ်ခဲ့ပါသည်။

သက်တော် ၃၃ နှစ်တိုင်တိုင် လူတို့ ကောင်းကျိုးအတွက် မိမိဘဝကို ရင်းခဲ့သည်။ ၁ယော ၃း၁၆ ၌ ယေရှုသည် ဤလောကမှ ခမည်းတော်ထံသို့ ပြောင်းရသော အချိန်ရောက်သည်ကို သိတော်မူသည်ဖြစ်၍ ဤလောကရှိသော မိမိလူတို့ကို အဆုံးတိုင်အောင် ချစ်တော်မူ၏။ (ယောဟန် ၁၃း၁) ယေရှုခရစ်၏ချစ်ခြင်းမေတ္တာသည် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတို့နှင့် ပြည့်ဝနေပါသည်။

ခရစ်တော်နှင့် အမှန်တကယ် မိဿဟာရဖွဲ့လိုလျှင် စိတ်နှလုံးထဲမှာ မိမိကိုယ်ကို မေးပါ။

ဘုရားသခင်ပေးသော ဤလောကတွင် မိမိဘဝအတွက်သာ အသက်ရှင်နေပါသလား။ သူတပါးအကျိုးအတွက် မိမိဘဝအသက်တာကို ရင်းနှီးပေးရခြင်းတည်းဟူသော မေတ္တာအစစ်အမှန်ရှိပါသလား။





ဘုရားသခင်၏မေတ္တာသည် မိမိတို့၏ တကိုယ်ကောင်းစိတ်နှင့် ခြားနားဆန့်ကျင်နေပါသည်။ ကိုယ့်အကျိုးကိုသာ ရှေ့တန်းတင်ခြင်းသည် နောက်ဆုံးသော ကာလ၏ ဆိုးရွားသောတအဖြစ်တစ်ခုဖြစ်သည်။ “လူတို့သည် ကိုယ်ကိုကိုယ်ချစ်သောသူ၊ ဘုရားသခင်ကို ချစ်သည်ထက် ကာမဂုဏ်ခံစားခြင်းကိုသာ နှစ်သက်သောသူ ” (၂တိ ၃း၂-၄)

ဝိညာဉ်ရေးခရီးသည် သွေးစွန်းသော ခြေရာနှင့် အတ္တစိတ်ကို ချိုးဖျက်သော ဒဏ်ရာတို့နှင့် ပြည့်ဝနေသည်ဟု Alexander Maclaren က လှုံ့ဆော်တိုက်တွန်းထားသည်။

မိမိအတွင်းသဘော၏ တကိုယ်ကောင်းစိတ်ကြောင့် ပေါ်ပေါက်လာသမျှ အခြေအနေသည် အပြစ်ဖြစ်သည်။ စာရိတ္တကောင်း မွန်ခြင်း၌သော်၎င်း၊ သိမ်ဖျင်းခြင်း၌သော်၎င်း မိမိ၏ တကိုယ်ကောင်းစိတ်ကြောင့် ပြုမူလုပ်ဆောင်သမျှသည် အန္တရာယ်ရှိကြောင်း Oswald Chambers က အနက်ဖွင့်ထားသည်။ လူသည် မိမိ၏ အတ္တစိတ်ကို ကွယ်ဝှက်ထားနိုင်သော်လည်း ထိုစိတ်သဘောသည် နည်းလမ်းတစ်မျိုးမျိုးဖြင့် ပေါ်လွင်နေမည်ဖြစ်ကြောင်း သတိရဖို့လိုသည်။

လူမှုရေး၊ အိမ်ထောင်ရေးနှင့်အသင်းတော်ဆိုင်ရာ ပြသနာအမျိုးမျိုးကြောင့် နှလုံးသားပေါက်ကွဲသံများတို့သည် ငါ့အတွက်၊ ငါ့ပိုက်ဆံ၊ ငါ့အချိန်၊ ငါ့လမ်းခရီး၊ ငါ့အလိုဆန္ဒ စသည်တို့ဖြင့် ဖြစ်ပေါ်လာရခြင်းကို အံ့ဩစရာ မလိုပါ။ ဘုရားသခင်၏ မေတ္တာတော်နှင့်မဆိုင်၊ တကိုယ်ကောင်းဆန်သော စိတ်သည် လူတို့၏ဗီဇဖြစ်သည်။

# ကျွန်ုပ်၏ကောင်းကင်နှင့်ဆိုင်သော အမြင်သဘော

ကျွန်ုပ်တို့သည် တကိုယ်ကောင်းစိတ်ထားအကြောင်း သေသေချာချာ သိမြင်လိုလျှင် ဘုရားသခင်၏ ရှုထောင့်မှနေ၍ ကြည့်တတ်ရမည်။ J. B. Phillips သည် အသင်းတော်ငယ်များသို့ ရေးသောစာ၌ ပေါလု၏ဆုတောင်းချက်ကို ထည့်သွင်းထားသည်။ "*သခင်ဘုရားနှင့်ထိုက်လျှောက်စွာကျင့်၍ အရာရာ၌နှစ်သက်တော်မူစေခြင်းငှါ ပညာအမျိုးမျိုး၊ ဓမ္မဉာဏ်အမျိုးမျိုးအားဖြင့် အလိုတော်ကိုအကုန်အစင်နားလည်ပါမည့်အကြောင်း ဆုတောင်းပဌနာပြုလေ၏။*" (ကောလောသဲ ၁း၉) ပေါလုလမ်းစဉ်ကိုလိုက်၍ ဝိညာဉ်မျက်စိ ပွင့်လင်းဖို့ အမှန်ဆုတောင်းလျှင် အတ္တအမြင်သဘောမဟုတ်ဘဲ အလိုတော်နှင့်ညီသော အမြင်သဘောဖြင့် မိမိတို့အခြေနေအမှန်ကို မြင်ကြလိမ့်မည်။ ဤနည်းဖြင့်သာ ဝိညာဉ်သဘောဆောင်လျှက် ဘဝအခြေနေအမှန်ကို ကြည့်တတ်ဖို့လိုသည်။

ကျွန်ုပ်နှင့်ဇနီးဒေါ်ရသီထံသို့ မိတ်ဆွေဟောင်းဖြစ်သော Mrs. Silence သည် မိသားစုတွင် ကြုံခဲ့ရသော ဝမ်းနည်းဖွယ်အဖြစ်ပျက်တစ်ခုကို အလိုတော်နှင့်အညီ ရင်ဆိုင်ခဲ့ခြင်းကြောင့် ကြီးစွာသော နှစ်သိမ့်မှုကို ရရှိခဲ့ကြောင်း ပြောပြပါသည်။

သူမသည် နံနက် ၂း၀၀ နာရီ အချိန်တွင် တယ်လီဖုန်းအသံကြောင့် နိုးခဲ့ရပါသည်။ ဖုန်းထဲတွင်ပုလိပ်အရာရှိက

"ခင်ဗျားရဲ့ ကားကို ဒီညဘယ်သူမောင်းသလဲ သိလား။"ဟု မေးပါသည်။ သူမက စိုးရိမ်စွာနှင့် -





"ဟုတ်ကဲ့၊ ကျွန်မရဲ့ သားနှစ်ယောက် လူငယ်ကျမ်းစာညီလာခံကို သွားဖို့ အိမ်ကထွက်သွားကြပါတယ်"ဟု ပြန်ဖြေလိုက်ပါသည်။

"ဒီကိစ္စမှန်တယ်ဆိုရင်ခင်ဗျားအတွက် သတင်းဆိုးတစ်ခု ဖြစ်ပါလိမ့်မယ်။ ကားမောင်းသူ ကားမောင်းရင်းအိပ်ပျော်သွားတဲ့အတွက် လမ်းဘေးက သစ်ပင်တစ်ပင်ကို ဝင်တိုက်လို့ ကားမောင်းသူတော့ သေသွားပြီ။ ကျန်လူငယ်တစ်ယောက်လည်း အသက်ရှင်ဘို့လမ်းမမြင်ဘူး" ဟု ပြောပါသည်။

ဤသတင်းသည် သားများကို အလွန်ချစ်သော မိခင်အတွက် အလွန်ဆိုးဝါးလှပါသည်။ တယ်လီဖုန်းကိုချပြီး ဘုရားသခင်ထံ အော်ဟစ်ဆုတောင်းလိုက်ပါသည်။ "အိုဘုရားသခင် ဒီအခြေမျိုးမှာ ကျွန်မဘာလုပ်ရမှာလည်း " ထိုအချိန်တွင် ကျမ်းစာကို ဆင်ခြင်ပြီး ဆုတောင်းရမည်ကို သိလိုက်ရပါသည်။ ကျမ်းစာကို ဖွင့်ကြည့်သောအခါ ၁သက် ၅း၁၈ ကို တွေ့ပြီး အရာရာ၌ကျေးဇူးတော် ချီးမွမ်းရမည်ဟု တွေ့ရပါသည်။

"အို ဘုရားသခင် ကျွန်မရဲ့စိတ်က ဘယ်လိုချီးမွမ်းနိုင်မှာလည်း၊ ဒီလောက် တုန်လှုပ်သွေးပျက်စရာ ကောင်းလှတဲ့ ညမှာ ဘယ်လိုလုပ်ပြီး ကျေးဇူးတင်ရမှာလည်း၊ ဒါပေမဲ့ ကိုယ်တော့် စကားကို နားထောင်ပါမယ်၊ ကျွန်မစိတ်ကို ငြိမ်သက်ခြင်းပေးပါ။ ဒီလိုညမျိုးမှာ ဆောက်တည်ရာမရဖြစ်ပေမဲ့ ကျွန်မကို ကိုယ်တော် အားပေးကူညီသောကြောင့် ကျေးဇူးတင်နိုင်ခွင့်ကို ပေးသနားတော်မူပါ။"

ဘုရားသခင်ကိုယ်တော်သည် အသက်ရှင်တော်မူသော ဘုရားဖြစ်သောကြောင့် ကျေးဇူးတင်ပါသည်ဟု စတင်ပြီး ချီးမွမ်းရာ ဝိညာဉ်တော်သည် သူမ၏ ယုံကြည်ခြင်းနှင့် နာခံခြင်းအတွက် သွေးပျက်စရာ

ထိုအချိန်မျိုး၌ပင် မယုံကြည်နိုင်လောက်အောင် ငြိမ်သက်ခြင်းကို ပေးခဲ့ပါသည်။ မနက်လင်းသောအခါ သူမ၏ မျက်လုံး၌ မျက်ရည်များ ကျန်ရှိနေသေးသော်လည်း ဖေါ်မပြနိုင်သော ဘုရားရှင်၏ ငြိမ်သက်ခြင်းသည် သူမ၏ စိတ်နှလုံးထဲတွင် ပြည့်လျှံနေပါသည်။ ထိုကဲ့သို့သော ညမျိုးတွင် လူ့သဘောကို ဖယ်၍ အလိုတော်နှင့်ညီသော သဘောကို ခံယူနိုင်သောကြောင့် ကွဲပြားခြားနားသော ခံစားချက်တို့ကို ကောင်းစွာနားလည်သဘောပေါက်လိုက်သည်။

သင်သည် ဘုရားသခင်နှင့် ရင်းနှီးစွာ မိဿဟာရဖွဲ့ခြင်းရှိလျှင် ချီးမွမ်းခြင်းနှင့် ယုံကြည်ခြင်းတို့ကြားတွင် အပြန်အလှန်အကျိုးသက်ရောက်မှုကို သိမြင်လာပေမည်။ သင့်စိတ်နှလုံး၌ ယုံကြည်ခြင်းကြောင့် ချီးမွမ်းခြင်းများ ပြည့်လျှံလာပြီဆိုလျှင် အခြေအနေအရပ်ရပ်တို့ကို အဆိုးအကောင်းမည်သို့ပင်ရှိစေ ဘုရားသခင်၏ အမြင်၌ကြည့်မြင်၍ သင်တတ်နိုင်လာပေမည်။ ရောမ ၈း၂၈ ၌ ခပ်သိမ်းအရာတို့သည် တညီတညွတ်တည်း ပြုစုကြ၏ဟု ဆိုထားသောကြောင့် နာကျင်နေသော သင့်နှလုံးသားကို သက်သာခွင့်ပေးလိမ့်မည်။ ဤကျမ်းပိုဒ်၏ သက်သာစေခြင်းကြောင့် သင့်စိတ်နှလုံးသည် အေးစက်မာကျောပြီး ဟာနေတော့မည်မဟုတ်တော့ပါ။ ကျွန်ုပ်တို့ စိတ်နှလုံး၌ ဤသို့ အံ့ဩဖွယ်တည်ငြိမ်ခြင်း အခွင့်အတွက် ဘုရားသခင်က ဝမ်းမြောက်ဖွယ် ကတိပေးထားသည်။ထိုအရာအတွက် ကျေးဇူးတော်ချီးမွမ်းပါ။ ထိုကဲ့သို့ ခံစားရခြင်း မရှိသည့်တိုင် ချီးမွမ်းပါ။ သင်နှင့်ကျွန်ုပ်တို့ ဘဝမှာ ချီးမွမ်းစရာအကြောင်း မရှိသရွေ့ ကိုယ်တော်ကို ချီးမွမ်းမိမည် မဟုတ်ပါ။

ကျွန်ုပ်နှင့် ဇနီးဒေါရသီသည် အရှေ့အလယ်ပိုင်းဒေသတွင် ဧဝံဂေလိတရားတော်ကို တားမြစ်သော ဒေသတစ်ခု၌ သစ္စာရှိစွာ အမှုတော်





ဆောင်နေသူ Stan ထံမှ စာတစ်စောင်ရပါသည်။ Stan ၏စာထဲ၌ ဘုရားသခင်၏သွင်ပြင်လက္ခဏာတို့ကြောင့် ချီးမွမ်းနိုင်ရသည်။ ကျွန်ုပ်သက်သာခြင်းကြောင့်မဟုတ်ပါဟု ရေးထားပါသည်။

Corrie Ten Boom ရေးသော ခွင့်လွှတ်ခြင်းအကြောင်းဖေါ်ပြချက်အရ ချီးမွမ်းခြင်းသည် စိတ်ခံစားမှုအရ မိမိဆန္ဒအလိုကို ရွေးချယ်ရာဖြစ်သည်။ ထိုသို့ ချီးမွမ်းခြင်းကို ရွေးချယ်ပြုလုပ်နိုင်ကြပြီဆိုလျှင် မည်သည့်အခြေအနေမျိုး၌မဆို ဘုရားသခင်၏ မပြောင်းလဲသော မေတ္တာနှင့်ငြိမ်သက်ခြင်းသည် ကျွန်ုပ်တို့၌ ထာဝစဉ်ကိန်းအောင်း တည်ရှိနေမည်ဟူသော အာမခံချက်ရှိပါသည်။

အရာခပ်သိမ်းအတွက် ချီးမွမ်းဖို့ မဟုတ်ဘဲ အရာခပ်သိမ်းတို့၌ ချီးမွမ်းရမည်ဖြစ်ကြောင်း သတိပြုပါ။ **စစ်မှန်သော ချီးမွမ်းခြင်းသည် အလိုတော်အတိုင်း ကြည့်မြင်တတ်၍ တကိုယ်ကောင်းစိတ်ထားနှင့် မဆိုင်သော ယုံကြည်ခြင်း၏ရောင်ပြန်ဖြစ်သည်။** ဆေးရုံ၌ဖြစ်စေ၊ အသင်းတော်၌ဖြစ်စေ ဤအကြောင်းအရာသည် အမှန်ပင်ဖြစ်နိုင်ကြောင်း သတိရပါ။

လောကီရေးနှင့် ငြိတွယ်နေသော စိတ်နှလုံးသည် အတ္တကို လွယ်ကူစွာ ရောင်ပြန်ဟပ်စေသည့်တိုင် ဘဝမုန်တိုင်းကြား၌ ခရစ်တော်ကို ဗဟိုပြုသော စိတ်သဘောသည် ကိုယ်တော်ကို ချီးမွမ်းနိုင်ပါလိမ့်မည်။

> ကျွန်ုပ်တို့ အများစုမှာ နာကျင်ခြင်းဖြစ်ရပ်၌ ပထမလဲပြိုကြပြီး ဘုရားသခင်၏ အကြံအစည်တံခါးဝ၌ ထိုင်နေကြသည်မှာ မိမိကိုယ်ကို သနားသော စိတ်ဖြင့် နွမ်းနယ်နေကြသည်။ ကနဦးခရစ်ယာန်တို့ပင် ကိုယ်ကိုကိုယ်ငဲ့ညှာကြသည်။

ဘုရားသခင်သည် မိမိ၏ ကြီးမားသော မေတ္တာတော်ဖြင့် ထိုသို့ အတင်းအကျပ် မလုပ်ပါ။ မိမိ၏သားတော် ယေရှုခရစ်သည် ဒဏ်ချက်များကြားမှ လက်တော်နှင့် ဆွဲကိုင်မစရန် ခေါ်ဖိတ်လျှက်ရှိသည်။ "ငါနှင့် မိဿဟာရဖွဲ့ရန်လာခဲ့ပါ။ ထိုနောက် သင်သည်ထ၍ လင်းပါ။"

ကျိုးပဲ့သော စိတ်နှလုံးအားဖြင့် ကိုယ်တော်သည် မိမိရည်ရွယ်ချက်ကို အကောင်အထည်ဖေါ်သောခါ ထိုကျိုးပဲ့သော စိတ်နှင့်ပင် ချီးမွမ်းလိမ့်မည်။ (Oswald Chamber)

ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဘုန်းအသရေနှင့် ပြည့်သောလွတ်လပ်ခြင်းကို ပေးထားသောကြောင့် အလိုတော်နှင့်ညီသော အမြင်သဘောကိုဆောင်၍ မိမိတို့၏ဘဝကို နားလည်ကြည့်မြင်ကြရမည်။

အတ္တကို အခြေပြုသူတို့အတွက် ဘုရားသခင်၏အဖြေမှာ သေခြင်း သာဖြစ်သည်။ ဤလောက၌ရှိနေစဉ် အတ္တ၏ဆွဲအားကို ထိပ်တိုက်ရင်ဆိုင်ရာ၌ ယုံကြည်ခြင်း အစစ်အမှန်ကသာ ဘုရားသခင်၏သစ္စာတရားအတွက် ဝမ်းမြောက်နိုင်ပေမည်။ "*သင်တို့သည် သေသောသူဖြစ်၍ အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဝှက်ထားလျှက်ရှိ၏*" (ကောလောသဲ ၃း၃)

ရောမ ၆း၂-၄ အရ သေခြင်း၊ သင်္ဂြိုဟ်ခြင်း၊ ထမြောက်ခြင်းရှိသည်အတိုင်း ကျွန်ုပ်တို့၏အသက်ကို ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဝှက်ထား၏။ သို့ဖြစ်၍ အတ္တကို အခြေပြုမှုမှ လွတ်မြောက်နိုင်ပြီဖြစ်သည်။ မိမိအသက်တာကို အသစ်သောရှုထောင့်မှ မြင်တတ်လာပြီး ကျွန်ုပ်တို့ ဝမ်းမြောက်နိုင်လာမည်ဖြစ်သည်။





ဖန်ဆင်းခြင်းအဟောင်းသည် သေခြင်းသို့ပို့ဆောင်ပေးသော်လည်း စစ်မှန်သော ခရစ်ယာန် သည် ဘုရားသခင်၏ ဖန်ဆင်းပြုပြင်ခြင်း အသစ်၌ ကဏ္ဍအလိုက်ပါဝင်ကြမည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့ရရှိသော ကယ်တင်ခြင်းအကြောင်းဖြစ်သည်။

"ခရစ်တော်နှင့်အတူငါသေ၍
ခရစ်တော်နှင့်အတူ ထမြောက်ပြီ
ခရစ်တော်နှင့်အတူအောင်မြင်ပြီ
ကောင်းကင်ဘုံ၌ နေရာ ရပြီ
မရဏာနိုင်ငံက မနိုင်၍
ကောင်းကင်ဘုံက ဝမ်းမြောက်ပြီ"

ခရစ်တော်နှင့်အတူ အသေခံခြင်းအကြောင်းကို နားလည်ကြလျှင် ကျွန်ုပ်တို့၏လောကအသက်တာသည် အတ္တအခြေပြုဘဝမှလွတ်မြောက်၍ ခရစ်တော်ကို ဗဟိုပြုသော ဘဝသို့အမှန်ရောက်ကြမည်။ ထိုသို့ ခရစ်တော်နှင့် အစဉ်တစိုက် မိဿဟာရဖွဲ့ခြင်းရှိဖို့ရန် လောကီပြသနာတည်းဟူသော အတ္တအခြေပြုဘဝကို အမြဲရင်ဆိုင်၍ နှိမ်နင်းနေရမည့်အကြောင်းကို ကောင်းစွာသိရှိဖို့ လိုအပ်သည်။

## ကျွန်ုပ်၏လောကီပြသနာ

ကျွန်ုပ်တို့သည် စိတ်နှလုံးမှ ပဓါနကျသော မေးခွန်းမျိုးကို မေးသင့်ပါသည်။

ကျွန်ုပ်၏ လောကီအသက်တာသည် အမှန်ပင် ခရစ်တော်ကို ဗဟိုပြု၍ နေပြီလား။ အတ္တအစွဲရှိနေဆဲလား။

အတ္တအခြေပြုဘဝသည် လျင်မြန်စွာရန်ပြုတတ်ပြီး မိမိ၏ လုံခြုံမှုကို ထိပါးစေခြင်း၊ မိမိ၏ချေမ်းသော အသက်တာကို ထိပါးလာခြင်းများ အပေါ် လွယ်လင့်တကူ ရန်လိုတတ်သည်။

**"အတ္တအခြေပြုခြင်းသည် အပြစ်၏ အနှစ်လက္ခဏာ၊ ရန်လိုခြင်း၏မဏ္ဍိုင်၊ ငရဲ၏ခိုင်မာသော တံတိုင်းဖြစ်သည်။"** ( G. Cambell Morgan)

ညနေပိုင်း ဆုတောင်းစည်းဝေး တစ်ခု၌ အမျိုးသမီးတစ်ယောက်သည် သမရိုးကျမဟုတ်သော ဆုတောင်းခြင်းမျိုး ပြုလုပ်လိုက်သည်ကို ကြားလိုက်ရသည်။ ထိုသို့ ဆုတောင်းခြင်းကို ကြည့်ခြင်းအားဖြင့် သူမ သူမ၏ အသက်တာပြောင်းလဲသွားပြီး ဘုရားသခင်နှင့် မိဿဟာရပြုနေပြီဖြစ်ကြောင်း ထင်ရှားပါသည်။ " *သခင်ယေရှုဘုရား၊ ကိုယ်တော်၏ မေတ္တာလက်တော်နှင့် ကျမကို ပွေ့ပိုက်တော်မူပါ။ ကားတိုင်သို့ ဆွဲခေါ်ပြီး ထိုကားတိုင်၌ ကိုယ်တော် နှင့်အတူသေဖို့ မစတော်မူပါ။ ကျမသည် ကိုယ်တိုင် အသက်မရှင်လိုတော့ပါ။ ခရစ်တော်ဘုရား ကျွန်မ၌ ကျိန်းဝပ်တော်မူပါ*" ဟူ၍ဖြစ်သည်။ သူမ၏ ဆုတောင်းချက်ကို ကျွန်ုပ်များစွာ အားရမိသည်။

ထိုအမျိုးသမီးသည် လွတ်မြောက်ခြင်းကို ရပြီဖြစ်ကြောင်း သေခြင်းနှင့် ထမြောက်ခြင်းအားဖြင့် ခရစ်တော်နှင့်အတူ ကောင်းကင်ဘုံ၌ ကျိန်းဝပ်ရပြီဖြစ်ကြောင်း သိရပြီဖြစ်သော်လည်း သူမ၏ကိုယ်ခန္ဓာသည် ဤလောက၌ ရှိနေကြောင်းကိုလည်း နားလည်သဘောပေါက်ထားသည်။





ဆုတောင်းခြင်းကြောင့် လောကအသက်တာ၌ ကိုယ်ခန္ဓာအားဖြင့် တကိုယ်ကောင်းဆန်သော အပြုအမူ၊ အပြောအဆိုများအတွက် ဘုရားသခင်၏အဖြေကို ရှာတွေ့လိုက်သည်။

ထိုသို့ အဓိပ္ပါယ်ရှိသော ဆုတောင်းခြင်းမျိုးသည် ဘုရားသခင်နှင့် မိဿဟာရဖွဲ့ခြင်းကို သူမအားတောင့်တစေပါသည်။ ပေါလုသည် စိတ်နှလုံးပါလျှက် ဆုတောင်းခြင်းအကြောင်းကို ကျမ်းစာ၌ရေးသားခဲ့ပါသည်။ *သင်တို့သည် ဇာတိပကတိအတိုင်း အသက်ရှင်လျှင်သေရကြမည်။ ဝိညာဉ်တော်အားဖြင့် ကိုယ်ကာယအကျင့်တို့ကို သေစေလျှင် အသက်ရှင်ကြလိမ့်မည်။* (ရောမ ၈း၁၃)

ဤကျမ်းပိုဒ်နှင့် ပတ်သက်၍စာဖတ်သူအချို့တို့သည် နှလုံးသွင်းဆင်ခြင်ဖို့ အကြွေးထားကြပြီး၊ အချို့မှာ လက်တွေ့ခံယူကြသည်။ ဂရိဝေါဟာရကို ကောင်းစွာ နားလည်ကြသူတို့ အဖို့ ဤကျမ်းပိုဒ်ကို နားလည်သဘောပေါက်ကြပေမည်။ (ရောမ ၈း၁၃)

**ပထမ** - ဂရိစကားအရ သင်တို့သည် သေကြလိမ့်မည်ဟု ဆိုရာ၌ ပြုလုပ်ခံရခြင်း အကြောင်းကို ဆိုလိုသည်။

**ကျမ်းစာနှင့်ညီသော အကြောင်းရင်း** - ဇာတိပကတိအကျင့်တို့မှ လွတ်မြောက်လျှင် (အတ္တအခြေပြုဘဝမှ) ဘုရားသခင်နှင့် ရင်းနှီးစွာ မိဿဟာရပြုနိုင်သည်။

**ဒုတိယ** - ဝိညာဉ်တော်အားဖြင့် မိမိတို့၏ အတ္တသဘော လောကီအကျင့်တို့ကို အောင်မြင်၍ လွတ်မြောက်နိုင်ကြောင်း ဤကျမ်းပိုဒ်ကဖော်ပြထားသည်။

**ကျမ်းစာနှင့်ညီသောအကြောင်းရင်း** - ဆုတောင်း၍ လုပ်ဆောင်သော

အစဉ်အလာရှိသည်အတိုင်း အတ္တသဘောကို ကိုယ်တိုင်မတတ်နိုင်ပါ။ လောက၌ရှိနေသောကြောင့် ဝိညာဉ်တော်ကသာ ထိုအတ္တဘဝမှ လွတ်မြောက်နိုင်စေသည်။

**တတိယ**- ဤကျမ်းပိုဒ်သည် ပစ္စုပ္ပန်အခြေအနေကို ရေးထားသောကြောင့် လက်တွေ့လုပ်ဆောင်ရန် ဆုတောင်း၍ ဘုရားသခင်နှင့် ပူးပေါင်းခြင်းကို အစဉ်တစိုက် လုပ်နေရမည်ဖြစ်သည်။

**ကျမ်းစာနှင့်ညီသော အကြောင်းရင်း** - ခရစ်ယာန်တစ်ဦးသည် ပြောင်းလဲခြင်းအတွက် မိမိ၏အတ္တသဘောကို ဝိညာဉ်တော်အား နှိမ်နင်းစေခြင်းသည် တစ်ကြိမ်တည်းသာ မဟုတ်ရပါ။ အတ္တစိတ်သည် မိမိတို့ အသိတရား၌ အကျည်းတန်စွာရှိနေလျှင် အတ္တသဘောထားများ သေပျောက်ကြမည်ဖြစ်သည်။ ထိုသို့ ယုံကြည်ခြင်းနှင့်အမြဲရှင်သန်နေဖို့ ကျွန်ုပ်တို့ ဖက်မှနေ၍ အမြဲလုပ်ဆောင်ဖို့ ဘုရားသခင်အလိုရှိသည်။

ဤအကြောင်းနှင့်ပတ်သက်သော သာဓကတစ်ခုကို ပြရလျှင် တရားခုံရုံးတစ်ခုကိုကြည့်ပါ။ လူတစ်ယောက်သည် လူသတ်မှုတစ်ခုကို ကျူးလွန်သည်။ သူ့အပြစ်ထင်ရှားသည်ဖြစ်၍ တရားသူကြီးက စီရင်ချက်ချလိုက်သည်။ ဤသူသည် လူသတ်မှု အပြစ်ထင်ရှားသောကြောင့် သေစားသေစေရန် ဤရုံးတော်မှ အမိန့်ချလိုက်ပါသည်။

ဤသို့ဖြင့် တရားသူကြီးသည် သေချာစစ်ဆေးပြီး ထိုက်တန်သော ပြစ်ဒဏ်အတွက် သေမိန့်ပေးလိုက်သည်။ သို့ရာတွင် အကယ်၍တရားသူကြီးသည် ထိုသေမိန့်အတွက် ကိုယ်တိုင်ထ၍ ထိုလူသတ်သမားကို သေနတ်ဖြင့် ပစ်သတ်လိုက်လျှင် သူကိုယ်တိုင် အပြစ်ရှိသွားပေလိမ့်မည်။

ထို့ကြောင့် ရာဇဝတ်သားသည် သေမိန့်ခံယူရန် တရားသူကြီးမှ





လုပ်နိုင်သောအရာသည် နိုင်ငံတော်၏ အာဏာပါးကွက်သားလက်သို့ အပ်လိုက်ရခြင်းဖြစ်သည်။

ထိုနည်းတူ ကျွန်ုပ်တို့၏ မိမိ၏တကိုယ်ကောင်းစိတ်၊ အတ္တကိုဆင်ခြင်အောက်မေ့ပြီး အပြစ်ကိုဝန်ခံဖို့လိုအပ်ပါသည်။ တရားသူကြီးကြေညာသလို ကျွန်ုပ်တို့၏ အတ္တအကျင့်များကို သေမိန့်ချဖို့ ကြေညာ ရပေမည်။

တရားသူကြီးသည် လူသတ်သမား၏ အသက်ကိုကိုယ်တိုင် မသတ်နိုင်သလို ကျွန်ုပ်တို့သည်လည်း မိမိတို့၏ အတ္တသဘောကို ကိုယ်တိုင်မသတ်နိုင်ပါ။ သို့သော် ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်၏အတ္တသဘောကို အသေသတ်ပေးမည်ဖြစ်ကြောင်း ကျေးဇူးတော်ချီးမွမ်းပါ။

ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့သည်၏ ဇာတိပကတိအကျင့်တို့ကို ဝိညာဉ်တော်အားဖြင့် အသေသတ်နိုင်ပါသည်။ ဤသို့အံ့ဩဖွယ် လွတ်မြောက်ခြင်းအကြောင်းကြောင့် ခရစ်တော်ကို ဗဟိုပြုသော အသက်တာကိုရပြီး လွတ်မြောက်ခြင်းအတွက် ဝမ်းမြောက်ခြင်း ခံစားရပေသည်။

ကျမ်းစာကလည်း အတိအကျ သွန်သင်သောကြောင့် ထိုအမျိုးသမီး၏ ဆုတောင်းချက်ကို အားရပြီး ကျွန်ုပ်ကိုယ်တိုင်ပင် ထိုကဲ့သို့ အကြိမ်ကြိမ် ဆုတောင်းပါသည်။

**သခင်ဘုရား သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်၏အတ္တကို ချေမှုန်းပေးပါ။ မေတ္တာတော်အားဖြင့် ကားတိုင်နှင့် နီးစေပါ။ ကျွန်ုပ်၏ အလိုအတိုင်း အသက်မရှင်လိုတော့ပါ။ ခရစ်တော် ကျွန်ုပ်၌ ရှင်တော်မူပါ။**

ဘုရားသခင်၏ နှုတ်ကပတ်တော် အဟာရကို သုံးဆောင်ရန် မိမိတို့၏ဘဝတွင် ရောင့်ရဲတင်းတိမ်မှု ရှိရန်လိုအပ်ကြောင်း ဆင်ခြင်ခံယူရပါမည်။ ဓမ္မဟောင်းခေတ်က ယဇ်ပုရောဟိတ်တို့သည် မိမိတို့၏သိုးစုကို အဟာရဖြစ်အောင် အဘယ်ကြောင့် ကျွေးမွေးပြုစုကြသနည်း။ သူတို့သည် အသေသတ်ခြင်းခံရမည့် သိုးစုများဖြစ်ကြသည်။ မွေးဖွားချိန်မှစ ယဇ်ပူဇော်ချိန်အထိ သူတို့ကို ပူဇော်ဖို့မွေးမြူထားကြသည်။

ခရစ်ယာန်များသည် မိမိတို့၏ ဟောပြောစွမ်းဆောင်နိုင်မှုတို့သည် လူပရိတ်သတ် ရှေ့မှောက် အောင်မြင်သောသူဟု ထင်တတ်ကြပြီး ခရစ်တော်၏ နှစ်သက်ခြင်းခံရမည်ဟု လွဲမှားစွာယူဆကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို နှုတ်ကပတ်တော်အားဖြင့် ပြင်ဆင်ကျွေးမွေးပြီ ဆိုလျှင် ကိုယ်တော်၏ ရည်ရွယ်ချက်မှာ လူ့အမြင်တွင် ပေါ်လွင်ထင်ရှားသော စွမ်းဆောင်မှုကို လုပ်ဆောင်စေခြင်းမဟုတ်ဘဲ မိမိတို့ဘဝအသက်တာကို ဆက်ကပ်ပူဇော်ဖို့ဖြစ်သည်။ ဘုရားရှင်၌ ကျွန်ုပ်တို့ အလုံးစုံကို ပုံအပ်အသက်ရှင်ကြမည်ဆိုလျှင် မိမိတို့၏ တကိုယ်ကောင်းစိတ်၊ အတ္တစိတ်၊ ကိုယ်ကိုကိုယ်ကျေနပ်သောစိတ် စသည်တို့ကို ဦးစွာချေမှုန်းကြရမည်။

ကောလောသဲ အသင်းတော်အတွက် တိမောသေမှလွဲ၍ အခြားဂရုစိုက်ပျိုးထောင်သူမရှိဟု ပေါလုသည် နာကျင်စွာ ထုတ်ဖော်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုမြို့၌ရှိသော ခရစ်ယာန်များသည် ကိုယ်တိုင်ကြုံတွေ့ခံစားခြင်းဖြင့် ချစ်ခြင်းမေတ္တာသည် မိမိအတ္တအတွက်မဟုတ်ကြောင်းကို မသိရှိကြပါသောကြောင့်ဖြစ်သည်။ "*လူအပေါင်းသည် ယေရှုခရစ်၏ အကျိုးကို မရှာ။ ကိုယ်အကျိုးကိုသာ ရှာကြ၏။*" (ဖိလိပ္ပိ ၂း၂၁)





ယခုခေတ်တွင် ဆင်းရဲဒုက္ခခံရသော အသင်းတော်တို့ကို ကြည့်ရှုသော ခရစ်ယာန်များအဘယ်မှာရှိကြသနည်း။ အပယ်ခံလူတို့ကိုမေတ္တာပြဖို့ အချိန်မပေးနိုင်ဟု ဆင်ခြေပေးနေပါသလား။ ဘုရားမေတ္တာတော်သည်သာ ကိုယ်ကျိုးမရှာသော မေတ္တာဖြစ်ကြောင်း သတိရဖို့လိုပါသည်။ စပျစ်ရည်အပြည့်အလျှံ ခံယူရရှိဖို့ ခွက်ဖလားလွတ်နေဖို့လိုပါသည်။ ထိုနည်းတူ ဘုရားသခင်၏မေတ္တာတော် အပြည့်အဝခံယူရရှိဖို့ မိမိတို့၏အတ္တသဘောများ ဦးစွာသေရပါမည်။ ကျွန်ုပ်တို့ ဘဝအသက်တာ၌ ကျေးဇူးပြုလုပ်ဆောင်ပေးသော ဝိညာဉ်တော်အတွက် ဘုရားသခင်ကို ချီးမွမ်းပါ။

ဘုရားသခင်၏ မေတ္တာတော်နှင့် ပြည့်ဝနေဖို့ ကျွန်ုပ်တို့၏ အတ္တသဘောများကို သတ်နိုင်ရန် ဝိညာဉ်တော်ကို အစဉ်အမြဲတောင်းလျှောက်နေဖို့လိုအပ်ပါသည်။ "*ငါတို့အား ပေးတော်မူသော ဝိညာဉ်တော်သည် ဘုရားသခင်၏ မေတ္တာတော်ကို ငါတို့ စိတ်နှလုံးထဲသို့ ညွှန်းလောင်းတော်မူ၏။*" (ရောမ ၅း၅)

သင်တို့၏ စိတ်နှလုံးထဲ၌ ဘုရားသခင်နှင့် အချိန်ယူခြင်း အစီစဉ်အတွင်းမှာ ဤတရားစစ် စတင်လှုပ်ခတ်ပြီဆိုလျှင် ဝိညာဉ်တော်သည် နှုတ်ကပတ်တော်အားဖြင့် တရားစစ်ကို ဖွင့်လှစ်ပြပါမည်။

ယုံကြည်သူတိုင်းသည် ဘုရားသခင်နှင့် အစဉ်တွေ့ဆုံနေဖို့ လိုအပ်ပါသည်။ ဘုရားသခင်နှင့် မိဿဟာရဖွဲ့ခြင်းကို ဘဝ၌ မည်သည့်အရာကမျှ မဖျက်ဆီးနိုင်ကြောင်း စိတ်ချမှုရှိကြပါစို့။

## ဝိညာဉ်ရေးစစ်ဆေးချက်

၁။ ဘုရားသခင်၏ရှေ့မှောက်တွင် နောင်တမရဘဲ ဝန်ချတောင်းပန်ခြင်းမရှိသော အပြစ်များရှိနေပါသလား။

၂။ ခွင့်မလွှတ်နိုင်သောစိတ်နှင့်၄င်း၊ ကိုယ်မနှစ်သက်သော သူတို့နှင့်၄င်း၊ လှည့်ဖျားသော သူတို့နှင့်၄င်း၊ သူတပါးတို့၏ စည်းစိမ်ချမ်းသာအတွက်၄င်း၊ မြည်တွန်ငြီးတွား၍ဝေဖန်မှုတို့နှင့်၄င်း ကျွန်ုပ်တို့ ပြသနာတက်နေကြပါသလား။

၃။ သြတ္တပ္ပစိတ်ကြည်လင်သည်ဖြစ်၍ ယုံကြည်ခြင်းနှင့်အသက်ရှင်နိုင်ပြီလား။

၄။ ဤလောက၌ ကျွန်ုပ်တို့၏ ဘဝသည် ခရစ်တော်အုပ်စိုးသော အသက်တာဖြစ်ပြီလား။ အတ္တစွဲရှိနေဆဲလား။



---

* နှုတ်ကပတ်အလင်းတွင်
ယေရှုနှင့်လျှောက်သွားစဉ်
သွေးသွန်းဦးဆောင်သွားသည့်တွက်၊ ဝမ်းမြောက်ဖွယ်ရာ
အလိုတော်ကို လိုက်လျှောက်သောခါ၊
ဘုရားရှင်ကို ယုံကြည်နာခံသူနှင့် အတူရှိမည်အမှန်။

* မိုးတိမ်ညိုအရိပ်ဖုံးလွှမ်းနေလည်း
သူ့အပြုံးကအဝေးသို့လွှင့်စေကင်းစင်စေ
ယုံကြည်နာခံလိုက်လျှောက်က
ကြောက်ရွံ့သံသယမျက်ရည်စများ၊ ကင်းစင်စေမည်။

* ပလ္လင်တော်ရှေ့ရောက်သည်တိုင် သူ၏ချစ်ခြင်း၌
ဝမ်းမြောက်မှုကို သက်သေပြမရ
ယုံကြည်နာခံလိုက်လျှောက်မှ၊ ဝမ်းမြောက်ပျော်ရွှင်ရပေမည်။

* ဘုရားရှင်နှင့်အတူလိုက်လျှောက်၊ ခြေတော်ရင်းတိုးဝင်
မိန့်မှာသမျှ ယုံကြည်နာခံလိုက်လျှောက်လျှင်
ဘယ်နေရာပို့ပို့
ကြောက်ခြင်းကင်းလျှက် သွားနိုင်ပေမည်။

**John. H. Sammis**

---

**အခန်း(၄)**

## ဘုရားသခင်နှင့် အချိန်ယူခြင်း

ကျွန်ုပ်တို့စဉ်းစားကြည့်မည်ဆိုလျှင် မိမိ၏မာနကြီးမှုကို ပုံဖေါ်ရာ၌ စဉ်းစားဆင်ခြင်နိုင်မှုထက်လျှော့နည်းစွာ ပုံဖေါ်နိုင်သည်ကို တွေ့ရသည်။ ကျွန်ုပ်တို့၏ တစ်နေ့တာ အင်္ဂနေ့အတာကို ကောင်းစွာလုပ်ဆောင်နိုင်ရန် သခင်ယေရှုခရစ်၌ စိတ်နှလုံးကို ပြင်ဆင်၍ နှုတ်ကပတ်တော်စကားများကို တစ်နေ့တာ၏ အဦးဆုံးအချိန်၌ ခံယူရန်လိုအပ်ပါသည်။

ဒါဝိဒ်က ဝိညာဉ်ရေးအသက်တာ တိုးတက်ဖွံ့ဖြိုးမှုအတွက် မျိုးစေ့ချဖို့ ဖေါ်ပြပါသည်။ နှုတ်ကပတ်တော်ကို ဆင်ခြင်အောင့်မေ့သော သူသည် အစဉ်အသီးသီးတတ်ကြောင်း ဒါဝိဒ်က ဆာလံ ၁း၃ ၌ ဖေါ်ပြထားပါသည်။





ထိုသို့သောသူသည် မည်သို့သော လူစားမျိုးနည်း။

တရားတော် ကို နေ့ညမပြတ် ဆင်ခြင်အောင့်မေ့သောသူမျိုးကို ဆိုလိုပါသည်။ (ဆာလံ၁း၂)

ကျွန်ုပ်သည် ခရစ်တော်ကို စိတ်နှလုံးထဲ လက်ခံယုံကြည်သူတို့ကို တခါတရံ ဤသို့ပြောလေ့ရှိသည်။ ကျမ်းစာကို တစ်ရက် တစ်ခန်း ဖတ်ခြင်းသည် စာတန်မာရ်နတ်ကို အနိုင်ယူခြင်းတစ်မျိုးဖြစ်သည်။ သင်သည် ကျမ်းစာကို အချိုးကျဖတ်ပြီး ထပ်တလဲလဲ ပြန်ဖတ်ပါ။ ထိုနောက် ကျမ်းပိုဒ်တစ်ခုပြီးတစ်ခု နှလုံးသွင်းဆင်ခြင်ပါ။ နွားတစ်ကောင် လယ်ထဲ စားမြုံ့ပြန်နေသည်ကို တွေ့ဖူးပါသလား။ နွားသည် ကောက်ရိုးမြက်ခြောက်တို့ကို စားပြီးမှ တဖန် စားမြုံ့ပြန် အစာချေပြီးမှ မျိုချလေ့ရှိသည်။ ကျမ်းစာကို နှလုံးသွင်း ဆင်ခြင်ဖို့ရန် ဤသို့ စားမြုံ့ပြန် အစာချေနည်းသည် တစ်မျိုးကောင်းပေသည်။

လူတစ်ယောက်သည် ၄င်း၏ (၇၀) နှစ်မြောက် မွေးနေ့တွင် ပြောင်းလဲသွားပါသည်။ ထိုအချိန်က သူသည် ကျမ်းစာကိုများစွာ မသိသေးပါ။ ထိုသို့ ခရစ်တော်၌ မပြောင်းလဲမီက ဘုရားကျောင်းကို ပုံမှန်တက်သူမဟုတ်သည့်အပြင် အတတ်ပညာ၌လည်း အောင်မြင်ခြင်းမရှိခဲ့ပေ။ သို့သော်လည်း အသစ်သောအသက်တာကို ရရှိပြီးသည့်အချိန်မှစ၍ သခင်ခရစ်တော်၏ ချစ်ခြင်းမေတ္တာ၊ ဂရုဏာတရားတို့ကို ပိုမိုသိကျွမ်းလိုသော ဆန္ဒကြောင့် သူ့အသက်(၈၃)နှစ် ခေါ်တော်မူခြင်းခံရသည်အထိ သမ္မာကျမ်းစာကို (၁၃) ကြိမ်မြောက် ဖတ်ရှုပြီးဖြစ်သည်။ ထိုကြောင့် သင့်အသက်အရွယ်နှင့် ပညာရေးနောက်ခံမည်သို့ပင် ရှိစေကာမူ ကျမ်းစာကို နေ့တိုင်းဖတ်နိုင်ပါသည်။

ကျမ်းစာကို ဒါဝိဒ်ကဲ့သို့ ဆုတောင်းပြီး စိတ်နှလုံးဖွင့်ကား နှိမ့်ချသော စိတ်နှင့်ဖတ်ပါ။

"*တရားတော်၌ အံ့ဩဘွယ်သော အရာတို့ကို မြင်နိုင်ပါမည်အကြောင်း အကျွန်ုပ်၏ မျက်စိကို ဖွင့်တော်မူပါ။*" (ဆာလံ ၁၁၉း၁၈)

ဤသို့ သခင်ဘုရားနှင့်အချိန်ယူ၍ အသီး သီးနိုင်သော နည်းလမ်းကို ရှာတွေ့နိုင်ပါသည်။

ဘုရားနှင့်အချိန်ယူပြီး အပြန်အလှန်စကားပြောနိုင်သည်ကို လူအချို့တို့နားမလည်ကြောင်း ကျွန်ုပ်တို့ သိရှိပြီးဖြစ်သည်။ ကျွန်ုပ်တို့နှလုံးသွင်း ဆင်ခြင်သော ကျမ်းပိုဒ်အားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို စကားပြောပါသည်။ ထိုသို့ ဘုရားသခင်က ကျမ်းစာဖြင့် စကားပြောပြီး ကျွန်ုပ်တို့ထံမှ တုန့်ပြန်မှုကို ဆုတောင်းခြင်းဖြင့် ကြားရဖို့ တခါတရံ ဘုရားသခင်က စောင့်နေရကြောင်း နားမလည်ကြ။ နှုတ်ကပတ်တော် အလုပ်လုပ်ပြီဆိုလျှင် ကျွန်ုပ်တို့၏ ဆင်ခြင်တွေးတောခြင်း၌ စိမ့်ဝင်လာပြီဖြစ်သည်။ နှုတ်ကပတ်တော်စကားများကို ဆုတောင်းခြင်းဖြင့်လိုက်လျှောက်လျှင် ကျွန်ုပ်တို့၏အသက်တာ၏ အစိတ်အပိုင်း တစ်ခုဖြစ်လာမည်။

"ကျွန်ုပ်ကျမ်းစာဖတ်သောအခါ ဘုရားသခင်မည်သို့ စကားပြောမည်နည်း "ဟု မေးစရာရှိသည်။

ကျွန်ုပ်အနေဖြင့် အတွေ့အကြုံအရ မိမိဖတ်သော ကျမ်းပိုဒ်နှင့် ပတ်သက်၍ စိတ်ထဲမှာ မေးစရာရှိလာသည်။ တစ်ချို့မေးခွန်းများမှာ လွန်ခဲ့သော နှစ်များစွာကတည်းက အကြံပြုထားသော မေးခွန်းများဖြစ်သည်။ ကိုယ်တော်နှင့် ဆုတောင်းမိတ်ဖွဲ့ရာ၌ လမ်းညွှန်ဖြစ်စေနိုင်သည်။ သင်သည်လည်း မိမိဖတ်ရသော ကျမ်းပိုဒ်တို့ကို လမ်းညွှန်အဖြစ်အသုံးပြု





ရန် တိုက်တွန်းလိုပါသည်။ လွန်ခဲ့သော အချိန်များစွာက ရင်းနှီးခဲ့သော ကျမ်းပိုဒ်တို့သည် ယခုဘုရားသခင်နှင့် အချိန်ယူခြင်းဖြင့် ကျွန်ုပ်ဘဝမှာ သက်ဝင်လှုပ်ရှားစေလာပါသည်။

ဤသို့ဖြင့် နားထောင်ခြင်းအကြောင်း၊ ယုံကြည်ခြင်းအကြောင်း၊ အန္တရာယ်နှင့် သတိပေးခြင်းအကြောင်း၊ မာရ်နတ်နှင့်ရန်သူတို့ကို ရင်ဆိုင်ခြင်းအကြောင်း စသည်ဖြင့် သိနားလည်ရပြီး ခရစ်တော်၏အောင်မြင်ခြင်းသည် သင့်အတွက်ဖြစ်လာပေမည်။

## နားခံခြင်းဖြင့် တုန့်ပြန်ခြင်း

ကျွန်ုပ်တို့သည် ဘုရားသခင်၏ အသံတော်ကို ကြားရဖို့ ကိုယ်တော်နှင့်ခဏမျှထိတွေ့၊ ဘုရားသခင်နှင့် အချိန်ယူခြင်းအားဖြင့် ဝိညာဉ်ရေးထိုင်းမှိုင်းနေခြင်းကို ပြန်လည်လန်းဆန်းလာစေရန် ဝိညာဉ်တော်၏ ဖော်ပြချက်ကို နားထောင်ရမည်။

အသက်ဝင်သော မိဿဟာရရှိဖို့ အလိုဆန္ဒကို အပ်နှံရမည်။ ဘုရားရှင်နှင့် အချိန်ယူရင်း ကျမ်းစာဖတ်ရာတွင် အောက်ပါအတိုင်း မေးခွန်းထုတ် သုံးသပ်သင့်ပေသည်။

၁။ နားထောင်ရန် အမိန့်လား

၂။ ရှောင်ရှားရမည့် အပြစ်လား

၃။ လိုက်နာရန် ကောင်းသော ပုံစံနမူနာလား

၄။ ရှောင်ရှားရမည့် မကောင်းသော ပုံစံနမူနာလား

ထိုသို့သော မေးခွန်းမျိုးသည် သင်ကိုယ်တိုင် ဘုရားနှင့်အချိန်ယူရင်း အပြန်အလှန်အကျိုးသက်ရောက်မှုကို ဖြစ်စေပါသည်။မိမိဖတ်မိသမျှကို စဉ်းစားရုံသာပြုလုပ်ဖို့ မဟုတ်ပါ။ ရှေ့တော်မှောက်သို့ တိုးဝင်ရင်း ဤမေးခွန်းတို့ကို လေ့ကျင့်ခြင်းဖြင့် ဘုရားသခင်မိန့်တော်မူသမျှကို စိတ်နှလုံးပါလျှက် တုန့်ပြန်နေပြီဖြစ်သည်။

သင်သည် နှုတ်ကပတ်တော်ကို ဖတ်သည့်အခါတိုင်း သင်နှင့်အတူ ဝိညာဉ်တော်ရှိနေကြောင်း သတိရပါ။ ဝိညာဉ်တော်၌ မှီခိုပြီဆိုလျှင် ဘုရားသခင်သည် နှုတ်ကပတ်တော်ကို ၉ လက်မ ထပ်၍နိမ့်အောင်ရွှေ့ပေးလိမ့်မည်။ အဓိပ္ပါယ် သင်၏ဦးကျောက်မှ စိတ်နှလုံးသားထဲသို့ဖြစ်သည်။

ကျွန်ုပ်တို့သည် ပုန်ကန်ဆန့်ကျင်မှု အမျိုးမျိုးနှင့်ပြည့်ဝနေသော ဤနောက်ဆုံးသောကာလတွင် အသက်ရှင်နေကြရသည်။ ခရစ်တော်ကို ငြင်းသော မျိုးဆက်တို့၌ တိုးဝင်ထိုးဖေါက်နိုင်ဖို့ ကျွန်ုပ်တို့ကိုယ်တိုင်က စိတ်နှလုံးပါလျှက် နားထောင်ဖို့လိုပါသည်။ ဘုရားသခင် ဖေါ်ပြသော တရားစစ်တို့ကို နားထောင်ခြင်းဖြင့် ဤလောက၌ ကျွန်ုပ်တို့အားဖြင့် ကိုယ်တော်၏တန်ခိုးတော် စီးဆင်းဖြာထွက်လာပေမည်။

Oswald Chamber ၏ My Utmost For His Highest စာအုပ်ကို ကျွန်ုပ်နှင့်ဇနီးတို့သည် အတူတကွဖတ်၍ဝေငှကြသည်။ ဤသို့ရေးသားထားပါသည်။

> ဘုရားသခင်၏ ဖေါ်ပြချက်ကို နားထောင်လျှင် နောက်ထပ်ဖေါ်ပြတော်မူဦးမည်။ တစ်နေ့မှာ ကျွန်ုပ်နားလည်လာပေမည်ဟု သင်ပြောမိမည်။ သို့သော်ယခုပင် သင်ကိုယ်တိုင်နားလည်နိုင်ပါသည်။ အထူးထိုးထွင်းသိနိုင်ခြင်းတို့သည် လေ့လာသင်ယူခြင်းမှမရ၊ နာခံ





> ခြင်းမှသာရနိုင်ပါသည်။ သင့်အတွက် ဘုရားသခင်ဖေါ်ပြချက်ကို ယခုအကျိုးသက်ရောက်စေခြင်းသည် သင်နားထောင်လိုက်လျှောက်ရုံဖြင့် ကောင်းကင်တံခါးတို့ ပွင့်လာပေမည်။ သင်သိရှိပြီးသောအရာကို နာခံမှုရှိမှသာလျှင် ဘုရားသခင်သည် သင်၌ သမ္မာတရားအကြောင်း ထပ်မံဖြည့်စွက်ဖေါ်ပြမည်ဖြစ်သည်။

သာသနာပြုဆရာကြီးများဖြစ်ကြသော Charles T. Studd နှင့် Hudson Taylor တို့သည် တစ်ညမှာ အထပ်ခိုး တစ်ခု၌ အတူရှိနေကြသည်။ နံနက်မိုးသောက်ချိန်တွင် Taylor သည် မိမိအခန်းဖေါ်ဖြစ်သူ Studd မှာ ဖရောင်းတိုင်မီးကလေးနှင့် ကျမ်းစာဖွင့်ဖတ်နေသည်ကို တွေ့ရပြီး မေးကြည့်လိုက်ရာ Studd က ဤသို့ဖြေပါသည်။

"သန်းခေါင်ယံအချိန်တွင် နှုတ်ကပတ်တော်သည် ကျွန်ုပ်အားနှိုးပါသည်။ ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကို စောင့်ပါဟု နားထဲတွင် ကြားလိုက်ရပါသည်။ ကျွန်ုပ်သည် ခရစ်တော်ကို ချစ်ကြောင်းကို နားထောင်ခြင်းအားဖြင့် သက်သေထူရမည်ဖြစ်သည်။ ကျွန်ုပ်သည် ပြန်မအိပ် ချင်တော့ဘဲ ကျမ်းစာကို ဆက်ဖတ်နေခဲ့ပါသည်။ တပည့်တော်တို့ကို ပေးခဲ့သော ပညတ်တော်တိုင်းကို လေ့လာပါသည်။ တွေ့ရှိသော ပညတ်ချက်များကို ကျမ်းစာအုပ်၌ မှတ်သားထားပြီး နားထောင်နိုင်ခဲ့ပါသည်။ အပြစ်များကို ဝန်ချတောင်းပန်သောအခါ ကိုယ်တော်ကိုချစ်ကြောင်း ပညတ်များကို နားထောင်နိုင်ဖို့ ကျေးဇူးတော်ကြောင့် ပြုလုပ်လာနိုင်ပါသည်။"

သင်သည်လည်း နှုတ်ကပတ်တော်အလင်း၌ လိုက်လျှောက်ခြင်းဖြင့် "ကိုးစားနားထောင်" သီချင်းကဲ့သို့ ဝမ်းမြောက်နိုင်ပါပြီ။

## ယုံကြည်ခြင်းကို လက်ကိုင်ထားခြင်း

ဘုရားနှင့် အချိန်ယူပြီး ကျမ်းစာကို ဖတ်ခြင်း၌ ဤသို့မေးနိုင်ပါသည်။ ကျမ်းပိုဒ်တို့သည် -

- ကတိတော်ပေးထားပါသလား၊
- သတိပေးချက်လား

ကျမ်းစာသည် ကတိတော်တို့နှင့် ပြည့်လျှက်ရှိသည်။ နှလုံးသွင်းဆင်ခြင်သောအခါ ကိုယ်တော်၏ ကတိတော်များကို သိဖို့လိုပါသည်။ ထို့အတူ သတိပေးချက်များကိုလည်း နားထောင်ရပါမည်။ ကတိတော်များကိုသာ ဂရုစိုက်ပြီး၊ သတိပေးချက်များကို လစ်လျူရှုလျှင် ယုံကြည်ခြင်းဖြင့် အသက်ရှင်ခြင်းမဟုတ်ပါ။ ဇွတ်အတင်း ယုံကြည်ဖို့ အားထုတ်သလိုဖြစ်သည်။

ကျမ်းစာကို နေ့စဉ်ဖတ်၍ ကတိတော် တစ်ခုခုသည် သင့်အတွက်ဖြစ်စေပါ။ ထိုသို့ ကတိတော်များကို ကိုးစားခြင်းဖြင့် သင့်အသက်တာ၌ နားထောင်ခြင်းအကျိုးတရားကို ကိုယ်တိုင်တွေ့ကြုံလာစေဖို့ သခင်ဘုရားက မစလာပါလိမ့်မည်။

ဘုရားနှင့် လိုက်လျှောက်ခြင်းကြောင့် ကတိတော်များသည် သင့်အသက်တာ၌ ရှင်သန်လာပါလိမ့်မည်။ သင်၏ယုံကြည်ခြင်းလည်း အားပြည့်လာမည်။ "*ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်သည်။*" (ရောမ ၁၀း၁၇)

ယုံကြည်ခြင်း၏ဆန့်ကျင်ဖက်ကား အဘယ်အရာနည်း။ အဖြေ





မှာ လွယ်မယောင်နှင့် ခက်နေပါသည်။ ဤမေးခွန်း၏အဖြေမှာ မယုံကြည်ခြင်းပင်ဖြစ်သည်။ သင့်ဘဝအတွက် မရှိမဖြစ်လိုအပ်သောအရာ (၃) မျိုးမှာ **ယုံကြည်ခြင်း၊ အားကိုးခြင်း၊ နှိမ့်ချခြင်း**တို့ဖြစ်သည်။ ၎င်းတို့၏ ဆန့်ကျင်ဖက်မှာ **မယုံကြည်ခြင်း၊ အားမကိုးခြင်း**နှင့် **မာန်မာန**တို့ပင်ဖြစ်သည်။

ယုံကြည်ခြင်းရှိသောသူသည် ကိုယ်တိုင်မလုပ်ဆောင်နိုင်သောအရာအတွက် သခင်ဘုရားကို အားကိုးသောသူဖြစ်သည်။ ထိုသို့သောသူသည် ကျမ်းစာဖတ်၍ မပျက်နိုင်သော ကတိတော်ကို ကိုးစားသောသူဖြစ်သည်။"*ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ။*" (ယောဟန် ၁၅း၅) လူသည် ကိုယ်တော်ကို အားမကိုးဘဲမိမိခွန်အားနှင့်ဘာမျှမတတ်နိုင်ကြောင်း ဝန်ခံဖို့လိုသည်။ အားကိုးတတ်သောသူသည် နှိမ့်ချတတ်သော စိတ်နှလုံးရှိသောသူသည်။

ယုံကြည်ခြင်းမရှိသောသူမှာ လွတ်လပ်သောသူဟု မိမိကိုယ် ထင်ပြီး ဘုရားသခင်၏ ကူမမှုကိုမလိုဟု ယူဆသူဖြစ်သည်။ ယနေ့ သန်းပေါင်းများစွာသော သူတို့သည် ကယ်တင်ခြင်းအတွက် ခရစ်တော်ကို အားမကိုးကြပါ။ များစွာသော ခရစ်ယာန်တို့သည်လည်း မိမိတို့အသက်တာ၌ ခရစ်တော် ကျိန်းဝပ်ခြင်းကို အမှီမပြုကြပါ။ ထိုသို့ သခင်ခရစ်တော်အပေါ် အမှီမပြုလိုသော သဘောတို့သည်မာနကြီးသော စိတ်နှလုံးပေါက်ဖွားလာပါသည်။

ထို့ကြောင့် ယုံကြည်ခြင်း၏ ဆန့်ကျင်ဖက်မှာမာန်မာနဖြစ်သည်။ ထင်ပေါ်လိုမှု၊ ကိုယ့်ကိုကိုယ်အထင်ကြီးမှုတို့သည် ယုံကြည်ခြင်းနှင့်ဆန့်ကျင်နေပါသည်။

လောကီအကျင့်မှန်သမျှသည် အတ္တစိတ်ကိုဖြစ်စေပြီး ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းတန်ခိုးကို ယုံကြည်စိတ်ချခြင်း လျော့စေပါသည်။ ကတိတော်၏ နောက်ကွယ်၌ ဘုရားသခင်၏ကြွယ်ဝခြင်းများရှိပြီး ကျွန်ုပ်တို့အား ဤလောက၌ မိမိတို့၏ အသိဉာဏ်၊ မိမိတို့၏ အစွမ်းသတ္တိဖြင့် မလျှောက်စေပါ။

G.K Chesterton (၁၈၇၄-၁၉၃၆ ) သည် မိမိ၏ မာနတရားအပေါ် ဤသို့ထောက်ပြထားပါသည်။

> ယနေ့ ကျွန်ုပ်တို့ဒုက္ခတွေ့နေခြင်းမှာ မလိုအပ်သော နေရာတွင် သိက္ခာစောင့်စည်းနေကြခြင်းဖြစ်သည်။ အဓိပ္ပါယ်မရှိသောအရာအတွက် သိက္ခာယူနေရသည့် သူသည် ကိုယ်ကိုကိုယ် သံသယရှိသော်လည်း သမ္မာတရားအပေါ် သံသယမရှိရပါ။ သို့သော် ဤသို့ဖြစ်ရမည့်အစား အမြဲပြောင်းပြန်ဖြစ်နေသည်။

သခင်ဘုရားကို အားမကိုးဘဲ လူတို့၏အကြံပေးခြင်းအပေါ် မှီခိုသော ခရစ်ယာန်များသည် ကောင်းကြီးမခံစားရပါ။ ရေသည် မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းသလို ခရစ်တော်ပြောသော သက်စမ်းရေသည် စိတ်မြင့်သော သူတို့၌ မစီးဆင်းပါ။

"*စိတ်မြင့်သောသူသည် သဘောမဖြောင့်*" (ဟဗက္ကုတ် ၂း၄) မိမိ၏လိုအပ်မှုအတွက် ဘုရားသခင်ကို အားကိုးသော ယုံကြည်သူတို့၏ နှလုံးသား၌ ဝိညာဉ်တော်သည် သက်စမ်းရေကို စီးဆင်းစေပါသည်။

"*ထိုပွဲကို ခံ၍ နောက်ဆုံးသောနေ့မြတ်၌ ယေရှုသည် ရပ်၍ကြွေးကြော်တော်မူသည်ကား၊ ရေငတ်သောသူရှိလျှင်ငါ့ထံသို့လာ၍သောက်ကြလော့။ ငါ့ကို ယုံကြည်သောသူသည် ကျမ်းစာလာသည်အတိုင်း အ*





*သက်ရေထွက်ရာ စမ်းရေတွင်းဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။* " (ယောဟန် ၇း၃၇-၃၈)

သင်သည် နေ့စဉ်ခရစ်တော်၏ ခြေတော်ရင်း၌ အသက်စမ်းရေကို သောက်သုံးနိုင်သည်။ ထိုသို့သောက်သုံးလျှင် သင့်ဘဝသည်အတတ်ပညာ၊ အစွမ်းအစများဖြင့် ရှင်သန်နေသည်ဟု မမှတ်တော့။ ဝိညာဉ်တော်၏ အသွင်လက္ခဏာသည် သင့်အထဲမှနေ၍ပေါ်လွင်ထင်ရှားလာမည်။

ဝိညာဉ်တော်၌ ရှိသောသူသည် ခရစ်တော်ကို ယူတင်ဝတ်ဆင်သောသူဖြစ်သည်။ ယနေ့ယုံကြည်သူများသည် ဘုရားမဲ့နေသော လောကအတွက် ခံတပ်ဖြစ်ကြသည်။ ထိုသို့သော ခရစ်ယာန်များအားဖြင့် ဝိညာဉ်တော်သည် ကယ်တင်ခြင်းအမှုကို တိုးချဲ့လုပ်ဆောင်နိုင်သည်။

> "*သူတို့တွင် ငါကျိန်းဝပ်မည်။ သူတို့တွင် လှည့်လည်၍ သူတို့၏ဘုရားသခင်ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူသည်နှင့်အညီ သင်တို့သည်အသက်ရှင်တော်မူသော ဘုရားသခင်၏ ဗိမာန်တော်ဖြစ်ကြ၏။*" (၂ကော ၆း၁၆)

ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသည် ဘုရားသခင်၏ ဗိမာန်တော်ဖြစ်၍ ကျွန်ုပ်တို့အားဖြင့် ကိုယ်တော်၏သန့်ရှင်းခြင်း အသရေကို ထင်ရှားစေပါသည်။

ဘုရားရှင်၏ အံ့ဩဖွယ်သော အမှန်တရားများကို သိရှိနေဖို့ရန်အတွက် ရှင်ပေါလုက -

"*ထိုကြောင့် ချစ်သူတို့ ထိုကတိတော်များနှင့် ငါတို့သည် ဆိုင်ကြသည်ဖြစ်၍ ကိုယ်ခန္ဓာ၏ အညစ်အကြေး၊ စိတ်ဝိညာဉ်၏ အညစ်အကြေးရသမျှတို့နှင့် ကိုယ်ကိုကိုယ် ကင်းစင်စေလျက် ဘုရားသခင်ကို ကြောက်ရွံ့၍ သန့်ရှင်းခြင်းပါရမီနှင့် ပြည့်စုံကြကုန်အံ့။* " (၂ကော ၇း၁)

# စစ်မှန်စွာ ကိုးကွယ်ခြင်း

ဘုရားသခင်နှင့် အချိန်ယူခြင်း၌ စစ်မှန်စွာ ချီးမွမ်းနိုင်ဖို့ အောက်ပါမေးခွန်းများကို နှလုံးသွင်းပါ။

ကျမ်းပိုဒ်တို့၌ -

- ခမည်းတော်ဘုရားအကြောင်း အသစ်သော ခံယူချက် ရရှိပြီလား။
- သားတော်ဘုရားအကြောင်း အသစ်သော ခံယူချက်ရရှိပြီလား။
- သန့်ရှင်းသော ဝိညာဉ်တော်ဘုရားအကြောင်း အသစ်သော ခံယူချက်ရရှိပြီလား။

ယခုခေတ်တွင် ကိုးကွယ်ခြင်းအတွက် အသစ်သောဆန္ဒများ ပေါ်ပေါက်မှုကို သတိပြုသင့်သည်။ "*ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်၏။ ကိုးကွယ်သောသူတို့သည် နာမ်ဝိညာဉ်နှင့်၄င်း၊ သစ္စာနှင့်၄င်း ကိုးကွယ်ရမည်*" ဟု ယောဟန် ၄း၂၄ တွင် ခရစ်တော် ပြောထားသည်။ ဝိညာဉ်တော်၏ အုပ်စိုးမှုအောက်၌ ကျမ်းစာနှင့်အညီ ကိုးကွယ်ရမည်။ ထိုသို့ပြုလုပ်မှသာ ဘုရားသခင်နှစ်သက်တော်မူမည်။

ဝိညာဉ်တော်သည် ဘုရားသခင်၏မေတ္တာ၊ တန်ခိုး၊ သန့်ရှင်းခြင်း၊ ဘုန်းအသရေ၊ ကျေးဇူးတော်၊ ကောင်းမြတ်ခြင်းနှင့် တင့်တယ်ခြင်းတို့၌ ဆွဲဆောင်ပြီဆိုလျှင် ကျွန်ုပ်တို့သည် အသစ်သော သီချင်းနှင့်ချီးမွမ်း၍ ကိုး ကွယ်ကြပါမည်။ ဆုတောင်းသောအခါ ဒူးထောက်ခြင်းသည် မိမိတို့





စိတ်ကို စုစည်းမှုဖြစ်စေသော်လည်း ကိုယ်တော်၌ စုံမက်၍ ဆက်ကပ်အပ်နှံခြင်းထက်သာ၍ အကျိုးမရှိကြောင်းသိရှိလာမည်။

ပတ်မုကျွန်းတွင် ယောဟန်သည် သခင်ဘုရားနှင့်ဆုံတွေ့စဉ်အခါက ကိုယ်တော်၏ ဘုန်းတန်ခိုးရှေ့မှောက်တွင် ဒူးထောက်နေရုံမျှမက မည်သို့ဖြစ်သနည်း။ "*ထိုသူကို ငါမြင်သောအခါ သေမတတ်ဖြစ်၍ ခြေတော်ရင်း၌ လဲလျက်နေ၏။*" ဗျာဒိတ် ၁း၁၇

ယုံကြည်သူ၌ စွဲလန်းခုံမင်စရာ ရှိလာပြီဆိုလျှင် ထိုအရာသည် သူ့အတွက် အန္တရာယ်ဖြစ်နိုင်ကြောင်း သတိပြုဖို့လိုပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့အား စစ်မှန်စွာကိုးကွယ်ရန် လမ်းညွှန်ရုံမက လွဲမှားသွားစေနိုင်မည့် အရာများအတွက်လည်း သတိပေးထားပါသည်။ ရှမာရိအမျိုးသမီးအား ခရစ်တော်က ကိုးကွယ်ခြင်းအကြောင်း ပြောပြနေစဉ်မှာ "*သင်တို့မသိသော အရာကို သင်တို့ကိုးကွယ်ကြသည်*" ဟု သတိပေးထောက်ပြပါသည်။ (ယောဟန် ၄း၂၂)

ကိုးကွယ်မှုသည် စိတ်ခံစားမှုထက်သာလွန်ပြီး ခရစ်တော်၌ အာရုံပြုထားရန်ဖြစ်သည်။ ကိုးကွယ်ခြင်း၏ရည်ရွယ်ချက်သည် လူတို့ထံသို့ မရောက်ဘဲ တဖက်သို့လှည့်သွားမည်ဆိုလျှင် မှားယွင်းသောကိုးကွယ်မှုဖြစ်သွားနိုင်သည်။ ကျွန်ုပ်တို့သည် ဘုရားရှင်ကိုချီးမွမ်းခြင်းဖြင့်ပြည့်နေပြီဆိုလျှင် ဝိညာဉ်ရေးလှုပ်ရှားမှု ပို၍ခံစားရမည်မှာအသေအချာပင်ဖြစ်သည်။

**စစ်မှန်သော ကိုးကွယ်ခြင်းသည် ဘုရားရှင်၏ နှုတ်ကပတ်တော်၌ ဖော်ပြထားသကဲ့သို့ အသက်ရှင်တော်မူသော ခရစ်တော်အား ကိုယ်စိတ်နှလုံးနှိမ့်ချကိုးကွယ်ခြင်းဖြစ်သည်။ ထိုသို့ပြုလျှင် မည်သည့်အချိန်၌မဆို မျက်မှောက်တော်၌ နှိမ့်ချသောစိတ်ဖြင့် ချီးမွမ်းနိုင်ကြပေမည်။**

# နှုတ်ကပတ်တော်ဖြင့် ကွယ်ကာခြင်း

ဘုရားသခင်နှင့်အချိန်ယူခြင်းကို ဘုရားသခင်ကောင်းကြီးပေးပါမည်။ သင့်ဩတ္တပ္ပစိတ်ကြည်လင်လာပြီး ခရစ်တော် လက်ဝါးကားတိုင်၌ သင့်အတွက် ဆောင်ရွက်ချက်တို့ကို ဝန်ခံလျှင် သင့်ကိုယ်သင် မှန်သည်ဟု ထင်သောအရာများ၊ ကျော်ကြားမှု၊ တပ်မက်မှု၊ ပိုင်ဆိုင်မှုတို့ကို သင် ခင်တွယ်နေမည်မဟုတ်ပါ။ ယခုအခါ သင်သည် ခရစ်တော်ကို အသစ်သော ရည်ရွယ်ချက်အတိုင်းအတာ တစ်ခုအနေဖြင့် ချီးမွမ်းခြင်းကို ပြုနိုင်ပါသည်။ ဘုရားနှင့်အချိန်ယူခြင်းအတွက် သင်၌ကိုယ်တော်၏ ကောင်းကြီးခံစားခွင့်ရရှိပြီလား။ ထိုသို့မဟုတ်ပါ။

ကျမ်းစာဖတ်သောအခါ အခြားမေးခွန်းများ သင့်စိတ်ထဲပေါ်လာမည်။ ဤမေးခွန်းတို့သည် ရန်သူ၏လျှို့ဝှက်သော ပရိယာယ်များကို သတိမူစေရန် သင့်ကိုကူမလာလိမ့်မည်။

ကျမ်းပိုဒ်များ၌

- စာတန်အုပ်စိုးသောသူ၏ အတွင်းသဏ္ဌာန်ကို တိကျစွာ ဖော်ပြပါသလား။
- စာတန်၏ရက်စက်ကြမ်းကြုတ်သော ရည်ရွယ်ချက်ကို ဖော်ပြပါသလား။
- စာတန်၏လျှို့ဝှက်သော ပရိယာယ်ကို ဖော်ပြထားပါသလား။

ဥပုသ်စာဖြေကျောင်းမှ အိမ်သို့ ပြန်လာသော လူကလေးတစ်ယောက်အကြောင်းကြားဖူးပါသည်။ ထိုညတွင် ထိုခလေးသည် ကုတင်





ဘေးတွင် ဒူးထောက်နေသည်ကို မိခင်ကသတိပြုမိပြီး "သား၊ ဘာလုပ်နေတာလဲ " ဟုမေးရာ "သားအခု စာတန်ကို တုန်လှုပ်အောင်လုပ်နေတာပါ "ဟု ချက်ခြင်းပြန်ဖြေပါသည်။

"သန့်ရှင်းသူများ ဒူးထောက်ကြပြီဆိုလျှင် စာတန်ကြောက်နေပြီဟူသော သီချင်းကို ဥပုသ်စာဖြေကျောင်း၌ ဆိုခဲ့ရပါသည်။ ထို့ကြောင့် ကျွန်ုပ်သည်လည်း စာတန်ကြောက်ရွံ့စေဖို့ ဒူးထောက်ရပါပြီ"

ထိုသို့ ဒူးထောက်ခြင်းသည် စာတန်ကို တုန်လှုပ်စေရုံသာရှိပါသည်။ ထိုထက်မက လုပ်နိုင်သည်မှာ စာတန်ကိုမိမိအသက်တာ၌ လုံးဝနေရာမပေးဘဲ ဝိညာဉ်တော်၏ အုပ်စိုးမှုကိုခံယူ၍ ခရစ်တော်၏ နာမတွင် အသက်ရှင်လျှင် ပို၍အောင်မြင်ကြပါမည်။

ခရစ်ယာန်တို့က စာတန်ကို စွန့်ပယ်ထားလျှင် သူတို့ကို စာတန်က လှည့်မကြည့်တော့ဟု ထင်ကြသည်။ ၎င်းသည် အမြင်မှားခြင်း တစ်မျိုးဖြစ်သည်။ သင်သည် ဘုရားသခင်ထံ ဆုတောင်းသောအခါ အတိတ်က အပြစ်များအတွက် ဝန်ချတောင်းပန်ခြင်း၊ ခွင့်လွှတ်ခြင်းရပြီးသည့်တိုင် ထိုအပြစ်များကို သတိရမိပြီး ဝမ်းနည်းမှုဖြစ်မိပါသလား။ စာတန်သည် ကျွန်ုပ်တို့ အပြစ်များအတွက် အမြဲအပြစ်တင်နေသောသူဖြစ်သည်။ စာတန်သည် သင်၏အတိတ်ကိုဖော်လျှင် သင်က သူ၏အနာဂတ် အခြေအနေကို ဖော်ပြလိုက်ပါ။

ဘုရားသခင်က သင်၏အပြစ်များ ခွင့်လွှတ်ပြီး၍ သတိမရသည့်တိုင် စာတန်က သင့်ကို ပြန်သတိရစေပြီး ဘုရားသခင်၏မေတ္တာတော်ကို ယုံမှားစေပါသည်။ မဆုံးဖြတ်နိုင်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ရှုတ်ထွေးခြင်း၊ မျှော်လင့်ရာမဲ့ဖြစ်ခြင်းတို့သည် ဘုရားသခင်နှင့် လိုက်လျောက်သော

အသက်တာ၌ စာတန်ဝင်ရောက်ဖြစ်ပေါ်စေသည့် လက္ခဏာများဖြစ်သည်။ သင်၏ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်းတို့ကိုပါ လုယူပါလိမ့်မည်။ ဘုရားသခင်ကို စေ့စေ့မျှော်ကြည့်ရင်း သင်၌စာတန်နေရာယူမှုကို သင်ကိုယ်တိုင် ခွဲခြားသိမြင်လာပြီး စာတန်၏ထိုးနှက်မှု အလုံးစုံတို့အတွက် ဘုရားသခင်ပြင်ဆင်ထားသော လက်နက်စုံကို ဝတ်ဆင်ပြီး လုံခြုံမှုတံခါးကို ပိတ်ထားနိုင်ပါသည်။

ဤလောက စစ်ပွဲတိုင်းတွင် ခံစစ်နှင့်တိုက်စစ် ဟူ၍ ဗျူဟာချထားသည်။ မည်သည့်စစ်ပွဲ၌မဆို ခုခံနေရုံဖြင့် မအောင်မြင်နိုင်ပါ။ ထိုနည်းတူ ဝိညာဉ်တိုက်ပွဲ၌ တိုက်စစ်နှင့်ခံစစ်ဟူ၍ နှစ်မျိုးရှိပါသည်။ ထိုဗျူဟာ နှစ်မျိုးလုံးအတွက် နှုတ်ကပတ်တော်ကျည်ဆံ လိုပါသည်။ ဘုရားသခင်နှင့် အချိန်ယူခြင်း တိုးတက်စေသော နည်းလမ်း တစ်ခုမှာ သင်သည်စာတန်ကို ရင်ဆိုင်တိုင်း ကျမ်းစာအကိုးအကားနှင့်ဆုတောင်းပြီး ရင်ဆိုင်ခြင်းဖြစ်သည်။ ကျမ်းစာနှင့်အညီ ဆုတောင်းတတ်လျှင် အလိုတော်နှင့်အညီ ဆုတောင်းခြင်းဖြစ်သည်။ စာတန်သည် သင်၏ဝိညာဉ်ရေးရာလမ်းလွှဲသွားစေရန်ကြိုးစားလုပ်ဆောင်နေခြင်းသာဖြစ်သည့်အတွက် စာတန်၏ တိုက်ခိုက်မှုကို အောင်မြင်ရန်လည်း ဘုရားသခင်အလိုတော်ဖြစ်သည်။

## ဝိညာဉ်တိုက်ပွဲ

သခင်ခရစ်တော်ကို စာတန် စုံစမ်းခြင်းအကြောင်းပြန်ကြည့်ပါ။ သခင်ဘုရားသည် တရားဟောရာကျမ်းကို ဖတ်၍ အချိန်ယူနေသည် ဟု ကျွန်ုပ်ယူဆပါသည်။ စာတန်၏ တိုက်ခိုက်မှုကို ခုခံရန် ထိုကျမ်းစာ၌





ပါရှိသော အချက်အလက်ကို ကိုးကားခဲ့သည်။ "ကျမ်းစာလာသည်ကား" ဟု သုံးကြိမ်တိုင်တိုင်ပြော၍ ချေပခဲ့သည်။ (မသဲ ၄း၄-၇-၁၀) နှုတ်ကပတ်တော်စကားများဖြင့် ကွယ်ကာပြီး စာတန်ကို ထွက်ပြေးစေပါသည်။

သင်သည်လည်း စာတန်ကိုအနိုင်ယူလိုလျှင် ကျမ်းစာကိုခံစစ်အဖြစ် အသုံးပြုရပေမည်။ သင့်စိတ်ထဲမှာ လွဲမှားသော အယူအဆကို စာတန် ထည့်သွင်းလာလျှင် နှုတ်ကပတ်တော်နှင့် ပြန်ချေပပါ။ ဘုရားနှင့်အချိန်ယူခြင်းအမှုသည် သင်၌ နှုတ်ကပတ်တော်ကို အသက်ရှင်စေခြင်းဖြစ်သည်။ အောက်ဖော်ပြပါကဗျာသည် ဧဖက် ၆ နှင့်ပတ်သက်၍ စပ်ဆိုထားသော ကဗျာဖြစ်သည်။

* ဒီနေ့ ငါ့မှာ ကြောက်မက်ဖွယ်ရာတိုက်ပွဲရှိ
ဆုတောင်းတဲ့အခါ ဖြစ်ပေါ်လာ
ဘုရားရှင်နှင့်တွေ့ကာ စကားပြော
ဒါပေမဲ့
ထိုနေရာမှာ စာတန်ကိုတွေ့
စာတန်က တိုးတိုးပြောလို့
မင်းဆုမတောင်းတတ်ပါဘူးကွာတဲ့
ရှုံးပျောက်တာကြာ
ဒူးထောက်တောင်းနိုင်တာမင်းမသိ။

* ကယ်တင်ခြင်းသံခမောက်ကို
နှိမ့်လိုက်တဲ့ခါ

အသံတော်ကိုကြားရန်ကူမ
ကြောက်စိတ်ကို နည်းစေ
အခြားအကွယ်အကာကို ကြည့်တော့
ငါ့မှာ ပြင်ဆင်ခြင်းတည်းဟူသော ခြေစွပ်နဲ့
ခါးမှာလည်း သစ္စာခါးပန်းက ကာထား
နှုတ်ကပတ်တော်၏ဓါးနဲ့
ဖြောင့်မတ်ခြင်းရင်အုပ်တန်ဆာကိုဆင်
ငါ့နှလုံးပြင် ကွယ်ကာထားတဲ့ ယုံကြည်ခြင်းအကာရှိ
ခွင်းသည့် မျှားမတိုး
ခရစ်တော်ရဲ့နာမတော်နဲ့ဘုရားကို ကိုး
အသွေးတော်အားဖြင့်၊ စာတန်ရှုက်ကြောက်ပြေး
အဲဒီခါကျမှ၊ ဘုရားရှင်နဲ့စကားပြောစို့လေး။

## ဝိညာဉ်တိုက်ပွဲ ဆင်နွှဲခြင်း

တိုက်ပွဲတစ်ခုအောင်မြင်ရန် ခုခံနေရုံနှင့် မပြီးပါ။ ဤလောက တွင် လူများစွာတို့သည် အထိနာလျှက်ရှိကြသည်။ ထိုသူတို့အတွက် ခရစ်တော်အသေခံခဲ့သည်။ စာတန်သည် နေရာတိုင်း၌ ယောက်ျားမိန်းမအပေါင်းတို့ကို ချည်နှောင်ခြင်းကြောင့် ဝိညာဉ်မျက်စိများကန်းစေကာ အထိနာနေကြရသည်။ စာတန်အတွက် အချိန်မရှိတော့ပါ။ ထိုအတွက်ကြောင့်





နောက်ဆုံးကြိုးစားသည့်အနေဖြင့် လူသားများကို ဒုက္ခပေးလျှက်ရှိသည်။

ဘုရားသခင်သည် စာတန်နှင့် နတ်ဆိုးတို့အတွက် မီးငရဲအိုင်ကို ပြင်ဆင်ထားရာ ထိုနေရာသည် လူသားများအတွက် မဟုတ်ကြောင်းကို သတိရပါ။ ခရစ်တော်အသေခံခြင်းသည် ပျောက်ဆုံးနေသော လူသားများအတွက်ဖြစ်သည်။ ကောင်းမြတ်ခြင်းနှင့် သန့်ရှင်းခြင်းကို စာတန်က မုန်းတီးသဖြင့် ထာဝရစီရင်ခြင်းသို့ လူသားများကို တတ်နိုင်သလောက် သွေးဆောင်လျှက်ရှိသည်။ ထိုသို့သော တိုက်ပွဲအတွက် ခရစ်တော်သည် ယုံကြည်သူများအားဖြင့် ကယ်တင်ခြင်းအမှုအတွက် ဆက်လက် လုပ်ဆောင်နေပါသည်။ (လု ၁၉း၁၀)

ပညာတတ်သော လူအချို့သည် လွယ်ကူသော ဧဝံဂေလိတရားကို သဘောမပေါက်ရခြင်းအကြောင်း သင်အံ့ဩမိပါသလား။ လူတို့၏အတွေး၌ ရှုတ်ထွေးစေခြင်း၊ ယုံကြည်ရန်ခက်ခဲစေခြင်းအကြောင်း ကျမ်းစာ၌ဖေါ်ပြထားပါသည်။ "*ငါဟောပြောသော ဧဝံဂေလိတရားသည် ဖုံးအုပ်လျှက်ရှိလျှင် ဆုံးရှုံးခြင်းသို့ရောက်သော သူတို့အားသာ ဖုံးအုပ်လျှက်ရှိ၏။ ထိုသို့ မယုံကြည်သော သူတို့ကား ဘုရားသခင်၏ ပုံသဏ္ဍာန်တော်တည်းဟူသော ခရစ်တော်၏ ဘုန်းအသရေနှင့်ပြည့်စုံသော ဧဝံဂေလိတရား၏ အရောင်သည် အလင်းကို မပေးစေခြင်းငှါ ဤလောကကို အစိုးရသော ဘုရားသည် သူတို့၏ ဉာဏ်မျက်စိကို ကွယ်စေ၏။* (၂ကော ၄း၃-၄)

မယုံကြည်ခြင်း၏ စိတ်သဘောအတွင်းသို့ ဘုရားသခင်၏ မေတ္တာအလင်းဖြင့်နှင့် သမ္မာတရား ထိုးဖေါက်ဝင်ရောက်ခြင်းကို မည်သူဟန့်တားနေသနည်း။ စာတန်မာရ်နတ်ပင်ဖြစ်ပါသည်။ လူအပေါင်းတို့ ကယ်တင်ခြင်းရရန်ဆုတောင်းသောအခါ ဤအချက်ကို ဆင်ခြင်အမှတ်

ရနေဖို့လိုပါသည်။နာမတော်ကို အမှီပြု၍ စာတန်၏ နှောက်ယှက်ခြင်းကို ခံနေရသော မယုံကြည်သူတို့အတွက် လွတ်ခြင်းရဖို့ ဆုတောင်းပါ။ ခရစ်တော်၏နာမတော်သည် အလွန်တန်ခိုးရှိကြောင်း Charles Wesley က ဤသို့ရေးသားထားပါသည်။

ယေရှုခရစ်

အရာခပ်သိမ်းပေါ်မှာရှိသောနာမ

ကောင်းကင်၊ မြေကြီး၊ ငရဲ၌

လူနှင့် ကောင်းကင်တမန်များပျပ်ဝပ်သည်။

နတ်ဆိုးများ ကြောက်ရွံ့တုန်လှုပ်ကြသည်။

စာတန်နှင့်နတ်ဆိုးများကို အောင်ပွဲခံဖို့ ကရာနီကုန်းလက်ဝါးကားတိုင်၌ လုံခြုံစိတ်ချစေခဲ့ပါသည်။ “*မာရ်နတ် အမှုတို့ကို ပယ်ဖျက်ခြင်းငှါ ဘုရားသခင်၏သားတော်သည် ထင်ရှားပေါ်ထွန်းတော်မူ၏။*” (၁ယော ၃း၈) ကျွန်ုပ်တို့သည် အရှုံးအတွက် စစ်တိုက်နေခြင်းမဟုတ်ပါ။ လွန်ခဲ့သော အနှစ် ၂၀၀၀ ကတည်းက အောင်မြင်ခြင်းအတွက် စိတ်ချခဲ့ပြီးဖြစ်သည်။

စာတန်သည် ဘုရားသခင်၏အချိန်ကို တတ်နိုင်သလောက် ဆွဲဆန့်ပြီး သူ၏တိုက်ပွဲတိုင်း၌ ကြိုးစားလုပ်ဆောင်လျက်ရှိသည်။ စာတန်ကို မချုပ်နှောင်ခင် ကျန်ရှိနေသောအချိန်၌ပင်သူသည် ကျဆုံးရမည့် သူ အဖြစ်ထင်ရှားခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းပါ။ “*စာတန်သည် ငါတို့ကို နိုင်ပြီဟု စိုးရိမ်စရာရှိ၏။ သူ၏အကြံအစည်များကို ငါတို့သိကြ၏။* ” (၂ကော ၂း၁၁) စစ်ဗျူဟာကို သိလျှင် စစ်ပွဲတစ်ခုကို အောင်နိုင်ခြင်းပင် ဖြစ်သည်။





သန့်ရှင်းသူတို့၏ အောင်ပွဲခံခြင်းအကြောင်းကို ရှင်ယောဟန်က ဤသို့မှတ်တမ်းတင်ထားပါသည်။ “*သူတို့သည် သိုးသငယ်၏အသွေးအားဖြင့်၎င်း၊ မိမိတို့သက်သေခံချက် နှုတ်ကပတ်တော်အားဖြင့်၎င်း အောင်မြင်၍ အသေခံသည်တိုင်အောင် ကိုယ်အသက်ကိုမနှမြောကြ*” (ဗျာဒိတ် ၁၂း၁၁) ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ဇာတိလူဟောင်းကို အသေခံပြီးဖြစ်သောကြောင့် ဤလောက အသက်ကို မခင်တွယ်ကြပါ။ (ရောမ ၆း၆)

**“အသွေးတော်၌ ဆေးကြောခြင်း၊ နှုတ်ဖြင့်ဝန်ခံခြင်း၊ ခရစ်တော်နှင့်အတူအသေခံခြင်းတို့သည် မရဏာနိုင်ငံတန်ခိုးကို ခရစ်တော်နှင့်အတူ ချိုးဖျက်အောင်မြင်ခြင်းပင်ဖြစ်သည်။ ဟာလေလုယ”**

အောင်မြင်သော ခရစ်ယာန်အနေဖြင့် ရင့်ကျက်ခြင်းရှိဖို့ ခရစ်တော်ပြင်ဆင်ထားခြင်းကို ဝမ်းမြောက်ပါ။ သို့သော် မူကြိုအရွယ်အဆင့်မှ တိုးတက်ပြောင်းလဲလိုသောဆန္ဒမရှိလျှင် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာလည်း ရင့်ကျက်လာမည်မဟုတ်ပေ။ ကျွန်ုပ်တို့ဤလောက၌ရှိစဉ် ခရစ်တော်အတွက် ဝိညာဉ်ရေးရာရင့်ကျက်မှုကို ကန့်သတ်ဆုံးဖြတ်မည်ဖြစ်ပြီး၊ ဘုရားရှင်၌ မည်မျှရင့်ကျက်လာသည် စသည်တို့က ကောင်းကင်ဘုံ၌ ကိုယ်တော်နှင့်အတူ ထာဝရစိုးစံချိန်အတွက် ဝမ်းမြောက်မှု ခံစားစေကြဖို့ ပြင်ဆင်ထားခြင်းဖြစ်ပါသည်။

## ဝိညာဉ်ရေးစစ်ဆေးချက်

၁။ မအိပ်မီ မည်သည့်အကြောင်း စဉ်းစားသနည်း။

၂။ ကျမ်းစာဖတ်လျှင် ဘုရားသခင်၏ စကားပြောသံကို မျှော်လင့်ပါသလား။

၃။ ကျမ်းစာဖတ်၍ ဘုရားသခင်ပြောသည့်အတိုင်း လုပ်ချင်သောစိတ်ရှိပါသလား။

၄။ မိမိဘဝ၌ ကိုယ်အလိုဆန္ဒအတိုင်းအသက်ရှင်နေဆဲလား။(သို့) မိမိအထဲ၌ ခရစ်တော် အသက်ရှင်ပြီလား။ (ဂလာ ၂း၂၀)

၅။ လွတ်လပ်သော သူတစ်ယောက်ဖြစ်နေပြီလား။ ကိုယ်မာနကိုချိုး၍ ဘုရားကို အားကိုးချင်စိတ်ရှိပြီလား။

၆။ ဘုရားသခင်ကို ကိုးကွယ်ခြင်းအမှုသည် အကြီးမြတ်ဆုံးသောလုပ်ဆောင်ချက်ဖြစ်ကြောင်း သိရှိပြီလား။

၇။ သင့်ဘဝ၌ စာတန်နေရာ ယူနေပြီလား။

၈။ စာတန်ကို အောင်မြင်ဖို့ ခရစ်တော်၏ အောင်မြင်ခြင်းကို သင်ကိုယ်တိုင်ရယူပြီလား။



---

* နားခိုဖို့ နေရာရှိခဲ့ပါပြီ
မိမိအလိုဆန္ဒယုံကြည်မှု ဝါဒတို့၌ မဟုတ်
ပေးပိုင်ရှင်ကို ယုံကြည်လျက်၊ နာကျင်ဝေဒနာအားဖြင့်
ကျွန်ုပ်တွက် လျှောက်လဲချေပခဲ့ပေးပြီး။

* နှလုံးသားမှာ နှုတ်ကပတ်တော် ယိုဖိတ်လို့နေ
နာမတော်အားဖြင့် ကယ်တင်ခံရပေ
ခရစ်တော်အသွေးတော်အားဖြင့်သာလေ။

* ငြင်းစရာအကြောင်းမရှိ
လျှောက်လဲချက်ပေးဖို့မလို
အသေခံတော်မူခြင်းက လုံလောက်စေ
ကျွန်ုပ်တွက် သေခံခဲ့ပေ။

**Lidie H. Edmunds**

**အခန်း(၅)**

## ယုံကြည်ခြင်းအချက်အလက်

လူတစ်ယောက်သည် ရေစီးသော မြစ်ကမ်းဘေးတွင်ရှိနေပြီး အခြားတစ်ဖက်တွင် သူ၏မိတ်ဆွေတစ်ဦးရပ်နေသည်။ မိတ်ဆွေထံသွားဖို့ မြစ်ကို ဖြတ်ကူးရန် သူ၌လှေမရှိပါ။ သို့သော် သူ၌ကြိုးစများစွာပါသော စွန်တစ်ခုရှိသည်။ သူသည် အသေးဆုံးကြိုးနှင့် စွန်လွှတ်၍ တဖက်ကမ်းရှိ မိတ်ဆွေ၏ လက်ထဲသို့ ကြိုးစကို လှမ်းပို့လိုက်ပါသည်။ ဤသို့ဖြင့်သူသည် စွန်လွှတ်၍ ကြိုးစများကို တစ်ချောင်းပြီးတစ်ချောင်း တစ်ဖက်ကမ်းသို့ ပို့ပေးခြင်းဖြင့် ထိုကြိုးများကိုကျစ်ပြီး သစ်ပင်၌ချည်၍ မြစ်ကို ကူးဖြတ်နိုင်ခဲ့ပါသည်။

ဒုတိယအကြိမ်မွေးသော ခရစ်ယာန်သားသမီးများသည် မိမိ၏





ယုံကြည်ခြင်းကို ခရစ်တော်အသေခံခြင်း၌ စတင်မြှုပ်နှံရပါသည်။ ပထမဆုံး လွှတ်တင်သော ကြိုးအသေးကဲ့သို့ သင်၏ယုံကြည်ခြင်းသည်လည်း အားနည်းမှုရှိနေပါလိမ့်မည်။ သို့သော် မြစ်ကိုကျော်ဖြတ်ဖို့ ထိုကြိုးစသည် လုံ လောက်သကဲ့သို့ ထိုယုံကြည်ခြင်းသည် လုံလောက်ပါသည်။ "*ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်သည်။*" (ရောမ ၁၀း၁၇) ကျမ်းစာကို ဆက်၍ဖတ်ခြင်းဖြင့် ကတိတော်များကို အားကိုးလာသည်နှင့်အမျှ သင်၏ ယုံကြည်ခြင်း တိုးပွားလာသည်ကို သင်သိရှိလာပေမည်။ ဘုရားသားသမီးတိုင်းသည် အဖခမည်းတော်နှင့်ရင်းနှီးစွာ မိဿဟာရဖွဲ့ခြင်းဖြင့် ယုံကြည်ခြင်းတိုးပွားစေရန် အလိုတော်ရှိလေသည်။ ကျမ်းစာ၌ ကယ်တင်ခြင်းအတွက် ယုံကြည်ခြင်း အုတ်မြစ်ချထားရန်လိုကြောင်း ရှင်ယုဒကရေးသားထားလေသည်။ *ချစ်သူတို့ သင်တို့သည် အလွန်သန့်ရှင်းသော ယုံကြည်ခြင်းအပေါ်မှာ မိမိတို့ကို တည်ဆောက်လျက်* - ရှင်ယုဒ ၁း၂၀ ဤကျမ်းပိုဒ်အရ ယုံကြည်ခြင်းအုတ်မြစ်အပေါ်မှာ သင်တို့၏ ဝိညာဉ်ရေးကို တည်ဆောက်ကြရသည်။(ယုံကြည်ခြင်းခွန်အားနှင့်ရင့်ကျက်စေခြင်း) ထို့အပြင် ဤအုတ်မြစ်အပေါ်မှာပင် ဆုတောင်းခြင်း၊ ချစ်ခြင်း၊ မျှော်လင့်ခြင်း၊ ကိုယ်ချင်းစာနာခြင်းနှင့် ကယ်တင်ခြင်းတို့အတွက် လုပ်ဆောင်တိုးပွားနေရပေမည်။

> *"ချစ်သူတို့ သင်တို့သည် မိမိတို့အလွန်သန့်ရှင်းသော ယုံကြည်ခြင်းအပေါ်မှာမိမိတို့ကို တည်ဆောက်လျက်၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဆုတောင်းပဌနာပြုလျှက်၊ ဘုရားသခင်ကို ချစ်ခြင်းမေတ္တာ၌ ကိုယ်ကိုကိုယ်စောင့်ရှောက်၍၊ ထာဝရအသက်အလို့ငှါ၊ ငါတို့သခင်ယေရှုခရစ်၏ ဂရုဏာတော်ကို မျှော်လင့်၍ နေကြလော့။ ပိုင်းခြား၍ သိတတ်သောဉာဏ်ရှိ၍၊ အချို့တို့ကို သနားကြလော့။ ကိုယ်ကာ*

*ယနှင့် ညစ်ညူးစွန်းကွက်သော အဝတ်ကိုပင် စက်ဆုပ်ရွံရှာ၍ ကြောက်ရွံ့ခြင်းနှင့်တကွ၊ အချို့တို့ကို မီးထဲမှဆယ်နှုတ်ကယ်တင်ကြလော့။" (ရှင်ယုဒ ၁း၂၀-၂၃)*

ယခုသင်တို့သည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းကျေးဇူးကို ရရှိကြပြီး ခရစ်တော်၏ ပြည့်စုံခြင်း ပမာဏသည် သင်တို့၌ ကိုယ်တော်တိုင်ကျိန်းဝပ်၍မစတော်မူပြီ။ ထိုကြောင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ကြပြီ။ (ရောမ ၁း၁၇၊ ဂလာတိ ၃း၁၁၊ ဟေဗြဲ ၁၀း၃၈) ကောင်းကင်၌ဖြစ်စေ၊ မြေကြီး ပေါ်မှာဖြစ်စေ၊ သင်တို့သည်ကတိတော်ကို အမှီပြုပြီး ယုံကြည် ခြင်းနှင့်အသက်ရှင်ခြင်းဖြင့် ကိုယ်တော်၏ အမှုတော်သည် သင်တို့အားဖြင့် ထင်ရှားပေါ်လွင်စေပါ။ ကောင်းကင်ဘုံ၌ စိုးစံကြသောအခါ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာအကြံအစည်၌ ကြီးစွာသော ဝမ်းမြောက်ခြင်းကို ခံစားကြရပြီး အရာရာကို နားလည်လာကြပေမည်။

သင်သည် ဤလောက၌ရှိစဉ် မိမိလုပ်နိုင်စွမ်းမရှိသော အရာတို့၌ ခရစ်တော်ကို အားကိုးခြင်းဖြင့် စစ်မှန်သောယုံကြည်ခြင်းကို စွဲကိုင်၍ သင့်အားဖြင့် အမှုတော်မြတ်ကြီး ပြီးစီးစေပါ။ ဘုရားသားသမီးများဖြစ်ကြ၍ ယုံကြည်ခြင်းတိုးပွါးစေကြဖို့ အသက်ကို ပေးပိုင်သောအရှင်၊ အမှုတော်မြတ်ကို ချမှတ်ပေးသော သခင်အပေါ်မှာ မှီခိုအားထား၍ တိုးတက်အောင် ဆောင်ရွက်ရပေမည်။

ကျွန်ုပ်တို့သည် မကြာခဏ ယုံကြည်ခြင်းအစား လူအကြံအစည်များကို အစားထိုးအကြောင်းပြ၍ လုပ်ဆောင်တတ်ကြသည်။ အမှုတော်ဆောင်ခြင်းလုပ်ငန်းတို့၌ပင် ယုံကြည်ခြင်းနေရာ၌ လူကို အားကိုးလုပ်





ဆောင်သော သဘောထားများ နေရာယူလာကြသည်။ စစ်မှန်သော ယုံကြည်ခြင်းဖြင့် အသက်ရှင်မှုသည် တရားဟောနေခြင်း၊ ကျမ်းစာကို ကျွမ်းကျင်စွာ နားလည်ခြင်းတို့ဖြင့် သက်သေမထင်ရှားပါ။ တခါတရံ ထိုသို့ ဆက်ကပ်အပ်နှံခြင်းသည် ယုံကြည်ခြင်းအတွက် အကျိုးဖြစ်ထွန်းသော်လည်း ရည်ရွယ်ချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ယုံကြည်ခြင်း အလို့ငှါ ကိုယ်ကိုကိုယ် အလွန်ကြိုးစားအားထုတ်လုပ်ဆောင်ရပါသည်။

စစ်မှန်သော ယုံကြည်ခြင်းသည် သေခြင်းကို အောင်သော အရှင်သခင်အပေါ် လုံးဝမှီခိုအားထားခြင်း ဖြစ်ပါသည်။ အချို့သော ခရစ်ယာန်တို့ က မိမိတို့၏အစွမ်းအစ၊ ကိုယ်တိုင်ကိုင်တွယ်လုပ်ဆောင်ခြင်း၊ ငွေကြေး လုံလောက်ခြင်းရှိကြလျှင် ဘဝမှာအောင်မြင်နိုင်သည်ဟု ထင်မှတ်ကြသော်လည်း ပြောင်းလဲသော ခရစ်ယာန်တစ်ဦးအောင်မြင်ခြင်းရဖို့ ဝိညာဉ်တော်၏ အုပ်စိုးမှုကို ခံယူရမည်ဟု ကျမ်းစာက အတိအလင်းဖေါ်ပြထားပါသည်။ ဘုရားကိုအားကိုးခြင်း၊ ယုံကြည်ခြင်းမပါသော လုပ်ဆောင်သမျှတို့သည် ဆုံးရှုံးခြင်းသို့သာ ရောက်ရကြမည်။ ခရစ်ယာန်အသက်တာ အကျိုးဖြစ်ခြင်းသည်လည်း ကိုယ်တိုင်ကျိုးစား လုပ်ဆောင်ခြင်းကြောင့် မဟုတ်။

ဘုရားသခင်၏ မေတ္တာတော်မပါဘဲ သင့်အသက်တာကို လွှမ်းမိုးနေသောအရာသည် ငွေကြေး၊ ပညာရေး၊ မိတ်ဆွေ၊ အလုပ်၊ အစွမ်းသတ္တိ၊ မိမိ၏ ရုပ်ဆင်းရူပကာစသည်တို့၌ဖြစ်လျှင် ယုံကြည်ခြင်း၌ မတည်ရှိပါ။ သင့်အတွက် ဧကန်အမှန် လုံခြုံစိတ်ချမှုကို ဘုရားသခင်ထံမှသာ ရရှိနိုင်သည်။ ယုံကြည်ခြင်းမပါဘဲ အသက်ရှင်လျှင် သင့်အသက်တာ၌ ဘုရားရှင် ကျိန်းဝပ်သောကြောင့် ဝမ်းမြောက်ရသော အခွင့်ထူးနှင့်သင့်အားဖြင့် ဘုန်းတော်ထင်ရှားမည့် အခွင့်အရေးတို့ကိုလည်း ဆုံးရှုံးရလိမ့်မည်။ "ယုံ

*သောစိတ်မရှိဘဲ ကျင့်သမျှသော အကျင့်တို့သည် အပြစ်ရှိကြ၏။"* (ရောမ ၁၄း၂၃)

G.Keith က ယုံကြည်ခြင်းအတွက် နှုတ်ကပတ်တော်များက အရေးကြီးသော ဝိညာဉ်အစာဖြစ်ကြောင်း ဤသို့ရေးထားပါသည်။

"သခင်ဘုရား၏ သန့်ရှင်းသူတို့
သင်တို့၏ အခြေခံအုတ်မြစ်ခိုင်ခံ့လှသည်
သခင်ဘုရား၏ နှုတ်ကပတ်တော်၌
သင်၏ယုံကြည်ခြင်းကို အုတ်မြစ်ချပါ"

ကျွန်ုပ်တို့၏ အသက်တာတွင် ဘုရားသခင် မပါခဲ့လျှင် ဝိညာဉ်ရေးတိုးတက်မှု အခြေခံအုတ်မြစ်မရှိနိုင်ပါ။ ထို့အပြင် ဘုရားသခင်နှင့် အချိန်ယူ၍ ကိုယ်တော်၏နည်းလမ်းကို လိုက်ကြသော်လည်း အကျိုးမရှိပါ။

**"ယုံကြည်ခြင်းသည် ဘုရားသခင်နှင့် မိဿဟာရဖွဲ့ခြင်း၌ အဓိကကျသော အစွမ်းတန်ခိုးဖြစ်သည်။"**

ဗြိတိန်နိုင်ငံတွင် သင်းအုပ်ဆရာ အပါး (၁၀၀) နှီးနှောဖလှယ်ရေး၌ ကျွန်ုပ်တရားဟောခဲ့ခြင်းကို အမှတ်ရမိသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၌ တန်ခိုးဖြင့် လှုပ်ရှားပါဝင်ခဲ့သည်။ ဆုတောင်းဆက်ကပ်ချိန်ရောက်သောအခါ သင်းအုပ်ဆရာတစ်ပါးသည် မတ်တပ်ရပ်လျှက် မျက်ရည်များကြားမှ နှလုံးသားကြေကွဲသံနှင့် ဤသို့ဆုတောင်းသည်။

"အို ဘုရားသခင်၊ ကျွန်ုပ်သည် ဤ ညီအကိုများရှေ့၌ ယခင်က မကြာခဏ ဆုတောင်းခဲ့ကြောင်း ဝန်ခံပါသည်။ ကိုယ်တော်၏ ရှေ့တော်





မှောက်၌ ရောက်ရခြင်းထက် သီအိုလော်ဂျီပညာများက ကျွန်ုပ်ကို လွှမ်းမိုးနေသောကြောင့် တောင်းပန်ပါ၏။"

ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ဆုတောင်းချိန်၌ပင် အလွန်လှည့်စားတတ်ပါသည်။ ခမည်းတော် ဘုရားရှေ့မှောက်တွင် ရိုးသားစွာ ဆုတောင်းခြင်းထက် လျှို့ဝှက်ခြင်းများကို သာ၍ ပြုလုပ်နိုင်ကြသည်။ ဆုတောင်းချက်များကို ရွတ်ဖတ်နေခြင်းသည် အမှန်အကန်ဆုတောင်းခြင်းမဟုတ်ပါ။ မိမိတို့၏ စိတ်နှလုံးကို ဖွင့်၍ ကိုယ်တော်၏အလင်းတော် ရောင်ပြန်ဟပ်ခြင်းခြင်းဖြင့် ကျွန်ုပ်တို့ ၏မိဿဟာရဖွဲ့ခြင်းကို နှစ်သက်လက်ခံတော်မူမည်။

အပြစ်သားတစ်ဦးသည် သန့်ရှင်းသော ဘုရားသခင်ရှေ့ကို ကျေနပ်စေနိုင်သည်ဟူသောအတွေးသည် စိုးရိမ်ဖွယ်ရာဖြစ်သည်။ လူသည် ဘုရားသခင်ကို ချီးမွမ်းဖို့အတွက် ရည်ရွယ်လျှက် ဖန်ဆင်းထားခြင်းခံရသူများဖြစ်သည်။ ကျွန်ုပ်တို့ နှစ်သက်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကိုယ်တော် ဘုန်းတော်ထင်ရှားစေရန်အတွက် ကျွန်ုပ်တို့ အသက်ရှင်နေရခြင်းဖြစ်သည်။ *သခင်ဘုရားနှင့် ထိုက်လျှောက်စွာ ကျင့်၍ အရာရာ၌ နှစ်သက်တော်မူစေခြင်းငှါ* - (ကောလောသဲ ၁း၁၀) ဤသည်မှာ ကောလောသဲ အသင်းသားများကို ပေါလုဖြစ်စေချင်သော အရာကို ဖော်ပြနေခြင်းဖြစ်သည်။ Bishop Handely Moule က ဤကျမ်းပိုဒ်ကို "ဘုရားရှင်မျှော်လင့်သောအလိုတော်သို့ "ဟု ပြန်ဆိုသည်။ ကိုယ်ကိုကိုယ် ကျေနပ်အောင်လုပ်နေခြင်းအတွက် ဤကျမ်းပိုဒ်က သတိပေးနေခြင်းဖြစ်သည်။ *အရာရာ၌ နှစ်သက်တော်မူခြင်း*ဆိုသည်မှာ မိမိအလိုထက် သူတပါး အလိုကို ဦးစားပေးခြင်းမျိုးကို ဆိုလိုသည်။

ဘုရားသခင်နှစ်သက်အောင်မလုပ်ဘဲ မိမိအကြိုက်လုပ်ဆောင်ခြင်းသည် ကျောက်တုံးများကို ဝင်တိုက်မိခြင်း၊ နံရံနှင့် ဦးခေါင်းကို တိုက်ခြင်း၊ ဘဝအသက်တာလမ်းခရီးတွင် ခလုတ်ကန်သင်းများကို တိုက်မိခြင်း အဓိပ္ပါယ်ဖြစ်သည်။ သို့ဖြစ်၍ ဘုရားသခင်၏သားသမီးများသည် ကိုယ်တော်နှင့် မိဿဟာရဖွဲ့ခြင်း၏ ဝမ်းမြောက်မှုကို ခံစားရမည်ဖြစ်သည်။

ယုံကြည်ခြင်းနှင့်ဘုရားသခင် နှစ်သက်စေခြင်းတို့ကြားတွင် ဆက်စပ်နေသော အကြောင်းများရှိကြောင်း ကျမ်းစာကဖေါ်ပြပါသည်။ "*ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်*" ဟူသောကျမ်းပိုဒ်သည် ထိုအရာနှစ်ခုကို ဆက်စပ်နေခြင်းဖြစ်သည်။ ယုံကြည်သူတိုင်းကို ဤကျမ်းပိုဒ်က အထူးအားပေးလျှက်ရှိသည်။ ဘုရားနှင့် မိဿဟာရဖွဲ့ခြင်းသည် ဆုကျေးဇူးတစ်မျိုးဖြစ်သည်။ "*ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုငှင်း၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးကို ပေးတော်မူသည်ကိုငှင်း ယုံကြည်ရမည်*" (ဟေ ဗြ ၁၁း၆) ဘုရားသခင်နှင့် ရင်းနှီးစွာ မိဿဟာရဖွဲ့သူကို ဝိညာဉ်ဆုကျေးဇူးပေးသည်မှာ အလွန်သိသာထင်ရှားပြီး ကိုယ်တိုင်ခံစားတွေ့ကြုံရပါမည်။ ဘုရားသခင်နှင့်မိဿဟာရဖွဲ့ရာတွင် စိတ်တော်နှင့်တွေ့ရန်အဓိကသော့ချက်မှာ ယုံကြည်ခြင်းပင်ဖြစ်သည်။

**ယုံကြည်ခြင်းဆိုသည်မှာ ဝိညာဉ်တော်က သေခြင်းကို အောင်သောသခင်ယေရှု၏ အောင်မြင်ခြင်းကို ဘုရားသားသမီးထံသို့ လက်ဆင့်ကမ်းပေးခြင်းဖြစ်သည်။**

ကျွန်ုပ်တို့သည် ကိုယ်တော်၏ကတိတော်ကို ခံစားနိုင်ရန် တရားဟောချက်ကို နားထောင်ခြင်းဖြင့်ငှင်း၊ ကျမ်းစာဖတ်ခြင်းဖြင့်ငှင်း ဝိညာဉ်





ရေး အကျိုးမရှိသေးပါ။ "*သူတို့အထဲ၌ ယုံကြည်ခြင်းနှင့် မရောနှောသောကြောင့် အကျိုးကိုမပေး။*" (ဟေဗြ ၄း၂)

နှုတ်ကပတ်တော်သည် ဦးခေါင်းအသိတရားမှ နှလုံးသားသို့ရောက်လာမှသာ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးသည်လည်း အကျိုးဖြစ်ထွန်းလာပေမည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သခင်ခရစ်တော်၏ တတ်စွမ်းနိုင်မှုကို ကျွန်ုပ်တို့အား ထပ်ဆင့် ယူတင်ဝတ်ဆောင်စေသောကြောင့် သခင်ဘုရားကို ပြန်လည်ပေးဆပ်ဖို့ရန်အတွက် အခွင့်အရေးကို လက်ဆုပ်လက်ကိုင်ပြု၍ ဘဝ၌တွေ့ကြုံလာရမည့် ပြဿနာတစ်ခုစီတိုင်းကို ရင်ဆိုင်ရသောအခါ သခင်ဘုရား၏ တတ်စွမ်းနိုင်သော တန်ခိုးကြောင့်သာဖြစ်သည်ကို သက်သေပြပါလိမ့်မည်။

ယုံကြည်သူတိုင်းသည် စုံစမ်းခြင်းအခက်အခဲတို့ကို တွေ့ကြုံရမည်မှာ သေချာပါသည်။ စာတန်သည် ကျွန်တော်တို့ဘုရားသခင်နှင့် မိဿဟာရဖွဲ့ခြင်းကို ဤလောကနှင့်ဆိုင်သော အရာများနှင့် လမ်းချော်အောင်လုပ်နေပါသည်။ ဘုရားသားသမီးများကို ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ခြင်းမှ လမ်းလွှဲစေသော စာတန်၏ နည်းပရိယာယ်ထက်ပို၍ ကောက်ကျစ်ယုတ်မာသော အရာမရှိတော့ပါ။ ထိုကြောင့် ပြောင်းလဲပြီးသော ယုံကြည်သူများ ယုံကြည်ခြင်းတည်ဆောက်နေခြင်းကို ပျက်ပြားစေသော စာတန်၏ လုပ်ရပ်၊ ဖန်ဆင်းရှင်နှင့်လွှဲစေသောနည်းတို့သည် အထူးအံ့သြစရာ မဟုတ်ပါ။

ဝိညာဉ်ပကတိလူများအတွက် ဤလောကရှိ ရုပ်ဝတ္ထုတို့က ဘဝအသက်တာအတွက် အားကိုးရာဖြစ်သည်ဟုထင်တတ်ကြသည်။ သို့သော်ဤကဲ့သို့ထင်မှတ်တတ်ခြင်း၏ ဆန့်ကျင်ဖက်သည်သာ အမှန်ဖြစ်သည်။

“*လောက၌ ရှိသမျှသော အရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်၊ လောကနှင့်သာ စပ်ဆိုင်ကြ၏။*”(၁ယော ၂း၁၆) ဤသို့ဖြင့် စာတန်သည် ခရစ်ယာန်တို့ကို လွယ်ကူစွာ သွေးဆောင်နိုင်ပေသည်။

ကျွန်ုပ်တို့သည် ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ ဝါကြွားခြင်းအားဖြင့် သွေးဆောင်ခြင်းခံရမည်ဖြစ်ကြောင်း ကျမ်းစာကဖော်ပြထားသည်။ ကျွန်ုပ်တို့အတွက် ထားရှိသော ဘုရားသခင်၏ အကြံအစည်တော်ကို စာတန်က သိပြီးဖြစ်၍ ဝင်ရောက်နှောက်ယှက်တတ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ရင်းနှီးစွာမိဿဟာရဖွဲ့လျှင် ဝိညာဉ်ရေးတိုးတက်လာပြီး ကိုယ်တော်နှစ်သက်မည်ဖြစ်ကြောင်းကိုလည်း စာတန်ကသိပြီးဖြစ်သည်။

## ကိုယ်ကာယတပ်မက်ခြင်း

ဤလောက၌ ကိုယ်ကျင့်တရား ခေါင်းပါးနေချိန်တွင် စာတန် သည် ကိုယ်ကာယတပ်မက်ခြင်းအလို့ငှါ အလွယ်တကူ ဖြားယောင်း သွေးဆောင်လျှက်ရှိသည်။ လူတို့၏ဘဝ၌ အသွေးအသားနှင့်ဆိုင်သောအရာ၊ ဥစ္စာပစ္စည်းများအားဖြင့် တပ်မက်စွဲလန်းဖို့ အမြဲတမ်း ဖြားယောင်းလျှက်ရှိသည်။ ထိုသို့ စာတန်၏ ညစ်ညူးသော အကြံပေးခြင်းနောက်သို့ လိုက်ပါမိ၍ ကျူးလွန်မိခြင်းသည် အဆုံး၌ အရှက်ကွဲ၍ အချည်းနှီးဖြစ်ရပေမည်။





## မျက်စိတပ်မက်ခြင်း

ကျွန်ုပ်တို့သည် သူတပါး၏ ပိုင်ဆိုင်မှုအပေါ် မလိုတမာစိတ်ဖြစ်ပေါ်ပြီး လောကအရာများကို တပ်မက်နေကြပြီဆိုလျှင် စာတန်သည် ဆိုးညစ်သောဖြားယောင်းမှုကို လုပ်နိုင်သည်။ ကျွန်ုပ်တို့ကို သွေးဆောင်နေသူက“သင်မှာ နာရီတစ်လုံးရှိလျှင် (သို့) မြေကွက် (သို့) အိမ်ကောင်းကောင်းတစ်လုံးရပြီဆိုလျှင် သင့်ဘဝပျော်ရွှင်ချမ်းမြေ့မည်”ဟု တီးတိုးပြောနေတတ်ပါသည်။ ဤသည်မှာ လှည့်ဖျားမှုတစ်မျိုးပင်ဖြစ်သည်။ သမ္မာကျမ်းစာက“*လူသည်မုန့်အားဖြင့် အသက်မွေးရသည်မဟုတ်။ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်မွေးရမည်*”ဟု မဿဲ ၄း၄ ၌ပါရှိပါသည်။ကျွန်ုပ်တို့သည် နောက်ဆုံးပေါ် ပစ္စည်းအသစ်များနောက်သို့ လိုက်သော်လည်း ခိုင်မြဲသောကျေနပ်မှုမရရှိနိုင်ကြောင်း သိရှိလာပေမည်။

## မာနထောင်လွှားသောအသက်တာ

ကျွန်ုပ်တို့၌ ကိုယ်ကိုကိုယ်အထင်ကြီးစိတ်၊ အတ္တစိတ်ဝင်ပြီဆိုလျှင် စာတန်၏ ဖျက်ဆီးတတ်သော အကြံများဝင်လာဖို့ တံခါးပွင့်နေပြီဖြစ်သည်။ အမျိုးမျိုးသော မာန်မာနထားခြင်းကို ဘုရားသခင် လုံးဝမနှစ်သက်ပါ။ ကိုယ်ကိုကိုယ် စိတ်ချယုံကြည်ပြီး ကိုယ်ဘဝကို ကိုယ်တိုင် ထိန်းကွပ်ခြင်းသည် ယုံကြည်ခြင်းနှင့် ဆန့်ကျင်ဖက်ဖြစ်သည်။ ယုံကြည်ခြင်းသည် ခရစ်တော်ကို အားကိုးစိတ်ချခြင်းဖြစ်သည်။ *သခင်ဘုရားရှေ့မှောက်၌ ကိုယ်ကို ကိုယ်နှိမ့်ချကြလော့။* (ယာကုပ် ၄း၁၀)

တန်ခိုးကြီးသော ဘုရားသခင် အောက်နှိမ့်ချခြင်းသည် စာတန်အတွက် တံခါးပိတ်ခြင်းဖြစ်သည်။

*ဤလောကကို အောင်ခြင်းအကြောင်းမူကား၊ ငါတို့၏ ယုံကြည်ခြင်းပေတည်း။* ၁ယော ၅း၄

ယုံကြည်ခြင်းအားဖြင့် အောင်မြင်ခြင်းရဖို့ရန် (စာတန်က လောကအရာများနှင့် သင့်အားချဉ်းကပ်လျှင်) ခရစ်တော်သည် တပည့်တော်များအား သွန်သင်ခြင်းအကြောင်းများကို လေ့လာရန် အရေးကြီးပေသည်။ စစ်မှန်သော ယုံကြည်ခြင်းအတွက် အဟန့်အတားဖြစ်စေသည့် အရာများကို သတိပေးထားသည်။ "*အချင်းချင်းပေးသော ဘုန်းအသရေကို သာခံ၍၊ ဘုရားသခင်သာလျှင် ပေးတော်မူတတ်သော ဘုန်းအသရေကို အလိုမရှိသော သင်တို့သည် အဘယ်သို့ ယုံကြည်နိုင်မည်နည်း။*" (ယောဟန်၅း၄၄) ဤကျမ်းပိုဒ်၌ ယုံကြည်ခြင်းသည် လူတို့ပေးသော ချီးမွမ်းခြင်းအသရေနှင့် မရောနှောကြောင်း ခရစ်တော်က တပည့်တော်များကို ထောက်ပြလျက်ရှိသည်။

ဘုရားသခင်နှင့် နေ့စဉ်အချိန်ယူခြင်းဖြင့် သင်၏ ယုံကြည်ခြင်းတိုးပွားလာမည်။ ထိုနောက် အသက်တာ၌ အခွင့်အရေးများနှင့် စုံစမ်းခြင်းများနှင့် ရင်ဆိုင်ရလျှင် သင်၏ယုံကြည်ခြင်းဖြင့်အောင်မြင်မှု ပွဲတင်ထပ်သွားအောင် သင်ကိုယ်တိုင်ပြုလုပ် နိုင်ပေမည်။



## **ဝိညာဉ်ရေးစစ်ဆေးချက်**

၁။ နေ့စဉ်အသက်တာ၌ ပါဝင်လုပ်ဆောင်နေသော ယုံကြည်ခြင်းကို နှစ်သက်အားရပါသလား။

၂။ အခြေအနေအမျိုးမျိုးမှ ပြဿနာများကို တွေ့ရှိပြီး ထိုပြဿနာကို ခရစ်တော်၏ စုံလင်ခြင်းအားဖြင့် ဖြေရှင်းမိပါသလား။

၃။ ဘုရားသခင်ကို ဦးစားပေးပါသလား။ သို့မဟုတ် မိမိအလိုဆန္ဒကို ဦးစားပေးပါသလား။

၄။ တစ်နေ့ပြီးတစ်နေ့ ကိုယ်တော်ကို အားကိုးခြင်းကြောင့် အသက်တာမှာ ထင်ရှားသော သက်သေရှိပြီလား။

* အိုအဖ အကျွန်ုပ်စကားပြောသောအခါ ပြန်ပြောတော်မူပါ
ကိုယ်တော်၏ ပဲ့တင်သံအောက်၌ အသက်ရှင်ခွင့်ကိုပေးပါ။
လမ်းလွဲသောသားသမီးများ၏ အထီးကျန်မှုအတွက်
တွေ့ခွင့်ပေးတော်မူပါ။

* အကျွန်ုပ်ကို သွန်သင်တော်မူပါ
တန်ဖိုးရှိသောအရာများကို ချပေးသနားတော်မူပါ
ပုန်းကွယ်နေသော နှလုံးသားဆီသို့ ကျွန်ုပ်စကားများ
ရောက်အောင် မစတော်မူပါ။

* ပြည့်စုံခြင်းနှင့် ဖြည့်ဆီးပေးတော်မူပါ။
ကျွန်ုပ်၏နှလုံးသား ပြည့်လျှံလာသည့်တိုင်
အတွေးများကိုလည်း တောက်လောင်စေပြီး
စကားများကို တောက်ပစေပါ။
ဘုရား၏ချစ်ခြင်းမေတ္တာကို ပြောရန်နှင့်
ဂုဏ်တော်ချီးမွမ်းခြင်းလည်းပြုနိုင်ရန်။

**Frances Ridley Havergal**



**အခန်း(၆)**

## ပြောရန်အချိန်

တစ်ည၊ ကျွန်ုပ်တရားဟောအပြီး ဖခင်တစ်ယောက်က သူ့အတွက် ဆုတောင်းပေးရန် ပြောလာပါသည်။ ဘုရားသခင်၏တန်ခိုးတော်သည် ထူးခြားစွာကျွန်ုပ်တို့နှင့်အတူရှိနေသည်။ ထိုဖခင်သည် မိမိ၏ မိတ်ဆွေများအား သက်သေခံရာ၌ ပြဿနာရှိကြောင်းပြောပါသည်။ ထိုကဲ့သို့ တစ်စုံတစ်ဦးက အကူအညီတောင်းတိုင်း သူတို့၏ ပြဿနာအစစ်မှန်ကို ခွဲခြားသိမြင်ဖို့ ကျွန်ုပ်သည် တိတ်ဆိတ်စွာ ဘုရားသခင်ကို မေးလေ့ရှိပါသည်။ ကျွန်ုပ်အဖြေတစ်ခုကို ရလိုက်သဖြင့် ဤသို့ပြောလိုက်ပါသည်။

"ဒီဟာက အဓိကပြဿနာလို့ ကျွန်တော် မထင်ပါဘူး၊ ကျွန်တော်နဲ့ အတူဒူးထောက် ဆုတောင်းပြီး သက်သေခံခြင်းပြဿနာအတွက် ဘုရားရှင်ဆီမှာ မမေးချင်ဘူးလား" ဟု ပြောသောအခါ ထိုသူသည် ချက်ခြင်း ဒူးထောက်ဆုတောင်းလေတော့သည်။

ထိုသူဆုတောင်းလိုက်သောအခါ မိမိနှုတ်ဆိတ်နေခြင်းထက် ပို၍ နက်ရှိုင်းသော အဖြေကို ဘုရားရှင်က ဖော်ပြပါတော့သည်။ ထိုသူသည် အိမ်၌ အနိုင်ထက်ပြုသည့်အပြင် ခလေးများအပေါ် အာဏာရှင်ဆန်ဆန် ဆက်ဆံနေခဲ့ခြင်းတို့ကို ကြေကွဲစွာ ဝန်ခံပါတော့သည်။ ထိုအရာများအတွက် နောင်တရပြီး ခွင့်လွှတ်ခြင်းရရန် ဘုရားသခင်ထံ ဆုတောင်းလေတော့သည်။

ခရစ်တော်သည် သက်သေခံဖို့ နည်းလမ်းအသစ်ကို ပေးလိုက်ပြီဖြစ်၍ ထိုညမှစပြီး သက်သေခံရန်အကြောင်း မဆွေးနွေးရတော့ပါ။ နောက်ညတွင် ထိုသူသည် ဝမ်းမြောက်ပျော်ရွှင်သော မျက်နှာနှင့် ကျွန်ုပ်ကို နှုတ်ဆက်သည်။ ကျွန်တော့်အား "ကျွန်တော် ဒီနေ့တနေ့လုံး တိတ်ဆိတ်စွာ မနေနိုင်ဘဲ ခရစ်တော်အကြောင်း သူတပါးကို ပြောနေရတယ်"ဟု ပြောလာပါသည်။

ကျမ်းစာ၌ မယုံကြည်သူအတွက် ကယ်တင်ခြင်းရရန် မည်သည့်နေရာ၌မျှ ဖော်ပြမထားပါ။ ခရစ်တော်နှင့်အစဉ် မိဿဟာရဖွဲ့ပြီးလိုက်လျှောက်ရင်း ဧဝံဂေလိဟောသောအခါ ကျွန်ုပ်တို့မှတဆင့် နားထောင်သူတို့၌ ကိုယ်တော်၏ မေတ္တာစီးဆင်းပါသည်။ သို့သော် ကျွန်ုပ်တို့ စိတ်နှလုံးသည် ကိုယ်တော်နှင့် မိဿဟာရဖွဲ့ခြင်းမရှိလျှင် သက်သေခံခြင်းအမှုသည် အကျိုးမရှိပါ။ ထိုအကြောင်းကြောင့် သူတပါးကိုဝေငှဖို့ နှုတ်





ဆိတ်နေပြီး ခရစ်တော်ကို ငြင်းသော ဤလောက၌ ကိုယ်တော်အကြောင်း မဖော်ပြနိုင်တော့ပါ။

တနေ့တာကို ဘုရားသခင်နှင့်အချိန်ယူခြင်းဖြင့် အစပြုခြင်းဖြင့် အဆီးအတားများကို ဖယ်ရှားနိုင်ပြီး မယုံကြည်သူတို့အား ခရစ်တော်အကြောင်းကိုလွယ်ကူစွာ သက်သေခံနိုင်ပါသည်။ ဧဝံဂေလိ အရောင်းအဝယ်လုပ်သူနှင့် ဝိညာဉ်အသီး၊ သီးသောသူနှစ်ဦးတို့ကြား ကွဲပြားခြားနားမှု တစ်ခုရှိသည်။ ယုံကြည်သူသည် လောကအလယ်၌ ရပ်ပြီး သခင်ခရစ်တော်အကြောင်းသက်သေခံနေသည်ဟု ထင်ရသောစကားကိုပြောဖို့ လွှဲအပ်ခံထားသူမဟုတ်ပါ။ ခရစ်ယာန်တစ်ယောက်သည် ခရစ်တော်၌ တည်ပြီး ထိုအခြေအနေမှတဆင့် ခရစ်တော်အကြောင်းကို ဝမ်းမြောက်စွာ ပြောနိုင်ပေပြီ။

သခင်ခရစ်တော် သူ၏တပည့်တော်များကို မိန့်မှာတော်မူသကဲ့သို့ "*အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏။ ထိုသူသည်များစွာသော အသီးကို သီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ။* " (ယောဟန် ၁၅း၅) ခရစ်တော်၌ တည်ခြင်း၊ ခရစ်တော်အကြောင်း သူတပါးကို ပြောခြင်းသည် ကျွန်ုပ်တို့၏ တာဝန်ဖြစ်သည်။

ပင်တေကုတ္တေနေ့ ပြီးသောအခါ တပည့်တော်တို့သည် ရှင်ပြန်ထမြောက်တော်မူခဲ့သော ခရစ်တော်နှင့်အတူ လမ်းလျှောက်၊ စကားပြောခြင်းအမှုကို လုပ်ခဲ့ရသည်အတွက် မိမိတို့၏ ဝမ်းမြောက်မှုတို့ကို သိမ်းဆည်းမထားနိုင်တော့ပေ။ ထိုကြောင့် မိမိတို့ရောက်သည့်နေရာတိုင်း၌ ခရစ်တော်အကြောင်းကို ဝေငှခဲ့ကြသည့်အပြင် ခရစ်တော်ကို ရန်ဖက်

ပြုသောသူတို့ကိုပင်လျှင် "ဘုရားရှင်၏ အံ့သြဖွယ်အမှုတို့ကို"(တမန် ၂း၁၁) ဝေငှသက်သေခံကြသည်။ ပေတရုဟောပြောခြင်းနှင့် တပည့်တော်တို့၏ သက်သေခံမှုတို့ကြောင့် ထိုနေ့တွင် ထောင်ပေါင်းများစွာသော သူတို့ကို ဟောပြောခဲ့ရသည်။ ပေတရု၏ ဟောကြားချက်ကြောင့်လူတို့သည် မိမိတို့လွန်ကျူးမိခဲ့ကြသော အပြစ်များအတွက် ခံစားခဲ့ရကြသည်။ မကြာသေးခင်က ခရစ်တော်ကို ကားစင်တင်ရန် ကြွေးကျော်သူများသည်ပင်လျှင် ငိုကြွေးလျှက် "ညီအကိုတို့ အဘယ်သို့ပြုရမည်နည်း"ဟု မေးမြန်းကြ၏။ (တမန် ၂း၃၇) ထိုနေ့မှစ၍ တပည့်တော်တို့၏ ကိုယ်တိုင်သက်သေခံ ဝေငှချက်များနှင့်ပေတရု၏ တရားဒေသနာကြောင့် များစွာသော ဝိညာဉ်တို့ကို ရိတ်သိမ်းနိုင်ခဲ့ပါသည်။

နောက်ပိုင်းတွင် ဖိနှိပ်မှု အမျိုးမျိုးကြောင့် တပည့်တော်တို့သည် မဖြစ်မနေ ဆုတောင်းကြရသည်။ ဘာသာရေးခေါင်းဆောင်တို့က ခရစ်တော်အကြောင်း မဟောပြောရန် တားမြစ်ကြသေးသည်။ အထက်ခန်းမ၌ ခရစ်တော်သည် တပည့်တော်တို့အား ဧဝံဂေလိဟောပြောနည်းကို မသင်ပေးခဲ့သော်လည်း သူတို့သည် ဝိညာဉ်တော်နှင့်ပြည့်၍ ခရစ်တော်အကြောင်း မဟောပြောဘဲ မနေနိုင်ကြပါ။"*ငါတို့သည် ကြားလျှက်၊ မြင်လျှက်ရှိသောအရာတို့ကို မဟောပြောဘဲ မနေနိုင်*"ဟုဆိုကြ၏။ သူတို့စိတ်နှလုံးသည် ထမြောက်ခြင်းအရှိန်ကြောင့် နိုးကြားနေကြပြီး မဟောဘဲမနေနိုင်ကြပါ။ (တမန် ၄း၂၀)

ကျွန်ုပ်နှင့်ဇနီး ဒေါ်ရသီသည် "The Iron Curtain" ဟုခေါ်သောဒေသ၌ အမှုဆောင်စဉ် အုပ်ချုပ်မှုစနစ်ကြောင့် သာသနာပြုရန် အခက်အခဲရှိသော သူတို့အား မေးကြည့်ရာ သစ္စာရှိသော သင်းအုပ်ဆရာတစ်ပါးက ဤသို့ဖြေပါသည်။ "ကျွန်တော်တို့လူဦးရေဟာ အခုနည်း





သွားပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့ ကိုယ်ကိုကိုယ် မည်သူမည်ဝါဖြစ်တယ်ဆိုတာကို သိရှိကြပါသေးတယ်။ ရှင်ပြန်ထမြောက်တဲ့ သခင်အကြောင်းသိသော ကျန်ရှိနေတဲ့ ကျွန်ုပ်တို့သည် ခိုင်မာစွာရပ်တည်နေကြတယ်" ဟူ၍ဖြစ်သည်။

(ဤသို့သောစုံစမ်းခြင်းမျိုးကို စာဖတ်သူအဖို့ တွေ့ကြုံပြီးဖြစ်ပေမည်။ ခရစ်တော်သာ အလျှင်အမြန်မလာခဲ့လျှင် ကိုယ်တော်၏အမှုတော်အတွက် ကျန်ကြွင်းသော ကျွန်ုပ်တို့အားလုံးကို ရွေးကောက်ပေမည်။)

ဒေါ်ရသီသည် ဘုရားသခင်နှင့် အချိန်ယူခြင်း၌ မှတ်စုတစ်ခု ရေးထားသည်။ ***ဝိညာဉ်တော်သည် ကျွန်ုပ်၌ စီးဆင်းလျှင် ခရစ်တော်အသေခံခြင်းသည် ကျွန်ုပ်အသက်ရှူတိုင်း ထင်ရှားနေမည်။*** တပည့်တော်တို့သည် ရဲရင့်စွာ သက်သေခံသောကြောင့် အဖိုးအခများစွာပေးရသည်။ ခရစ်တော်အကြောင်းပြောသောကြောင့် ထောင်သွင်းအကျဉ်းချခြင်းခံရသော်လည်း ဆုတောင်းဖို့ရန် စုဝေးကြသည်။ "*ထိုသို့ ဆုတောင်း ပဌနာပြုပြီးမှ စုဝေးသောအရပ်သည် တုန်လှုပ်၍ ထိုသူအပေါင်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်သဖြင့် ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ရဲရင့်စွာ ဟောပြောကြ၏။* "(တမန် ၄း၃၀ )

ထိရောက်သော ဧဝံဂေလိတရားသည် လျှံနေခြင်း၏ ရလဒ်မှဖြစ်ပေါ်လာခြင်းဖြစ်သည်။ **ယုံကြည်သူ၌ ဝိညာဉ်တော်ပြည့်ဝခြင်းဖြင့် ခရစ်တော်အကြောင်း သူတပါးတို့အား သက်သေခံနိုင်ပါသည်။**

ဓမ္မသစ်ကျမ်းဖတ်သောအခါ ကနဦးအသင်းတော်၏ ဧဝံဂေလိသည် တိုက်တွန်းနိုင်စွမ်းရှိသော လမ်းဘေးဆွဲဆောင်မှု မဟုတ်ကြောင်း နားလည်ရသည်။ ပင်တေကုတ္တေပွဲနေ့၌ တပည့်တော်တို့ကိုယ်တိုင်"ဘုရား

သခင်၏ အံ့သြဖွယ်အမှုဟု မကြေညာခဲ့လျှင် ပေတရု၏ တရားဟောခြင်းကိုလည်း နားထောင်မည့် လူစုလူဝေးလည်းရှိမည်မဟုတ်ပေ။ (တမန် ၂း၁၁)

ယုံကြည်သူတစ်ဦး၏ ဘဝတွင် ခရစ်တော်၏ သန့်ရှင်းခြင်း၊ ချစ်ခြင်းမေတ္တာပြည့်လျှံခြင်းရှိခဲ့လျှင် သူတပါးတို့သည် ကယ်တင်ခြင်းအကြောင်း နားထောင်ချင်စိတ်ရှိလာပေမည်။ ထို့ကြောင့် ဝိညာဉ်တော်နှင့် ပြည့်စေရန် ခရစ်တော်နှင့် နေ့စဉ်ထိတွေ့ဖို့ လိုပေသည်။ (ဧဖက် ၅း၁၈)

## ဧဝံဂေလိတရားများနှင့်ပြည့်လျှံခြင်း

ကျွန်ုပ်၏ ခရစ်ယာန်အသက်တာ အစောပိုင်းတွင် လူငယ်တို့နှင့် မိဿဟာရဖွဲ့ခြင်းရှိခဲ့သည်။ အသိတရားထက် စိတ်ခံစားမှုက ပိုနေပါသည်။ ဘုရားသခင်သည် မယုံကြည်သူတို့ကို ဟောဖို့ ကျွန်ုပ်တို့အား အသုံးပြုရန် သင့်လျော်ကြောင်း မြင်တော်မူသည်။ လူငယ်ဘဝအတွေ့အကြုံ အနည်းငယ်ကို တင်ပြပါမည်။

**အလုပ်နှင့်ဆိုင်သောဘဝ** - ကျွန်ုပ်ပြောင်းလဲသော အချိန်က အင်ဂျင်နီယာရုံးတစ်ခု၌ အလုပ်လုပ်ပါသည်။ တနေ့တွင် ကျွန်ုပ်အား အရာရှိဖြစ်သူက ဆင့်ခေါ်ပြောပါသည်။ “မင်းအပိုအလုပ်တွေ လုပ်နေရတယ်လို့ ငါကြားတယ်” ဟု ပြောရာ ဧဝံဂေလိ ကိစ္စကို ပြောနေခြင်းဖြစ်ကြောင်း ကျွန်ုပ်သိလိုက်သည်။ ညစဉ် ဧဝံဂေလိဟောပြောပွဲကို ကျင်းပပါသည်။ ထိုပွဲကို မြို့ထဲရှိ လူစည်ကားသောနေရာဖြစ်သော မြို့တော်ခန်းမတွင် ကျင်းပပါသည်။ မည်သူကမျှ အလွယ်တကူ မတားမြစ်နိုင်သဖြင့် ရဲရင့်စွာ ဟောပြောကြသည်။ ဟောပြောသောသူကို “ဆပ်ပြာသေတ္တာပေါ်က





ဆင်းရဲသား” ဟု လှောင်ပြောင်ကြသော်လည်း အချို့ညများတွင် လူနှစ်ဦးစ သုံးဦးစဖြင့် ပြောင်းလဲလာကြသည်။ မြို့တော်ခန်းမနှင့် မအပ်စပ်သော စိတ်ကူးယဉ် ဇာတ်လမ်းများကို မဟောပါနှင့်ဟု မြို့တော်စာရေးက ဟန့်တားပါသည်။ သို့သော် လဟာပြင် တရားဟောပွဲသည် အသီးအပွင့်ရှိလာပြီး လူငယ်အချို့ ပြောင်းလဲလာကြသည်။

ကျွန်ုပ်ကျမ်းစာကျောင်းတက်သောအခါ အပတ်စဉ်ကိုးကွယ်ခြင်း၌ ကျောင်းအုပ်က ဤသို့ပြောပါသည်။ လဟာပြင်တွင် လူထုကို မကိုင်တွယ်နိုင်လျှင် ထိုသူကိုအသင်းတော်၌ မသိမ်းသွင်းပါနှင့်။ ထိုအကြောင်းကို ကြားသောအခါ လူငယ်တို့သည် လဟာပြင်တရားဟောပွဲကို တောင်းဆိုကြကြောင်း ကျွန်ုပ်သိရပါသည်။

ပြောင်းလဲပြီးစ အချိန်၌ မိမိ၏ ယုံကြည်ခြင်းအသစ်ကို ကျောင်းနေဖက်တို့အား သက်သေခံပါသည်။ သို့သော် ရုံးဝန်ထမ်းတစ်ဦးကိုမူ သက်သေခံ၍ မရသေးပါ။ ထိုသူမှာ ညစဉ်လာ၍ ကြမ်းတိုက်သူ အမျိုးသမီး ဖြစ်ပါသည်။ တစ်ညတွင် သူငယ်ချင်းများပြန်သွား၍ ကြမ်းတိုက်ပစ္စည်းများကို ယူလိုက်သည်။ ထိုမိန်းမအလာကို စောင့်နေပြီး ရောက်လာသော အခါ“မင်းအလုပ်ပြီးသွားပြီ”ဟု ပြောလိုက်ရာ သူမကတောက်ပြောင်နေသော ကြမ်းပြင်ကို ကြည့်ပြီး အံ့သြနေပါသည်။ ခရစ်တော်အကြောင်းပြောပြပြီး အတူတကွ ဆုတောင်းကြရာ သူမသည် မျက်ရည်များကျ၍ ခရစ်တော်ကို လက်ခံခဲ့ခြင်းအကြောင်းကို အမြဲသတိယနေခဲ့ပါသည်။

**လူမှုရေးဘဝ** - ကျွန်ုပ်သည် (၂၁) နှစ် မြောက်မွေးနေ့ပွဲကို အင်္ဂလန်၌ ကျင်းပခဲ့ရသော နေ့များကို ပြန်လည်သတိရလျှက်ရှိပါသည်။ ထိုပွဲကို

ည စားစားပွဲပြုလုပ်ပြီး အကနှင့်ကျင်းပခဲ့သည်။ ကျွန်ုပ်အတွက် မွေးနေ့ပါတီပွဲ တွင် ကခုန်မည့်အစား သူငယ်ချင်းများကို ဘုရားသခင်ထံပို့ဆောင်မည့် အခွင့်အရေးတစ်ခုဟု ကျွန်ုပ်ကို စိတ်နှလုံးကို တို့ထိတော်မူပါသည်။ မိဘများက ခမ်းနားစွာ ကျင်းပပေးသော ထိုပွဲတွင် ကျွန်ုပ်၏သူငယ်ချင်းအချို့ကို ပြောင်းလဲခဲ့ပါသည်။ ဧဝံဂေလိ တရားဟောဆရာတစ်ယောက်ကို ဖိတ်ပြီး ညစားစားအပြီး တရားဟောခိုင်းပါသည်။ ကျွန်ုပ်မွေးနေ့ပွဲဖိတ်စာပေါ်တွင် "လက်ဆောင်ပေးခြင်း သီးခံပါ။ သင်ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပါ "ဟု ရေးထားပါသည်။ ထိုညမှာ သူငယ်ချင်းတစ်ဦး ခရစ်တော်ကို လက်ခံခဲ့သည်။

ကျွန်ုပ်သည် လန်ဒန်တွင် လက်ထောက်သင်းအုပ်ဆရာလုပ်စဉ် လူငယ်များသည် မယုံကြည်သူများမပါဘဲ မိဿဟာရပွဲကို မည်သည့်အခါမျှ မကျင်းပကြပါ။ မိဿဟာရပွဲအပြီး ဧဝံဂေလိဟောပြောပွဲနှင့် အဆုံးသတ်လေ့ရှိပါသည်။ လူငယ်မိဿဟာရပွဲ ကျင်းပခြင်းသည် လူငယ်များကို ခရစ်တော်၌ တည်ဆောက်မှု ရရှိရန်နှင့် မယုံကြည်သော သူငယ်ချင်းများ ပြောင်းလဲကြရန်အတွက်ဖြစ်သည်။ ထို့ကြောင့် လူငယ်မိဿဟာရ၌ ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာသက်ရောက်ခြင်းသည် အံ့ဖွယ်အရာတစ်ခုဖြစ်သည်။

**ဝိညာဉ်ရေးဘဝ** - ကျွန်ုပ်ပြောင်းလဲခါစ ၁၉ နှစ်အရွယ်တွင် ကျမ်းစာဖတ်ဖို့ စိတ်ဝင်မစားခဲ့ပါ။ ကျမ်းစာအကြောင်းကို အနည်းငယ်သာ သိပါသည်။ ထိုနောက် ခရစ်တော်ကို ကယ်တင်ရှင်အဖြစ်လက်ခံပြီး တနင်္လာနေ့ ညတိုင်းတွင် ပြောင်းလဲခါစ သူငယ်ချင်းများ စု၍ အိမ်တွင်ကျမ်းစာလေ့လာကြသည်။ ကျွန်ုပ်တို့ စိတ်အားထက်သန်သော အရာတစ်ခုမှာ ကျမ်းစာကို ဦးကျောက်အသိတရားမှ နှလုံးသားသို့ လျှင်မြန်စွာရောက်ရှိ





ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျမ်းစာအုပ်ကို ဘာသာရေးစာအုပ်အဖြစ်မမြင်ဘဲ အသက်တာကို ခိုင်မြဲစေဖို့ လမ်းညွှန်စာအုပ်အဖြစ် ခံယူကြသည်။

ထိုသို့ကျမ်းစာလေ့လာခြင်း အကျိုးသည် သူငယ်ချင်းအချို့ ပြောင်းလဲရုံမက ဧဝံဂေလိလုပ်ဆောင်ဖို့ နည်းစနစ်အသစ်ကို ဖေါ်ထုတ်နိုင်သည်။ ကျွန်ုပ်တို့တွင် ကိုယ်ပိုင်ကားမရှိသောကြောင့် စက်ဘီးကိုနောက်တွဲတပ်ပြီး ထိုနောက်တွဲပေါ်မှာ အသံချဲ့စက်ကို တင်ပြီး အားလပ်သောရက်များတွင် အနီးအနားရွာတို့၌ ဧဝံဂေလိထွက်ပါသည်။

ရွာတစ်ရွာတွင် အမြဲတမ်းသော့ခတ်ပိတ်ထားသော မက်သဒစ်ဘုရားကျောင်းတစ်ခုရှိသည်။ ကျွန်ုပ်တို့သည် ထိုဘုရားကျောင်းကို အသုံးပြုခွင့်တောင်းကာ ဘုရားကျောင်းကိုဖွင့်ပြီး ဦးစွာသန့်ရှင်းရေးလုပ်ပါသည်။ ထိုနောက် ဘုရားကျောင်း အပြင်ဖက် မြက်ခင်းပြင်သို့သွားခဲ့ကြပါသည်။ သယ်ဆောင်လာသော ပစ္စည်းများကို ရွာရှိ အရက်ဆိုင်ရှေ့တွင် ခင်းကျင်းချထားပြီး ထိုစဉ်က ကျော်ကြားသော အမေရိကန်အဆိုကျော် Bev Shea ၏ သီချင်းခွေသစ်ကိုဖွင့်ပါသည်။ထိုနောက် လဟာပြင်တရားဟောပွဲကို စတင်ကျင်းပပါသည်။ ထိုအဆိုတော်သည် မကြာသေးမီက အင်္ဂလန်နိုင်ငံသို့လူငယ်လေးတစ်ဦးဖြစ်သည့် Billy Graham ဆိုသူနှင့်ရောက်လာခဲ့လေသည်။ ဤခရီးစဉ်သည် Billy Graham အတွက် အင်္ဂလန်သို့ ပထမဆုံးအကြိမ်ရောက်ဖူးသော ခရီးစဉ်ဖြစ်သည်။ သီချင်း တစ်ပုဒ်နှင့်တစ်ပုဒ်ကြား ဆပ်ပြာသေတ္တာပုံးလေးပေါ် ရပ်လျက် မိမိတို့ကိုယ်တိုင်ခရစ်တော်ကို ကယ်တင်ရှင်အဖြစ်လက်ခံ ယုံကြည်ခဲ့ခြင်းအကြောင်းတို့ကို သက်သေခံဟောကြားကြပါသည်။ ထိုအချိန်ပိုင်းအတွင်း အရက်ဆိုင်

အတွင်းမှ လူအချို့စူးစမ်းလိုသောစိတ်ဖြင့် လာရောက် နားထောင်ကြသောကြောင့် ပို၍ကြိုးစားဟောကြရလေသည်။ ထိုရက်များအပြီး ဘုရားသခင်၏ လုပ်ဆောင်မှုကြောင့်ရွာ၏ ဘုရားကျောင်းလေး၌ လူပြည့်လာသဖြင့် ရွာသားများပင် အံ့သြကြရပါသည်။ ဥပုသ်စာဖြေဆရာမတစ်ယောက်လည်းပြောင်းလဲပြီး သူ၏ညီမပါ ခရစ်တော်ကိုလက်ခံလာသည်။ ဥပုသ်စာဖြေလေးများသင်တန်းလည်း ပြန်လည်ဖွင့်လှစ်နိုင်ရုံမက အပတ်စဉ်ဝတ်ပြုစည်းဝေး အစီအစဉ်ကို လုပ်လာနိုင်သည်။ နောင်အခါ ထိုဘုရားကျောင်းကို ဘယ်အခါမျှ သော့ခတ်မထားတော့ပေ။

*“နှုတ်ကပတ်တရားတော်ကို ဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ။ မရှိသည်ဖြစ်စေ ကျိုးစားအားထုတ်လော့။”*(၂တိ ၄း၂) တိမောသေကို ပေါလု တိုက်တွန်းထားသော စကားဖြစ်သည်။ ရှင်ပေါလုသာ ယနေ့အသက်ရှင်လျှက်ရှိနေဦးမည်ဆိုလျှင် “အခွင့်အရေးရလျှင် ဧဝံဂေလိဟောပါ။ အခွင့်အရေးမရှိက အခွင့်အရေးရရန် ဖန်တီးယူပါ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ဟောကြားဖို့ရန် အခါအခွင့်ဟူ၍မရှိပါ”ဟု တိုက်တွန်းမည်ဖြစ်သည်။ ပေါလုသည် ကျမ်းစာလေ့လာပြီး လက်တွေ့မလုပ်ဆောင်သောသူတို့ကို မေတ္တာနှင့်အားပေးနေခြင်းဖြစ်သည်ဟု ကျွန်ုပ်ထင်ပါသည်။

သင်သည် နှုတ်ကပတ်တော်ကို ဦးနှောက်အသိဉာဏ်မှ စိတ်နှလုံးထဲသို့ ရောက်စေသောနည်းကို သိရှိမည်ဆိုလျှင် နှုတ်ကပတ်တော်စကားများသည် ယေရမိစကားအတိုင်း **သင့်အရိုးထဲမှမီး** အဖြစ် သင်၌တောက်လောင်လာပေမည်။

ကျမ်းစာသည်သာ ခေါင်းထဲ၌သာ ရှိနေဆဲဖြစ်လျှင် ဝိညာဉ်လူ





မဟုတ်နိုင်သေးပါ။ အရိုးထဲ၌လည်း မီးတောက်လောင်နေခြင်းမရှိပါ။သို့သော် ဘုရားနှင့်အချိန်ယူခြင်း ကို မှန်မှန်လုပ်လျှင် သင်သည် ဝိညာဉ်လူဖြစ်လာနိုင်ပါသည်။ ဘုရားသခင်သည် ကျမ်းစာအားဖြင့် သင့်ကိုစကားပြောသလို သင်ကိုယ်တိုင် သူတပါးအား ဘုရားအကြောင်းကို ပြောစေလိုပါသည်။ “*သင်သည် ငါ၏နှုတ်ထွက်စကားကို နားခံ၍ သူတို့ကို သတိပေးရမည်။*” (ယေဇ ၃၃း၇) ကျွန်ုပ်တို့ ဘာမျှ မကြားဘဲ ဘုရားစကားကို သူတပါးအား အဘယ်သို့ ပြန်ပြောရမည်နည်း။

ယနေ့ ခရစ်ယာန် အမှုတော်ဆောင် များစွာရှိသော်လည်း ဘုရားသခင်နှင့် ကိုယ်တိုင်လက်တွေ့ မိဿဟာရဖွဲ့ပြီးမှ နည်းမှန်လမ်းမှန်သက်သေခံသူ နည်းလှသည်။

ရှင်ယောဟန်သည် သခင်ခရစ်တော်နှင့် မိဿဟာရဖွဲ့ပြီး မိမိ၏အတွေ့အကြုံကို ဝမ်းမြောက်စွာ သက်သေခံခဲ့သည်။ ထို့ကြောင့် ရှင်ယောဟန်က သူကဲ့သို့ ရင်းနှီးသော မိဿဟာရရှိကြဖို့ ခေါ်ဖိတ်တိုက်တွန်းနေသည်။

“*ငါသည် ခမည်းတော်နှင့်၎င်း၊ သားတော်ယေရှုခရစ်နှင့်၎င်း မိဿဟာယဖွဲ့သည်ဖြစ်၍သင်တို့သည် ငါတို့နှင့် မိဿဟာရဖွဲ့စေခြင်းငှါ ငါတို့ကြားမြင်ရသောအရာကို သင်တို့အား ပြသကြ၏။*”(၁ယော ၁း၃)

# ဝိညာဉ်ရေးစစ်ဆေးချက်

၁။ မိမိလုပ်ငန်းခွင်၊ နေထိုင်ရာနေရာသည် ကိုယ်တိုင်သက်သေခံရန် သာသနာနယ်ဟုတ်ပါသလား။

၂။ လူတို့ကို ပြောင်းလဲစေဖို့သာဖြစ်ပြီး တကယ်ပြောင်းလဲဖို့ ဆုတောင်းခြင်းဖြင့် မေတ္တာထားပါသလား။

၃။ တစ်စုံတစ်ယောက်ကို ခရစ်တော်အကြောင်း မည်သည့်အချိန်က နောက်ဆုံးဟောပြောခဲ့သနည်း။

၄။ မိမိဘဝသည် အပေးအယူလုပ်နေခြင်း၊

မိမိအလုပ်သည် အန္တရာယ်ရှိခြင်း၊

မိမိ၏မာနသည် ခရစ်တော်ကဲ့သို့အပယ်ခံ၊ အထင်မြင်သေးခံရန် တစ်သားတည်း ရပ်တည်ခွင့်မပြုခဲ့ခြင်းတို့ကြောင့် သင့်နှုတ်သည် ခရစ်တော်အကြောင်းပြောဖို့ ဆွံ့အနေပါသလား။



---

ထာဝရအလင်း

* ထာဝရအလင်း၊ ထာဝရအလင်း

ဝိညာဉ်တော်မည်မျှ သန့်စင်လိမ့်၊ ရှာသူရှေ့ရောက်လည်း

ငြိမ်သက်ပျော်ရွှင်ဝမ်းမြောက်လျက်၊ မျှော်လင့်ရှင်သန်နိုင်။

* ပလ္လင်တော်ဝိုင်းရံ ဝိညာဉ်တို့

သူတို့၌သာ တောက်လောင်နေသော ချမ်းသာသုခခံစား

ကမ္ဘာပျက်မည့်အရေး၊ သူတို့မသိကြ။

* ဇာတိအမှောင်၌ ကျင်လည်သူကို

နှုတ်မမြွက်နိုင်ခဲ့လျှင်၊ ကျွန်ုပ်၏ဝိညာဉ်

တောက်လောင်ခြင်းမရှိအောင်ဖြစ်ရသည်။

* လူတွေနိုးထမှုအတွက် နည်းလမ်းရှိ

မြင့်မြတ်သောနေရာလေးဆီ

တင်လျှူခြင်းနှင့် ဆက်ကပ်ခြင်းတို့သည်

သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်

ဘုရားရှင်ထံလျှောက်လို့ပေး။

* ထိုထိုရာတို့ သန့်ရှင်းမြင့်မြတ်နေရာ

ကောင်းကင်ဘုံမှာ ပြင်ဆင်လျက်ရှိတာ

မှောင်ကမ္ဘာမှ ဉာဏ်မဲ့ သားနဲ့သမီး

ထာဝရချစ်ခြင်းမေတ္တာမှ

ထာဝရအလင်းထဲ၌ ခိုလှုံနိုင်ပေမည်။

**Thom[redacted](1798-1874)**

## အသီး သို့မဟုတ် မီး

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ Bengt သည် ဆွစ်နှင့် အမေရိကန် ကပြားတစ်ယောက်ဖြစ်ပြီး သူသည် အမေရိကန်နိုင်ငံသို့ လာရောက် နေထိုင်ရင်း အောင်မြင်သော ခရစ်ယာန်စီးပွားရေးသမားဖြစ်လာသည်။ သူသည် သာသနာပြုလေယာဉ်များကို မောင်းနှင်ပို့ဆောင်ပေးရသော အလုပ်ကို စိတ်ထက်သန်စွာလုပ်ဆောင်သည်။ တနှစ်မှာ သူ၏မိတ်ဆွေ က အလက်စကာ၌ ကျင်းပမည့် Mission Aviation Fellowship





(M.A.F)သို့ မောင်း ပို့ရန် တောင်းဆိုရာ သူသည်လေယာဉ်မောင်းပို့ရန် ပြင်ဆင်ခဲ့ပါသည်။ သူ၏သူငယ်ချင်းကို ပို့ဆောင်ပေးပြီး Bengt သည် Fairbanks လေယာဉ်ကွင်း တစ်ယောက်တည်း ကျန်ခဲ့လေသည်။

လေယာဉ်မထွက်ခင် သူ့မိတ်ဆွေက အရေးပေါ်အခြေအနေ၌ သုံးရန် ပစ္စည်းများပါသော အသက်ကယ်အိပ်ကို ထည့်ပေးလိုက်သည်။ ထိုနောက်သူသည် ၄င်းလေယာဉ်ငယ်လေးကို မောင်းလာခဲ့ရာ ခရီးဆုံး ရောက်ခါနီးမမျှော်လင့်ဘဲ လေမုန်တိုင်းတိုက်ခတ်လာပါသည်။ Alaskan တောင်တန်း၌ တိုက်ခတ်သော လေပြင်းကြောင့် လေယာဉ်ကလေးမှာ ထိုးကျသွားပါတော့သည်။ လေယာဉ်သည် တောင်ကမ်းပါးစွန်းတစ်ခုပေါ် တွင် မေးတင်ကာ ရပ်သွားခဲ့ပါသည်။ နောက်သုံးရက်ကြာသည်အထိ ဆီးနှင်းများကျလာပြီး လေယာဉ်ပျက်ကို ရှာမတွေ့နိုင်အောင် ဖုံးအုပ်ထား ပြန်သည်။ ဘုရားရှင်၏ ကောင်းမြတ်မှုကြောင့် လေယာဉ် ဝမ်းပိုင်း၌ ကပ်နေသော ဆီးနှင်းများသည် လေတိုက်ခတ်မှု၌ ကွာကျသွားကြသည်။ သို့သော် လေယာဉ်ပတ်ပတ်လည်၌ ဆီးနှင်းများ ဖုံးလွှမ်းနေသောကြောင့် ကမ်းရိုးတန်းကယ်ဆယ်ရေးတပ်ဖွဲ့လေယာဉ်လေးသည် Bengt လေယာဉ် ပျက်အပေါ်မှ ဖြတ်သန်းမိသော်လည်း သတိမပြုမိကြ။။

ထိုကမ်းရိုးတန်းကယ်ဆယ်ရေးတပ်ဖွဲ့ကလည်း လက်လျှော့ပြီး ရှာဖွေရေးလုပ်ငန်းကို ဖျက်သိမ်းလိုက်ပါတော့သည်။ ထိုအခါ Bengt ၏ သားဖြစ်သူ Bruce သည် ဘုရားသခင်ထံ ဆုတောင်းပြီး (M.A.F) အဖွဲ့မှ လေယာဉ်မှူးတစ်ယောက်ကို အကူအညီတောင်းကာ ဖခင်ဖြစ်သူ ကို ဆက်လက်ရှာဖွေခဲ့သည်။ ထိုအချိန်တွင် လေယာဉ်ပျက်ထဲမှ Bengt မှာ အစာရေစာမစားရသဖြင့် အားအင်များကုန်ခမ်းလာသည်။ ထိုနောက် ပါလာသော ကင်မရာဖြင့် မိသားစုကို နှုတ်ဆက်သည့် အနေဖြင့် မိမိကိုယ်

ကို ဓါတ်ပုံကြိုးစားရိုက်ယူခဲ့သည်။ ပုံထဲတွင် သူသည်လက်ဝှေ့ယမ်းနေပြီး ချောင်ကျနေသော မျက်နှာတွင်လည်း အပြုံးပန်းဆင်ထားပါသည်။ သို့သော်လည်း ဘုရားသခင်၌ အကြံအစည်တော်ရှိပါသည်။ ထိုအချိန်သည် နေထွက်ချိန်ဖြစ်၍ Bruce သည် ဖခင်၏လေယာဉ်ပျက် ဝမ်းပိုက်ပိုင်းကို နေရောင်ခြည်ထိုးကျသဖြင့် ရောင်ပြန်ဟပ်သောအလင်းကို တွေ့လိုက်ရပြီး ဖခင်ကို ကယ်ဆယ်နိုင်ခဲ့သည်။

ကျွန်ုပ်သည် ဤအဖြစ်အပျက်ကို အဘယ်ကြောင့် ပြန်ပြောရပါသနည်း။ Bengt သည် လေယာဉ်ပျက်ကျ၍ ကယ်ဆယ်သူ မရောက်မီ (၁၀) ရက်အတွင်း ခရစ်တော်၏ တရားပလ္လင်တော်ရှေ့ရောက်သွားကြောင်းပြန်ပြောပြသည်။ နောက်တစ်ကြိမ် Bengt နှင့် ပြန်တွေ့ပြန်သောအခါ သူက ထိုဆီးနှင်းထူထပ်သော တောင်ထိပ်အစွန်း၌ရှိနေစဉ်က ဘုရားသခင်သည် သူနှင့်အတူရှိနေခဲ့ကြောင်း၊ သန့်ရှင်းသောဝိညာဉ်တော်က သူသည်မကြာမီ အိမ်တော်သို့ဝင်စားရတော့မည်ဖြစ်၍ လောက၌ သူအသက်ရှင်စဉ်က လုပ်ဆောင်ခဲ့သည့် အရာများကို ပြန်သတိရသုံးသပ်စေကြောင်းပြောပါသည်။ ယုံကြည်သူတို့အား တရားအဆုံးအဖြတ်ပေးမည့် ပလ္လင်တော်ရှေ့သို့ အချိန်မကျမီရောက်နေသကဲ့သို့ဖြစ်နေပြီး ကုန်လွန်ခဲ့သောအချိန်များက မိမိလုပ်ဆောင်ခဲ့သော အမှုတော်လုပ်ငန်းများက ထာဝရကာလအတွက် မည်မျှ အကြိုးဝင်သလဲဆိုသည်ကို ပြန်၍ဆင်ခြင်မိကြောင်းပြောပါသည်။

Bengt သည် အသင်းတော်ကော်မီတီစည်းဝေးများ၊ ဧဝံဂေလိကောင်စီစည်းဝေးနှင့် ပါဝင်လုပ်ဆောင်ခဲ့သော အသင်းတော်လုပ်ငန်းတို့တွင် မိမိ၏ အစွမ်းအစ၊ မိမိ၏ခွန်အားနှင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြပို့ဆောင်ခြင်းကြောင့် မဟုတ်သည်





ကို ကျွန်ုပ်အား လေးနက်စွာပြောခဲ့ပါသည်။

ဒုက္ခနှင့်ရင်ဆိုင်ခဲ့ရသည့် ထို (၁၀) ရက်တာ အတွင်း ဘုရားသခင်က Bengt အား သူစွမ်းဆောင်ခဲ့သော အရာတို့သည် အကျိုးသက်ရောက်မှုမရှိ။ သစ်သား၊ မြက်ပင်၊ ကောက်ရိုးတို့ကဲ့သို့ တရားစီရင်ရာနေ့၌ မီးရှို့ခံရမည်ဖြစ်ကြောင်း ဖေါ်ပြခဲ့သည်။

မည်သို့ပင်ဖြစ်စေ သူဘဝ၌ ကြီးမားသော အတွေ့အကြုံ သင်ခန်းစာကို ရလိုက်သည်။ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်အတွက် စိတ်အားထက်သန်ကြပြီး အမှုတော်၌ ပါဝင်ကြရာတွင် ကိုယ်ပိုင်စွမ်းရည်ကြောင့်မဟုတ်ဘဲ ဝိညာဉ်တော်အုပ်စိုးမှုနှင့် နာခံလုပ်ဆောင်ကြဖို့လိုပါသည်။

ယုံကြည်သူအားလုံးသည်လည်း တရားပလ္လင်ရှေ့မှောက်၌ ဝင်ရောက်ရမည့်အရေးကို သတိရဖို့လိုအပ်ပါသည်။ပလ္လင်ဖြူကြီးကား မယုံကြည်သူတို့ကို တရားစီရင်ရန်အတွက်ဖြစ်သည်။ ခရစ်တော်သည် ယုံကြည်သူများကို စီရင်ရာတွင် ယုံကြည်ခြင်းမပါဘဲ လုပ်ဆောင်ခဲ့သည့်အရာများ မီးရှို့ဖျက်ဆီးခံရမည်ဖြစ်ပြီး၊ ယုံကြည်ခြင်းနှင့် လုပ်ဆောင်ခဲ့သည့်အရာများသည်ပင် ဘုရားရှင်ကိုယ်တော်တိုင် ပါဝင်လုပ်ဆောင်ပေးခြင်းဖြစ်သောကြောင့် ဂုဏ်တော်သည် အစဉ်တည်နေပါလိမ့်မည်။ ထိုနေ့တွင် များစွာသော ခရစ်ယာန်တို့သည် ဘာသာရေးလောက၌ မိမိတို့လုပ်ဆောင်ခဲ့သောအရာတို့သည် မိမိတို့အသက်တာ၌ ကျေနပ်နှစ်သိမ့်မှု ပေးသည်ဟု ထင်ရသော်လည်း ထိုအရာအားလုံးတို့သည် စစ်မှန်သောဝိညာဉ်ရေး အမှုတော်ဆောင်ခြင်းမဟုတ်သည့်အတွက် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်သည်ကို ဝမ်းနည်းစွာ သိမြင်လာကြပါလိမ့်မည်။

## အဖြူရောင် စာမျက်နှာများ

ကျွန်ုပ်ရှေ့၌ မည်သည့် အစွန်းအထင်းမှမရှိသော စာရွက်ဖြူ အလွတ် နှစ်ရွက်ရှိဆိုပါစို့။

စာရွက်ကို ကြည့်လိုက်လျှင် စာရေးသား ခြင်း၊ လှပသောပုံဆွဲထားခြင်းမရှိ။ တချိန်တည်းမှာပင် တစ်စုံတစ်ယောက်၏ အမှားကိုလည်း တွေ့ရမည်မဟုတ်ပေ။ စာရွက်ပေါ်တွင်မည်သည့်အရာနှင့်မျှ ချယ်မှုန်းထားခြင်းမရှိ။ **မည့်သည့်အစွန်းအထင်း၊ အနာအဆာ မရှိသော စာမျက်နှာများဖြစ်သည်။**

ကျွန်ုပ်တို့ ဘဝသည်လည်း ထိုစာရွက်ဖြူကဲ့သို့ဖြစ်နိုင်ပါသည်။ အပြစ်စွန်းကွက်ခြင်းရှိသော်လည်း အသွေးတော်ဖြင့် ဆေးကြော၍ မိုးပွင့်ကဲ့သို့ ဖြူစင်စေခဲ့ပါသည်။ (ဟေရှာ ၁း၁၈) ကျွန်ုပ်၏ စာမျက်နှာ အဖြူဘဝ အစိတ်အပိုင်း အချို့ကို ပြန်ကြည့်မြင်ပြီး ဘုရားသခင်၏ ဂရုဏာတော် ကြီးမားခြင်းကို ချီးမွမ်းမိပါသည်။ သိလျက်နှင့်ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ လွန်ကျူးမိခဲ့သော အပြစ်များအတွက် သန့်ရှင်းသောဝိညာဉ်တော်အား သောကရောက်စေပါသည်။ သခင်ခရစ်တော်၏ အသွေးတော်ကြောင့်သာမဟုတ်လျှင် မိမိတို့ဘဝ၏ အဖြူရောင်စာမျက်နှာများသည် စွန်းထင်းနေမည်ဖြစ်သည်။ ဘုရားရှင်၏ ဂရုဏာတော်၊ ကျေးဇူးတော်များကြောင့်သာ ထိုစွန်းထင်းခဲ့သော အပြစ်တို့သည် ယခုအခါ မိုးပွင့်ကဲ့သို့ ဖြူစင်ခဲ့ရပါပြီ။ "အစွန်းအထင်းမရှိ၊ အဖြူရောင်စာမျက်နှာများဖြစ်





သောကြောင့် ဘုရားရှင်၏ကျေးဇူးတော်အား ချီးမွမ်းပါ။"

သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုမပါသောအရာတို့သည် ထာဝရကာလ၌ ရေတွက်ဝင်ခြင်းမပြုနိုင်သည်ကို သိရပါသည်။ ရှင်ပေါလုက ထိုနေ့ရက်၌ တွေ့ကြုံရမည့်အရာကို *"မီးနှင့်လွတ်သကဲ့သို့ သူသည် ကယ်တင်ခြင်းရောက်လိမ့်မည်"*ဟု ၁ကော ၃း၁၅ ၌ ဖော်ပြထားပါသည်။ ကျွန်ုပ်တို့အပြစ်များကို သခင်ခရစ်တော်အားဖြင့်သာလျှင် ချေဖျက်နိုင်သည်။ ကျွန်ုပ်တို့အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော် စီးဝင်ခြင်းမရှိလျှင် မည်သည့်အရာကမျှ ထာဝရအသက်ရရန် စွမ်းဆောင်ပေးနိုင်မည်မဟုတ်။ **မည်သည့်အရာမျှ မပါသော အဖြူရောင်စာမျက်နှာများသာဖြစ်ပေမည်။**

အချို့သော အသက်တာ၏ စာမျက်နှာများသည် အဖြူရောင်အဖြစ်ရှိနေသော်လည်း အခြားစာမျက်နှာများ၌ တုနှိုင်းမမှီအောင်လှပသောပုံများဖြင့် ရေးခြယ်မှတ်တမ်းတင်ထားမည်ဖြစ်ပါသည်။ ထိုပုံများသည် သံမှိုစွဲခံခဲ့ရသော ခရစ်တော်၏ ချစ်ခြင်းမေတ္တာလက်ဖြင့် ရေးဆွဲထားခြင်းကြောင့် အဖဘုရားရှင်အား အစဉ်ချီးမွမ်းနေပါမည်။ ယုံကြည်သူအယောက်စီတိုင်းတို့အတွက် ဂုဏ်အသရေနှင့်ပြည့်စုံသည့် စာမျက်နှာများသည် ထိုနေ့ရက်တွင် မှတ်တမ်းတင်ထားမည်ဖြစ်သောကြောင့် ဘုရားရှင်အတွက် အသင့်ရှိနေသော ကျွန်ုပ်တို့အား သူ၏ ထာဝရကာလနှင့်သက်ဆိုင်သော အမှုတော်တို့ကို ချပေးသနားတော်မူမည်ဖြစ်သည်။ **အဖြူရောင်စာမျက်နှာများသာဖြစ်သော်လည်း အကြောင်းအရာများစွာ**

ပါရှိသောကြောင့် ကျေးဇူးတော်ချီးမွမ်းပါ။

## အချည်းနှီး ကုန်လွန်ခဲ့သောနှစ်များ

ဘုရားသခင်သည် သူနှင့် အတူစားသောက်ဖို့ရန် ဖိတ်ခေါ်လျက်ရှိပြီး ကိုယ်တော်နှင့်မိဿဟာရဖွဲ့ခြင်း၌ ဝမ်းမြောက်မှုရှိရန်နှင့် ကယ်တင်ရှင်သခင်အား ကျေနပ်နှစ်သိမ့်မှုကို ပေးရမည့်အစား ကျွန်ုပ်တို့သည် မိမိတို့၏အချိန်များကို အချည်းနည်းဖြုန်းတီးနေကြသည်။

ကျွန်တော်သည် အဖိုးအိုတစ်ယောက်အကြောင်းကို တွေးမိတိုင်း ကြေကွဲဝမ်းနည်းမှုနှင့်အတူ ဝမ်းမြောက်မှုကိုပါ ခံစားမိပါသည်။ ကျွန်ုပ်ပြောင်းလဲခါစက လူငယ်တစ်ချို့နှင့် ဆေးရုံသို့ သွားကြသည်။ စနေနေ့ညနေတိုင်း ဆေးရုံပေါ်တွင်ရှိသော အသက်ကြီးသည့် လူနာများကို သွားရောက် ဆုတောင်းအားပေးကြပါသည်။ တစ်ညမှာ သက်သေခံရင်း နှုတ်ကပတ်တော်ကို ကြားရသော အဖိုးအိုတစ်ဦးသည် မျက်ရည်ကျလျက် ခရစ်တော်ကို လက်ခံခဲ့သည်။

"အဘ အခုကယ်တင်ခြင်းရပြီ။ ကောင်းကင်နိုင်ငံကို သွားရမယ်" ဟု တုန်တုန်ရီရီနှင့်ပြောပါသည်။ ကျွန်တော်က အလွန်အံ့သြဝမ်းသာစရာအကြောင်းဖြစ်သည်ဟု ပြောလိုက်သော်လည်း အဖိုးအိုက တုန်ရီစွာပြန်ပြောသည်မှာ

"ငါအပြည့်အဝ ဝမ်းမသာနိုင်ဘူး။ ငါ့အသက် ၇၁ နှစ်ရှိပြီ။ ၇၁ နှစ်လုံးလုံးအချည်းနှီးဖြစ်ခဲ့ရတယ်။"ဟု တိုးတိုးလေးပြောပါသည်။





ပြောင်းလဲခါစ လူငယ်တစ်ဦးအနေဖြင့် ကျွန်ုပ်သည် ထိုအဖိုးအိုအား မည်သို့အားပေးရမည်ကို မသိပါ။ သို့သော် အိမ်ပြန်ရောက်သော် ဒူးထောက်ဆုတောင်းလိုက်ပါသည်။

"*ဘုရားသခင်၊ ကျွန်တော် အနာဂတ်သို့ ဦးတည်နေသော်လည်း ကျော်လွန်ခဲ့သော အသက်တာကို ပြန်မြင်စေပါ။ ကောင်းကင်ဘုံ ပြန်လာချိန်ရောက်တဲ့အခါ ကျွန်ုပ်၏ဝိညာဉ်ကယ်တင်ခြင်းရသော်လည်း မိမိဘဝအသက်တာကို အချည်းနှီးမဖြစ်ပါစေနှင့်။ ယနေ့ည ကျွန်တော်မျိုးအသက်တာကို ထပ်၍ဆက်ကပ်ပါသည်။ ထာဝရကာလအတွက် အကျိုးရှိစေရန် ပြုလုပ်ပေးပါ*"

ဓမ္မဟောင်းကျမ်းတွင် ပရောဖက်ဟာဗက္ကုတ်က ကိုယ်အစွမ်းကိုအားကိုးလုပ်ဆောင်ခဲ့သမျှတို့သည် နောက်ဆုံးရေတွက်လိုက်သောအခါ ဘာမှမရှိကြောင်းဝမ်းနည်းစွာ သိရှိလာလိမ့်မည်ဟု သတိပေးထားပါသည်။ "*ဖြောင့်မတ်သောသူသည်ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။*" (ဟာဗက္ကုတ် ၂း၄) ဘုရားကို အားမကိုးအမှီမပြုဘဲ လုပ်သောသူတို့အား "*လူများတို့သည် မီးထဲမှာ လုပ်ဆောင်၍အမျိုးမျိုးတို့သည် အချည်းနှီးသောအမှု၌ ပင်ပန်းဝေစေခြင်းငှါ၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား စီရင်တော်မူ၏*" ဟု (ဟာဗက္ကုတ် ၂း၁၃) ၌ သတိပေးထားသေးသည်။ ထိုအချိန်က သူတို့သည် ဘုရားကို အားမကိုးဘဲ မြို့ကိုတည်ကြသောအခါ မြို့သည်လောင်ကျွမ်း၍ ပြာများသာကျန်ရစ်ခဲ့သည်။ ထိုနည်းတူ ကျွန်ုပ်တို့လည်း ခရစ်တော်ကို မှီခိုအားကိုး၍ လုပ်ဆောင်ခြင်းမရှိလျှင် တစ်နေ့သောအခါ ဘုရားရှင်မျက်မှောက်တော်၌ မီးလောင်ကျွမ်းခြင်း

ခံရမည်ဖြစ်သည်။

အလားတူ သတိပေးချက်ကို ရှင်ပေါလုက-

*“ထိုတိုက်မြစ်အပေါ်၌ ရွှေ၊ ငွေ၊ ကျောက်ကောင်း၊ သစ်သား၊ မြက်ပင်၊ ကောက်ရိုးများကို ထပ်ဆင့်၍ တည်ဆောက်သောသူရှိသမျှ အသီးအသီးလုပ်သော အလုပ်သည် ထင်ရှားလိမ့်မည်။ အဘယ်သို့ နည်းဟူမူကား ဘော်ပြချိန်နေ့ရက်သည် မီးအားဖြင့် ထင်ရှားစေလိမ့်မည်။ လူတိုင်းလုပ်သောအလုပ်သည် အဘယ်သို့သော အလုပ်ဖြစ်သည်ကို မီးသည်စုံစမ်းစစ်ကြောလိမ့်မည်။ ထိုတိုက်မြစ်ပေါ်၌ ထက်ဆင့်၍ တည်ဆောက်သော အကြင်သူ၏အလုပ်သည် မြဲ၏။ ထိုသူသည် အကျိုးကို ခံရလိမ့်မည်။ အကြင်သူ၏အလုပ်သည် ကျွမ်းလောင်၏။ ထိုသူသည် ဆုံးရှုံးရလိမ့်မည်။ သို့သော်လည်း မီးနှင့်လွတ်သကဲ့သို့ သူသည်ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။”*(၁ကော ၃း၁၂-၁၅) ဖော်ပြထားပါသည်။

အသက် (၇၁) အရွယ် အဖိုးအိုသည် ကယ်တင်ခြင်းသို့ ရောက်၍ ဝမ်းမြောက်ရသော်လည်း သူလုပ်ခဲ့သမျှသည် မီးလောင်ကျွမ်းသွားသကဲ့သို့ ဝမ်းနည်းခဲ့ရပါသည်။ သစ်သား၊ မြက်ပင်၊ ကောက်ရိုးတို့ကို လောင်မြိုက်စေသော ထိုမီးသည် ရွှေငွေကျောက်ကောင်းတို့ကို ပိုမိုတောက်ပြောင် သန့်စင်စေပြီး ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သန့်စင်မှုပေးသည့် မီးနှင့်အတူတူပင်ဖြစ်သည်။

## ထာဝရအလင်း





ဘုရားသခင်သည် ခရစ်တော်၌ တည်သောခရစ်ယာန်များ နှုတ်ကပတ်တော်ကို သုံးဆောင်သော သူတို့အားဖြင့် မိမိ၏အလုပ်ကို လုပ်ဆောင်ပါသည်။ *“ထိုကြောင့် ငါတို့သည် မလှုပ်နိုင်သော နိုင်ငံကို ရသည်ဖြစ်၍ ခန့်ညားကြောက်ရွံ့သောသဘောနှင့် ဘုရားသခင်ကို လျှောက်ပတ်စွာ ဝတ်ပြုနိုင်မည်အကြောင်း ကျေးဇူးတော်ကို စွဲလန်းကြကုန်အံ့။ ”* (ဟေဗြဲ ၁၂း၂၈) ဘုရားနှင့် အချိန်ယူခြင်းကို မှန်မှန်လုပ်ခြင်းဖြင့် မိမိအစွမ်းတန်ခိုးမဟုတ်ဘဲ ဝိညာဉ်တော်တန်ခိုး ထင်ရှားလာမည်။

တနေ့သောအခါ ဘုရားသခင်၏ ရှေ့မှောက်တွင် ကိုယ်တော်၏ အသုံးတော်ခံ တန်ဆာပလာအပေါင်းတို့သည် ကြီးသော ဝမ်းမြောက်ခြင်းကို ရကြမည်။ ဘုရားသခင်သည်လည်း သူ၏ စားပွဲသို့လာရောက် မိဿဟာရဖွဲ့ကြဖို့ နေ့စဉ်ဖိတ်ခေါ်လျှက်ရှိသည်။ ဤနည်းဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ချစ်ခြင်းမေတ္တာကို အလင်းတော်မှတဆင့် မျှော်မိုက်နေ

သောကမှာကို ထွန်းလင်းနိုင်ကြမည်ဖြစ်သည်။

## ဝိညာဉ်ရေးစစ်ဆေးချက်

၁။ မိမိအလိုတိုင်းဆက်၍ အသက်ရှင်နေလျှင် ခရစ်တော်၏ တရားပလ္လင်ရှေ့၌ အသီးအပွင့်ရှိပါမည်လား။

၂။ ဆုတောင်းသောအခါ ဘုရားသခင်ကို အကျိုးပေးသောသခင်အဖြစ်၄င်း၊ ထာဝရအလင်းပေးသောသူအဖြစ်၄င်း မည်သို့ချဉ်းကပ်ကြသနည်း။

၃။ ဒါဝိဒ်၏ ဆုတောင်းချက်ကဲ့သို့ "နှုတ်ကပတ်တော်အတိုင်းအသက်ရှင်စေတော်မူပါ။" ဟု တောင်းဖို့လိုပါသလား။

(ဆာလံ ၁၁၉း၂၅)



---

* အသက်မုန့် ကျွန်ုပ်အား ပေးပါဘုရား
အိုင်နားမှာပြုနည်းတူ ကျွန်ုပ်တို့အား
ကျမ်းစာတော်မြတ်အပြင် ကိုယ်တော်အသား
ငတ်မွတ်သော ဝိညာဉ်အားကျွေးပါဘုရား။

* အသက်မုန့် ကျွန်ုပ်အားပေးပါဘုရား
သမ္မာတရားအားဖြင့် ကယ်တင်သွား
နှုတ်ကပတ်တော်အားဖြင့် သွန်သင်တော်မူပါ။
စားသုံးခွင့်၊ ရှင်သန်မှုနှင့် ချစ်စေပါ။

* သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်မူပါ။
ကျွန်ုပ်မျက်စိကိုလည်း မြင်စေမူပါ
အမှန်တရားတော်ကို ပြတော်မူပါ
သခင့်ကို မြင်ရပြီ
ကျမ်းစာတော်အားဖြင့်တည်း။

[redacted]n Lathbury

# လာ၍ စားကြလော့

ဂါလိလဲအိုင်ကမ်းစပ်တွင် သေခြင်းမှထမြောက်သော ဘုရားသခင်၏ သားတော်ယေရှု ရပ်လျှက်နေသည်ကို မည်သူမျှ သတိမပြုမိကြပါ။ ထိုသို့ သခင်ရပ်နေသည်ကို ပင်ပန်းနွမ်းနယ်နေသော တပည့်တော်တို့က မမြင်ရခြင်းမှာလည်း နံနက်စောစောကျနေသော မြူနှင်းများကြောင့်ဖြစ်နိုင်သည်။ သို့တည်းမဟုတ် ရက်စက်စွာ ကားတင်ခံရပြီး သေခြင်းမှ ရှင်ထမြောက်တော်မူသောအရှင်ကို မမှတ်မိလောက်အောင် ဝိညာဉ်မျက်စိအမြင်များ ဖုံးအုပ်နေကြခြင်းကြောင့်လည်းဖြစ်နိုင်သည်။

ကမ်းစပ်နှင့် သိပ်မဝေးလှသောနေရာတွင် စိတ်ပျက်အားလျော့





နေကြသော တပည့်တော်တို့သည် လှေငယ်လေးတစ်စီးနှင့် ငါးဖမ်းနေကြသည်။ တစ်ညလုံးကြိုးစားကြသော်လည်း ငါးတစ်ကောင်မျှ မရကြပါ။ တစ်စုံတစ်ယောက်က သူတို့၏မအောင်မြင်မှုကို သရော်သကဲ့သို့ "ချစ်သားတို့ စားစရာတစ်စုံတခုရှိသလော" ဟု သူတို့ကို မေးလိုက်သည်။ ထိုနောက် ကမ်းစပ်မှ ကြည်လင်ပြတ်သားသော အမိန့်ပေးသံထွက်လာသည်။ "လှေလက်ျာဖက်၌ ပိုက်ကွန်ကို ပစ်ချလော့။ သို့ပြုလျှင် ရလိမ့်မည်။"

ယောဟန်သည် အိပ်မက်ဆိုးထဲမှ နိုးထလာပြီး မိမိရင်းနှီးသော ထိုအသံကိုမှတ်မိသွားကာ "ငါတို့သခင်ပေတည်း"ဟုပြောလိုက်လေသည်။ ပြန်လည်ရှင်သန်လာသော မျှော်လင့်ချက်အသစ်ဖြင့် တပည့်တော်တို့သည် သူတို့၏ သခင်ညွှန်ကြားသည်အတိုင်း နာခံသဖြင့် ပိုက်ကွန်တွင် ငါးများနှင့်ပြည့်သွားပါတော့သည်။ ပေတရုသည်လည်း စိတ်အားထက်သန်မှုကြောင့် ရေထဲခုန်ဆင်းပြီး ကမ်းသို့ ချက်ခြင်းကူးသွားလေတော့သည်။ (ယောဟန် ၂၁း၁၁)

ကမ်းပေါ်သို့ရောက်သောအခါ သခင်ယေရှုကိုယ်တိုင် မီးကိုဖိုထားသည်။ တပည့်တော်တို့လည်း စုဝေးရောက်ရှိလာကြကာ သခင်ကိုယ်တော်တိုင် ငါးကိုယူကာ အဟာရနှင့်ပြည့်သော အစားအစာကို ပြင်ဆင်ချက်ပြုတ် လေသည်။ ဆာလောင်မွတ်သိပ်နေကြသော်လည်း ပျော်ရွှင်ဝမ်းမြောက်မှုတို့ဖြင့်ပြည့်နေကြသော တပည့်တော်တို့ကို သခင်ယေရှုက ဤသို့ ဖိတ်ခေါ်လိုက်သည်။ "လာ၍နံနက်စာကိုစားကြလော့။"

ဤသည်မှာ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ခန့်မျှက သခင်ဘုရား၏ ဖိတ်ခေါ်သံဖြစ်သည်။ တစ်မနက်ပြီး တစ်မနက် သခင်ဘုရားသည်

ထာဝရကာလ၏ ကမ်းစပ်တွင် ယနေ့တိုင်ရပ်လျှက်နေပြီး သူပြင်ဆင်ထားသော ကောင်းကင်အစာကို စားသုံးရန် ကျွန်ုပ်တို့ကို ဖိတ်ခေါ်လျှက်ရှိသည်။ ဘုရားဖြစ်တော်မူသော သခင်ယေရှုကိုယ်တိုင် ကျွန်ုပ်အတွက်နေ့စဉ်စားသုံးရန်အစာကို ပြင်ဆင်ပေးလျှက်ရှိသည်။ ယုံကြည်ခြင်းအတွက် အစာအဟာရဖြစ်ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် တည်းဟူသော သမ္မာကျမ်းစာဖြစ်ပါသည်။

ကျွန်ုပ်သည် ဘုရားနှင့်အချိန်ယူခြင်းမှ ရရှိသော နှုတ်ကပတ်တော် စကားမှတ်တမ်းတင်ထားသည်တို့ကို နားထောင်ရန် ဖိတ်ခေါ်ပါရစေ။ ၄င်းသည် သင့်အတွက် လက်တွေ့ကျသောအားပေးခြင်း တစ်ခုဖြစ်နိုင်ပါလိမ့်မည်။ ထို့အပြင် "လာ၍စားကြလော့" ဟု သခင်ဘုရား၏ ရည်မွန်သော ဖိတ်ခေါ်သံကို ပြန်လည်တုန့်ပြန်ခြင်း၌ တန်ဖိုးရှိသော အထောက်အကူဖြစ်စေရန် ရည်ရွယ်ထားပါသည်။ အနေအထား (၂) မျိုးမှနေ၍ ဘုရားနှင့် အချိန်ယူခြင်းအကြောင်းကို ဝေငှပါမည်။

**ပထမ** - ဤစာအုပ်၏ရှေ့ပိုင်းအခန်းများကို ဖတ်ရသော ကျွန်ုပ်၏မိတ်ဆွေက အကောင်းဆုံး အဆုံးသတ်ဖို့ တိုက်တွန်းပါသည်။

**ဒုတိယ** - လွန်လေခဲ့သောနှစ်များက ဘုရားရှင်သည် လူများကို အထူးနည်းလမ်းများမှ တဆင့် ကောင်းကြီးပေးကြောင်းကို ကျွန်ုပ်သည် အဖွဲ့လိုက်၊ အသင်းတော်အလိုက် ဘုရားနှင့် အချိန်ယူခြင်းအတွက် ဦးဆောင်သောအခါ ဘုရားသခင်သည် လူတို့အားသက်သေခံရန် အခွင့်အရေးတစ်ရပ်ရရှိခဲ့ပါသည်။

ထိုသို့ စုပေါင်းမိဿဟာရဖွဲ့ချိန်၌ ဆန္ဒရှိသူတိုင်း ပါဝင်ခွင့်ရှိကြ၍





မည်သည့်မေးခွန်းကိုမျှ မမေးဘဲ ဝိညာဉ်တော်၌ တိတ်ဆိတ်စွာ ဆုတောင်းရန်ဖြစ်သည်။ တရားဟောဖို့လည်း မလိုပါ။ အစပြုချိန်၌ ကျွန်ုပ်တို့၏ မိဿဟာရဖွဲ့မှုကို ဝိညာဉ်တော်လမ်းပြဦးဆောင်ရန် ဆုတောင်းကြသည်။ ထိုနောက် ရွေးထားသော ကျမ်းပိုဒ်ကို အသံထွက်၍ ကျမ်းစာဖတ်ကြသည်။ နောက်တစ်ကြိမ် ပြန်၍ဖတ်ကြသည်။ နောက်ကျမ်းပိုဒ်ကို ဆက်၍မဖတ်ခင် စက္ကန့် ၃၀ တိတ်ဆိတ်စွာ နေကြသည်။ ထိုသို့တိတ်ဆိတ်နေချိန်မှာ အယောက်စီတိုင်းသည် ကျမ်းပိုဒ်ကို နှလုံးသွင်း ဆင်ခြင်လျက် ဤအခန်း (၈) နောက်ပိုင်း၌ ဖေါ်ပြထားသော မေးခွန်းများကို ဖြေဆိုရန်ပြင်ဆင်ရပါမည်။ ထိုနောက်မှဝိညာဉ်တော်သည် ကျမ်းပိုဒ်အတိုင်းမည်သို့ထိတွေ့ပုံကို ဝေငှကြသည်။ ထိုနောက် ဝေငှသောသူကိုယ်တိုင်သော်၄င်း၊ အဖွဲ့ထဲမှ တစ်ယောက်ယောက်ကသော်၄င်း သန့်ရှင်းသောဝိညာဉ်တော်၏ တုန့်ပြန်မှုအတွက် ကျေးဇူးတော်ချီးမွမ်းကြပါသည်။

**"ဤနည်းစနစ်သည် ဘုရားနှင့် အချိန်ယူခြင်းအတွက် အကျိုးရှိမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ အဖွဲ့လိုက်လေ့လာခြင်းအတွက် ဤစာအုပ်ကိုဖတ်သော သူတို့အားအခြားစည်းဝေးခြင်းကို ခဏဖယ်ပြီး ဘုရားနှင့်အချိန်ယူခြင်းကိုဦးစားပေးလုပ်ကိုင်ဖို့ ကျွန်ုပ်တိုက်တွန်းပါသည်။"** (အထောက်အကူပြုမည့်မေးခွန်းများကို စာမျက်နှာ (၁၄၇) တွင်ဖေါ်ပြထားပါသည်)

ဤသို့ဘုရားနှင့် အချိန်ယူခြင်း သတ်မှတ်ပုံစနစ်ကို ကျွန်ုပ်ပြောင်းလဲခဲ့ရာနေရာ (Young People's Holiday Conference Centre) ရှိ အင်္ဂလိပ်ဧဝံဂေလိဆရာ Thomas B. Rees ၏ အစပြုပေးမှုကြောင့်ဖြစ်သည်။ Tom မေးသောမေးခွန်းမျာကို ဘုရားနှင့်အချိန်ယူခြင်းအကြောင်း သင်ခန်းစာ၌ ရေးသားဖေါ်ပြပြီးဖြစ်ပါသည်။

ကျွန်ုပ်သည် ဤနည်းကို နှစ်ပေါင်းများစွာ အသုံးပြုခဲ့ရာ အစီအစဉ်တိုင်း၌ ဘုရားရှင်သည် ကျွန်ုပ်တို့နှင့် အတူရှိနေသည်ကို ခံစားရပြီး ပါဝင်သောသူတိုင်း၏ နှလုံးသားကိုလည်း သန့်ရှင်းသောဝိညာဉ်တော်သည် စကားပြောကြောင်းခံစားရကြသည်။ ကနေဒါနိုင်ငံ၊ ဗစ်တိုးရီးယားရှိ နှစ်ခြင်းအသင်းတော်မှ သင်းအုပ်ဆရာတစ်ဦးက “ကျွန်ုပ်၏ အမှုတော်ဆောင်သက်တမ်းတစ်လျှောက်မှာ ဤဝတ်ပြုခြင်းအစီအစဉ်သည် ကောင်းကြီးပြည့်ဝနေပြီး ထူးခြားသော အစီအစဉ်တစ်ရပ်လည်း ဖြစ်သည်”ဟု ဝန်ခံ ပြောဆိုခဲ့သည်။

ယေရှုရှလင်မြို့ဟောင်းတွင် Christian and Missionary Alliance Church က ကျင်းပသော ရက်တိုအစည်းအဝေးပြုလုပ်ရာ ကျွန်ုပ်သည် “ဘုရားနှင့်အချိန်ယူခြင်း သတ်မှတ်ပုံစံစနစ်”ကို သင်ကြားပြီး ကျန်ရှိနေသေးသည့်ရက်များ၌ အတူတကွ မိဿဟာရဝတ်ပြုခြင်းကို ဦးဆောင်ပြုလုပ်ခဲ့ပါသည်။ ကနေဒါကျမ်းစာကျောင်းမှ အငြိမ်းစားကျောင်းအုပ်ကြီးက ယခုကဲ့သို့ စစ်မှန်သောဝိညာဉ်တော်၏ ဝင်ရောက်အုပ်စိုးမှုကို ယေရုရှလင်မှာ နေခဲ့သမျှ တခါမှမကြုံခဲ့ရကြောင်း မှတ်ချက်ချခဲ့ပါသည်။

အသင်းတော်စည်းဝေး၊ မိသားစုမိဿဟာရ၊ ကျမ်းစာသင်တန်းနှင့် လူငယ်မိဿဟာရတို့၌ ဘုရားသခင်သည် နှုတ်ကပတ်တော်ကို ခံယူသူတိုင်းကို ကောင်းချီးပေးလျက် နားလည်ရန် မစပါသည်။

ကျွန်ုပ်သည် ထိုကဲ့သို့ဘုရားနှင့်အချိန်ယူခြင်းသတ်မှတ်ပုံစနစ်ကို ပြဌာန်းရာတွင် အမှန်တကယ်အကျိုးသက်ရောက်ဖြစ်ထွန်းပါသည်။ ထိုသက်ရောက်မှုသည် လူလူချင်း မိဿဟာရဖွဲ့ခြင်းထက်သာ၍ နက်နဲပါသည်။





သင် ယနေ့ဘုရားနှင့် အချိန်ယူဖို့ အခြေခံနည်းစနစ်များ ချမှတ်ပေးလိုက်ပါသည်။

**ပထမ** -ကိုယ်ကြိုက်နှစ်သက်ရာ ကျမ်းပိုဒ်ကိုရွေးပြီး ဖတ်ပါ။ (ကျွန်ုပ်၏နေ့စဉ်ဘုရားနှင့် အချိန်ယူခြင်းအစီအစဉ်၌ ပေါလု၏ ၂ကောကို ဖတ်ပါသည်။)

**ဒုတိယ** - ယနေ့ဖတ်သော ကျမ်းစာအမျိုးအစားမှာ ကျမ်းပိုဒ်အလိုက် အနက်ဖွင့်ဖို့ မရည်ရွယ်ပါ။

**တတိယ** -ဝိညာဉ်တော်က ကျွန်ုပ်ကို ဖော်ပြသမျှအတိုင်း သင့်အားပြန်၍ ဝေငှပါမည်။

**စတုတ္ထ** -ဘုရားရှင်၏ နှုတ်ကပတ်တော်စကားများကို အကြံပြုရေးသားခဲ့သော မေးခွန်းများအတိုင်း ဆုတောင်းခြင်းဖြင့် ဆင်ခြင်တွေးတောသောအခါ ဘုရားရှင်၏အသံတော်သည် ကျွန်ုပ်၏ ကိုယ်ပိုင်အသက်တာ၌ မည်ကဲ့သို့ အာရုံပြုစေခဲ့သည်ကို သင်တို့အားဝေငှသွားမည်။

ကျွန်ုပ်၏ နှလုံးသွင်းဆင်ခြင်မှုကို သင့်အား ဝေငှသောအခါ သင်သည် လည်း ကျွန်ုပ်နှင့်ထပ်တူ ခံစားရပါလိမ့်မည်။ သင့်အခြေအနေသည် ကျွန်ုပ်နှင့်မတူကြောင်း သတိပြု မိပါသည်။ ထို့အတူ ယနေ့ကျွန်ုပ်၏ အခြေအနေသည်လည်း နောက်လာမည့် ၆ လနှင့် အနေအထားချင်း တူမည်မဟုတ်ပါ။ ဘုရားရှင်သည် သူ၏ချစ်ခြင်းမေတ္တာ၌ ကျွန်ုပ်တို့ကို တွေ့ဆုံပြီး ရှိသည့်အတိုင်း စကားပြောပါသည်။ ကျွန်ုပ်တို့မည်သည့် နေရာရောက်ရောက် ဘုရားရှင်သည် ကျွန်ုပ်တို့ရှိသောနေရာ၌သာ ကျွန်ုပ်တို့ကို စကားပြောတော်မူသည်။ ဤမှတ်တမ်းတို့ကိုဖတ်လျှင် ကျွန်ုပ်ထံမှ

ကွဲပြားသောအခြေအနေတို့ကို သင်တွေ့ရှိရပေမည်။ သင်၏အခြေအနေမှန်နှင့်လိုအပ်ချက်တို့၌ ဘုရားသခင် သင့်ကိုစကားပြောပြီး သခင်ဘုရားက "လာ၍ နံနက်စာကိုစားလော့" ဟု ဖိတ်ခေါ်ခြင်းကို အချိန်ပေးဖို့ လိုအပ်ပါသည်။

ကျမ်းစာသည် စိတ်နှလုံးထဲမှာ အသက်ရှင်၍ တန်ခိုးရှိရုံမကပဲ ကိုယ်တော်၏စကားတော်အတိုင်း ကျွန်ုပ်တို့တစ်ဦးချင်း၌ တို့ထိ၍လုပ်ဆောင်လေသည်။ "*ဘုရားသခင်၏ နှုတ်ကပတ်စကားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း . . . . . တို့နှင့်ပြည့်စုံသည်ဖြစ်၍ အသက်နှင့်အသက်ဝိညာဉ်ကို၎င်း . . . . . ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏*" (ဟေဗြဲ ၄း၁၂)

ယနေ့ ကျွန်ုပ်နှလုံးသွင်း ဆင်ခြင်မည့် ကျမ်းစာအတိုင်း သင့်ကို ဝေငှပါမည်။ ကျွန်ုပ်နှင့်အတူ ၂ကော အခန်းကြီး ၁ ကိုဖွင့်လိုက်ပါ။

**အချိန်သည် မနက် ၅း၀၀နာရီဖြစ်သည်။ ကျွန်ုပ်အခန်းတံကို ပိတ်ထားလိုက်ပြီး ဘုရားသခင်နှင့်သာ အတူရှိနေပါသည်။**

ယနေ့ ကျွန်ုပ်သည် ဘုရားသခင်ရှေ့မှောက်မှာ ကျမ်းစာကိုဖွင့်ဖတ်သောအခါ အချို့သောအကြောင်းများက ကျွန်ုပ်စိတ်နှလုံးအားတို့ထိလျက်ရှိပါသည်။ ၎င်းတို့မှာ -

*ဇနီးဒေါ်ရသီ ခံစားနေသောရောဂါ တိုးလာခြင်းဖြစ်သည်။ လွန်ခဲ့သော သတင်းပတ်က စခဲ့သည်။





*သူမ၏ရောဂါအခြေအနေသည် ယခုနှစ်နွေကူးရာသီတွင် ပါဝင်လှုပ်ရှားမည့်အစီအစဉ်ကို ဖျက်သိမ်းရမည့်အခြေအနေနှင့်ရင်ဆိုင်နေရသည့်အတွက် စိုးရိမ်မှုရှိနေပါသည်။ သာသနာပြုခရီးရက်ရှည် ထွက်နေရ၍ ဒေါ်ရသီမှာ ရောဂါပိုခံစားရသည့် အခြေအနေမျိုးရောက်ခဲ့သောကြောင့် "ဒေါ်ရသီ နောင်အခါ မင်းဒီလိုခံစားဖို့ ငါ ဘယ်တော့မှ မလုပ်တော့ဘူး"ဟုပြော၍နှစ်သိမ့်ခဲ့ရသည်။ သို့သော်လည်း နောက်ပိုင်း ဘုရားသခင်က တစ်နည်းမဟုတ် တစ်နည်းအားဖြင့် ဘုရားသခင်၏ ကောင်းကြီးများက အတူတကွအမှုတော်ဆောင်ခြင်း၌ သွန်းလောင်းသောကြောင့် နှစ်ဦးသား ဘုရားသခင်၏ကျေးဇူးတော်ကြောင့် တန်ဖိုးရှိတဲ့အတွေ့အကြုံများပါလားဟု ကျေးဇူးတော်ကို ချီးမွမ်းရသည်မှာ အကြိမ်ကြိမ်ပင်။"ယခုအချိန်၌ရော အဖဘုရားရှင် မည်ကဲ့သို့ ဖြစ်မည်နည်း"ဟုမေးလိုက်မိပါသည်။

*ကင်ညာနိုင်ငံသာသနာလုပ်ငန်းအကြောင်း ယနေ့ကျွန်ုပ်စိတ်ထဲလေးလံနေပြန်သည်။ ထိုအရပ်ဒေသ၌ ငွေကြေးဖောင်းပွမှုအရှိန်ကြောင့် မတည်မငြိမ်ဖြစ်နေရာ သစ္စာရှိသောအမှုတော်ဆောင်များအတွက် ကျွန်ုပ်ပို၍ကူညီပံ့ပိုးလိုပါသည်။

*ကျွန်ုပ်နှင့်ဒေါ်ရသီ နှစ်ဘက်ဆွေမျိုးများအတွက်ဖြစ်သည်။ မိမိတို့၏အခြေအနေအပေါ် မူတည်၍၎င်း၊ ဒေါ်ရသီ၏ ကျန်းမာရေးအခြေအနေကြောင့်၎င်း၊ ထိုဆွေမျိုးများကို ကျွန်ုပ်တို့ဂရုစိုက်ကြောင်း သူတို့ကိုသိနားလည်အောင် မပြုလုပ်နိုင်ပါ။

## ဆုတောင်းခြင်း

"အဘဘုရားသခင် ယနေ့မနက်အတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်၏စိတ်နှလုံးထဲ စကားပြောဖို့ ကိုယ်တော်ကြံစည်ခြင်းသာမက နောက်ပိုင်းတွင် ကျွန်ုပ်ပြန်၍ဝေငှသောသူအပေါင်းကိုပါ ကောင်းကြီးပေးမည်ကို ကျွန်ုပ်ယုံကြည်ပါသည်။ ဤမှတ်စုကို အခြား သူများဖတ်၍ စိတ်ထဲ၌ မသက်မသာဖြစ်မည်ကို ကိုယ်တော်သိပါ၏။ ထို့ကြောင့် ကျွန်ုပ်၏စိတ်နှလုံး၊ ဖောင်တိန်နှင့်တကွ ကိုယ်တော်နှင့်မိဿဟာရဖွဲ့ခြင်းးကို ဘိသိက်ပေးတော်မူပါ။"

"ကျွန်ုပ်၏အသက်ကို ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဖွက်ထားကြောင့် ကိုယ်တော်၏ရှေ့မှောက်၌ ဝန်ခံပါသည်။ ဤလောက၌ ရှိစဉ် စာရေးနေသော ယခုအချိန်၌ပင် ကျွန်ုပ်၌ ကိုယ်ပိုင်အမြင်သဘောများ ရှိနေလင့်စကား ကောင်းကင်ဘုံ၌ ကိုယ်တော်သည် အမြင့်ဆုံးသော ယဇ်ပုရောဟိတ်အနေဖြင့် ကျွန်ုပ်၏ဆုတောင်းချက်ကို အလိုတော်နှင့်ညီဖို့ အဖခမည်းတော်၌ ဆောင်ရွက်ပေးသောကြောင့် ကျေးဇူးတင်ပါသည်။ ဒီမနက် ဝမ်းမြောက်စွာ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ဖွင့်၍ဖတ်ပါပြီ။ အံ့ဖွယ်သောအရာများကို မြင်နိုင်ဖို့ ကျွန်ုပ်၏မျက်စိကို ဖွင့်တော်မူပါ။ "

ချစ်သောစာဖတ်သူ ကျွန်ုပ်ယခု ၂ကော အခန်းကြီး ၁ ကိုဖွင့်၍ ဖတ်ပါပြီ။ ကျွန်ုပ်နှင့်အတူ အသံထွက်၍ လိုက်ဖတ်ပါ။





ဤကျမ်းပိုဒ်အရ ပေါလု၏ အစေခံခြင်းအကြောင်း ကျွန်ုပ်ပို၍ သိရသည်။ ယနေ့ သခင်ဘုရားနှင့်အချိန်ယူခြင်းမှ လေ့လာလိုသော မေးခွန်းများကို ဖြေနိုင်မည်ဟု မျှော်လင့်ပါသည်။

**"ဤကျမ်းပိုဒ်၌ လိုက်နာရန် ပုံသက်သေရှိပါသလား။"**

၂ ကော အခန်းကြီး ၁ အားလုံးကို ဖတ်ပြီး ပေါလု၏ စံနမူနာကို လိုက်နာဖို့ ဝိညာဉ်တော်က တိုက်တွန်းသည်။ ကျွန်ုပ်သည် ခရစ်တော်၏ အကောင်းဆုံး အမှုတော်ဆောင်ဖြစ်ချင်ပါသည်။ ကျမ်းပိုဒ်များကို ဆက် မဖတ်မီ အစေခံကောင်းတစ်ယောက်ဖြစ်လိုကြောင်း နှုတ်မှဝန်ခံပါမည်။

### *ဆုတောင်းချက်*

"သခင်ယေရှုဘုရား ရှင်ပေါလု၏ သက်သေခံချက်အတိုင်း ကျွန်ုပ်၏အမှုတော်ဆောင်ခြင်းသည် သူကဲ့သို့ပင် အကျိုးဖြစ်ထွန်းလိုပါသည်။ ကိုယ်တော်သည် နည်းမျိုးစုံဖြင့် ကောင်းကြီးပေးပါသည်။ ကျွန်ုပ်၌ ကိုယ်တော်ကို ပြန်လည်ပေးဆပ်ဖို့ နည်းတစ်နည်းသာရှိပါသည်။ ကျွန်ုပ်စိတ်နှလုံးသည် ကိုယ်တော်နှင့်မိဿဟာရဖွဲ့ဖို့ အလွန်တောင့်တပါသည်။ ကိုယ်တော်၏ ဆင်းရဲဒုက္ခကိုလည်း ဝေမျှခံစားလိုပါသည်။ ဤကျမ်းပိုဒ်များကို နှလုံးသွင်း ဆင်ခြင်ခြင်းအားဖြင့် ကိုယ်တော်၏ တန်ခိုးဖြင့် ထိတွေ့၍ ကျွန်ုပ်၏အတ္တစိတ်နှလုံးသားကိုပြောင်းလဲပေးပါ။"

ယခု ကျွန်ုပ်သည် ကျမ်းစာတစ်ပိုဒ်ခြင်းကို ဖတ်၍ ဆင်ခြင်ပါသည်။ ဝိညာဉ်တော်သည် ကျွန်ုပ်အား နှုတ်ကပတ်တော်အားဖြင့် တို့ထိဖို့ ဆက်၍ ဆုတောင်းပါသည်။ ဤနည်းဖြင့် ကျွန်ုပ်သည် ဘုရားသခင်နှင့် စတင်၍ အပြန်အလှန်ဆက်သွယ်ပါသည်။ ကျွန်ုပ်ဖတ်ပြီးသော ကျမ်းပိုဒ်ကိုလည်း နှလုံးသွင်း ဆင်ခြင်ရာ၌ အစောတလျင် မလုပ်ပါ။ ယနေ့မှာ ဘုရားသခင်သည် ထိုကျမ်းပိုဒ်ကို ကျွန်ုပ်စိတ်နှလုံးသား၌ ထူးခြားစွာ အသစ်ဖြစ်စေလျှက် တည်ရှိတော်မူစေလျှင် တည်စေပါ။

**ထိုကျမ်းပိုဒ်သည် ခမည်းတော်ဘုရားသည် အဖဖြစ်ကြောင်း ဆင်ခြင်မှုအသစ်ကို ဖြစ်စေပါသလား။**

### *ကျမ်းစာဖတ်ခြင်း*

### အခန်းငယ် (၃)

*"သနားခြင်းဂရုဏာ၏အဘ၊ သက်သာခြင်းအမျိုးမျိုးအရှင်တည်းဟူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။"* (၂ကော ၁း၃)

ဘုရားသခင်သည် အဘဖြစ်ကြောင်းဤကျမ်းပိုဒ်သည် အခန်းငယ်၂ကို ရည်ညွှန်းကြောင်းသတိပြုမိသည်။ ကျွန်ုပ်ကျမ်းစာအုပ်၌မျဉ်းတားထားလိုက်သည်။ "သခင်ယေရှု၏ အဖခမည်းတော်"သည် ကျွန်ုပ်၏ အဖလည်းဖြစ်ကြောင်း၊ ကျေးဇူးဂရုဏာနှင့်သက်သာခြင်းတို့သည် ကျွန်ုပ်တွက်ဖြစ်ကြောင်း မှတ်သားထားလိုက်သည်။





### ဆုတောင်းချက်

"အဖဘုရား၊ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ ဦးချပါသည်။ ကိုယ်တော်၏ငြိမ်သက်ခြင်း ကျွန်ုပ်၏စိတ်ထဲ၌ရရှိပါပြီ။ ကျေးဇူးတော်ကြောင့်ငြိမ်သက်ခြင်း၊ ထာဝရတည်နေခြင်းသည် ယနေ့ကျွန်ုပ်အတွက်ဖြစ်ပါသည်။ ကျွန်ုပ်စိတ်ကို ဝိညာဉ်တော်နှင့် ပြည့်စေပါ။ ကိုယ်တော်၏ ရှေ့မှောက်၌ တိုးဝင်သည့်အတိုင်း ကျွန်ုပ်စိတ်ကို ငြိမ်သက်စေပါ။"

### ကျမ်းစာဖတ်ခြင်း

### အခန်းငယ် (၄)

"ငါတို့သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ကိုယ်တိုင်သက်သာခြင်းရှိသကဲ့သို့ ဆင်းရဲခြင်းအမျိုးမျိုးကို ခံရသောသူတို့အား သက်သာစေနိုင်မည့်အကြောင်း ဆင်းရဲခြင်းအမျိုးမျိုး၌ ဘုရားသခင်သည် ငါတို့အား သက်သာစေတော်မူ၏။" (၂ကော ၁း၄)

ပေါလု၏ သက်သေခံချက်အရ ခမည်းတော်ထံမှ သက်သာခြင်းရကြောင်း ဆင်ခြင်မိပါသည်။ ဒုက္ခဆင်းရဲအမျိုးမျိုးထဲမှ သက်သာခြင်းကို ရရှိခြင်းဖြစ်သည်။ ဝိညာဉ်တော်က ဤသို့အတွေ့အကြုံခံရဖို့ ကျွန်ုပ်အား ဆွဲဆောင်လျှက်ရှိသည်။

ခက်ခဲမှု အမျိုးမျိုးသည် ဘုရားသခင်၏ အခွင့်နှင့်ဖြစ်ကြောင်း ပေါလုက ဖော်ပြထားသည်။ အခန်းငယ် ၄ မှ အကြောင်းကို ကြည့်ရာ ပေါလုသည် သူသက်သာခြင်းခံရဖို့ထက် သူတပါးကို သက်သာစေသော သူဖြစ်ကြောင်း ကျွန်ုပ်သတိပြုမိသည်။

## ဆုတောင်းချက်

"သခင်ဘုရား ကျွန်တော်မျိုးသည် ကိုယ်တိုင်သက်သာစေဖို့ သူတပါးကို နစ်နာစေခဲ့သော အချိန်များကို ကိုယ်တော် သိပါသည်။ ဒေါ်ရသီ၏ ကိုယ်၌ရောဂါခံစားနေမှုကို ကိုယ်တော်၏ သက်သာခြင်းနှင့် ကုစားလိုပါသည်။

ကျွန်ုပ်သည် သူမထံမှအခွင့်အရေးများစွာ ယူမိခဲ့သလိုရှိပြီး သူမအတွက် ကိုယ်တော်၏ ကျေးဇူးဂရုဏာတော်ကိုပင် သိမ်းယူမိသလိုရှိပါသည်။ ကျွန်ုပ်၏တစ်ကိုယ်ကောင်းဆန်ခြင်းအတွက် ခွင့်လွှတ်တော်မူပါ။ ဒုက္ခတွေ့လျှက်ရှိသော သူများအတွက်လည်း ဆုတောင်းပါသည်။ ကျွန်ုပ်ဘဝအားဖြင့် ကိုယ်တော်၏ ကျေးဇူးဂရုဏာတော်သည် သူတို့၌ထင်ရှားစေပါ။ မည်မျှပင်ခက်ခဲခြင်းရှိပါစေ ကိုယ်တော်၏ သက်သာခြင်းသည် ထင်ရှားမည်ဖြစ်ကြောင်း ကျွန်ုပ်နားလည်သောကြောင့် မိမိကိုယ်ကို အားမကိုးတော့ဘဲ ကိုယ်တော်ကိုသာ အားကိုးပါသည်။"

ယခုနှုတ်ကပတ်တော်သည် ကျွန်ုပ်အတွက် စူးရှသော တန်ခိုးတော်ဖြစ်ပါသည်။ ပေါလုသည် ခက်ခဲမှု အမျိုးမျိုးထဲမှ ရဲရင့်စွာအမှုတော်





ဆောင်ခဲ့ကြောင်း ကျွန်ုပ်သိလိုက်ပါသည်။ ကျွန်ုပ်၌ အခက်အခဲရှိခြင်းအတွက် အဘယ်ကြောင့် ဘုရားအားအပြစ်တင်ရမည်နည်း။

## ဆုတောင်းချက်

"ကျွန်ုပ်အသက်တာ၌ ကိုယ်တော်၏ မေတ္တာတော်အတွက် ကျေးဇူးတင်ပါသည်။ ပေါလုသည် အခက်အခဲကြားမှ သူတပါးအတွက် အမှုဆောင်ရာ၌ ကျွန်ုပ်များစွာ ခွန်အားရမိပါသည်။ ထို့ကြောင့် ကျွန်ုပ်ဘဝ၌ ကိုယ်တော်အခွင့်ပေးခြင်းကြောင့် စိတ်အားငယ်ခြင်း၊ အထီးကျန်ဖြစ်ခြင်း၊ ကိုယ်တိုင် နားမလည်နိုင်သောအရာနှင့် အခြေအနေ အမျိုးမျိုးသည် ကိုယ်တော်ကို အားကိုးဖို့ဖြစ်ကြောင်းသိရပါပြီ။ ယခု ပေါလုကဲ့သို့ ကျွန်ုပ်သည် ကိုယ်တော်ကို အားကိုးပါသည်။

သခင်ဘုရား၊ ယမန်နေ့က ရှင်ပေါလု၏ကျွန်ုပ်တို့ကို လုံလောက်ပြည့်စုံမှုပေးသည်မှာ သခင်ဘုရားဖြစ်ကြောင်း ဖတ်ရှုခဲ့ရပါသည်။ ယနေ့ မနက်တွင်လည်း ကိုယ်တော်သာလျှင် ကျွန်တော်မျိုးအတွက် ပြည့်စုံရာ အကြောင်းဖြစ်သည်ကို ဝန်ခံပါသည်။ ကျွန်ုပ်၏အတ္တစိတ်အလိုမှ လွတ်မြောက်စေသောကြောင့် ကျေးဇူးတင်ပါသည်။ ကြီးမြတ်သော ကယ်တင်ခြင်းအတွက်လည်း ကျေးဇူးတင်ပါသည်။

ယခုလည်း ကျွန်ုပ်၏ နှလုံးသားကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် နှစ်သိမ့်မှု ခွန်အားနှင့် ပြည့်စေပြီး ယနေ့တွေ့ရသမျှသော သူတို့၌ ကိုယ်တော်၏သက်သာခြင်းကို ပြန်၍ ဝေငှနိုင်ဖို့ ခွန်အားပေးပါ။"

## ကျမ်းစာဖတ်ခြင်း

**အခန်းငယ် ၁၅-၁၇-၁၈**

ငါသည် သင်တို့ဆီသို့ အရင်လာမည်ဟု အကြံရှိ၍. . . . . . . . . . . . . . . ဇာတိပကတိအတိုင်း ကြံစည်သလော. . . . . ငါတို့ပေးလိုက်သော စကားသည် ဟုတ်မှန်၏ ဟူ၍၄င်း မဟုတ်မမှန်ဟူ၍ မဆိုလို။

ပေါလုသည် ကောရိန္တုအသင်းတော်သို့ ဒုတိယအကြိမ်သွားသည်။ သူချစ်သော သန့်ရှင်းသူများကို သက်သာစေဖို့ဖြစ်သည်။ သူတို့ထံမှ ရယူဖို့ မဟုတ်ဘဲ သူတို့ကို ပေးကမ်းဖို့ဖြစ်သည်။ သူသည် ဤခရီးကို ပေါ့ပေါ့တန်တန်သဘောမထားပါ။ မည်သူက ခရီးစရိတ်ခံကြောင်း ကျမ်းစာက ဖော်ပြမထားပါ။ ကိုယ်တိုင်ဆုံးဖြတ်၍ သွားခြင်းဖြစ်သည်။

## ဆုတောင်းချက်

"သခင်ဘုရား ကျွန်ုပ်၌ မှားယွင်းသော စိတ်သဘောရှိလျှင် နှုတ်ကပတ်တော်အားဖြင့်ဖြစ်စေ၊ ဝိညာဉ်တော်အားဖြင့်ဖြစ်စေ ဖော်ပြပါ။ ကောရိန္တုအသင်းသားများနှင့် ပတ်သက်ပြီး ပေါလုသည် ဝိညာဉ်တော်၏ ဦးဆောင်မှုကို လိုက်နာကြောင်းတွေ့ရပါသည်။ ပေါလုဟောပြောသော ကယ်တင်ခြင်းတရားသည် ကိုယ်တော်၏တရားဖြစ်၍ မပြောင်းလဲပါ။ ဤလောကကမ္ဘာ၌ ကိုယ်တော်ကို သိကျွမ်းခြင်းအုတ်မြစ်ကို ခိုင်မာစွာချထားပေးသောကြောင့် ကျေးဇူးတင်ပါ၏။ ကျွန်ုပ်ဘဝ၌ အခြေအနေနှင့် အစီအစဉ်တို့သည် အမြဲပြောင်းလဲ





နေပါသည်။ ကိုယ်တော်၏အကြံအစည်တော်ကို ကျွန်ုပ်သိလိုပါသည်။ အခွင့်အရေးအတွက်ဆုံးဖြတ်ခြင်းမလုပ်မိဘို့ ကူမတော်မူပါ။ နေ့စဉ်အသက်တာ၌ ကိုယ်တော်နှင့် မိဿဟာရဖွဲ့၍လိုက်လျှောက်စေပါ"

ဤကျမ်းပိုဒ်၌ ကတိတော်ရှိပါသလား။

## ကျမ်းစာဖတ်ခြင်း

**အခန်းငယ် ၂၀**

ထိုသခင်၌ ဘုရားသခင်၏ ကတိတော်ရှိသမျှတို့သည် ငါတို့အားဖြင့် ဘုန်းအသရေတော်ကို ထင်ရှားစေခြင်း အလိုငှါ ဟုတ်မှန်၏ဟူ၍၄င်း အာမင်ဟူ၍၄င်းဖြစ်စေသည်။

## ဆုတောင်းချက်

"ခရစ်တော်၌ရှိသော ဘုရားသခင်၏ ကတိတော်များသည် ကျွန်ုပ်တို့မှတဆင့် ထင်ရှားစေသောကြောင့် ကျေးဇူးတင်ပါသည်။ ယနေ့မနက် ကိုယ်တော်ရှင် အကျွန်ုပ်နှင့်အတူရှိနေသောကြောင့် အာမင်ဟုခေါ်ပါသည်။ ကိုယ်တော်ပေးသမျှ အလုံးစုံကို ကျွန်ုပ်ဉာဏ်မမှီနိုင်ပါ။ ကိုယ်တော်မပါလျှင် ကျွန်ုပ်ဘဝအချည်းနှီးဖြစ်ပါသည်။ ယနေ့ကြုံတွေ့ရမည့် ဆုံးဖြတ်ချက်များ၊ အခွင့်အရေးများ၊ စုံစမ်းခြင်းတို့ကို ရင်ဆိုင်ရသောအခါ ကိုယ်တော်ကိုသာ လိုအပ်ကြောင်း ဝန်ခံပါသည်။ "

ဘုရားသခင်သည် ထံတော်ပါးမှ ငြိမ်သက်ခြင်းသည် ကျွန်ုပ်ကို လွှမ်းခြုံထားသဖြင့် ချီးမွမ်းကိုးကွယ်ရပါသည်။ ကျွန်ုပ်ဆုတောင်းသမျှ တိကျသည့် အဖြေမရသည်တိုင် ကိုယ်တော်၏ ငြိမ်သက်ခြင်းသည် စိတ်နှလုံး၌ လျှံလျှက်ရှိပါသည်။ဘုရားနှင့်အချိန်ယူခြင်းသည် ကျွန်ုပ်အတွက် တန်ဖိုးမဖြတ်နိုင်ပါ။ တစ်နေ့တာကို အစပြုတော့မည်ဖြစ်သောကြောင့် တစ်နေ့တာဆောင်ရွက်စရာအမှုတို့ကို ဆောင်ရွက်သောအခါ နေ့စဉ်လိုအပ်ချက်အတွက် နှုတ်ကပတ်တော်အစာကို စိတ်ဝိညာဉ်နှင့် နှလုံးသားတို့မှ တုန့်ပြန်နိုင်ရန် အခွင့်ပေးပါ။

**ထို့ကြောင့် ကျွန်ုပ်တို့ အယောက်စီတိုင်းသည် မနက်တိုင်း မိမိ၏ဝိညာဉ် ဝမ်းမြောက်ခြင်းရှိဖို့ ဘုရားသခင် အထံတော်၌ မမေ့မလျော့ တိုးဝင်ချဉ်းကပ်ရန် လိုအပ်ပါသည်။**

**ခရစ်တော်သည် နေ့စဉ်နှင့်အမျှ ခေါ်ဖိတ်နေသည်မှာ အလွန်ဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။ သင့်နာမည်ကိုခေါ်၍ သူနှင့်အတူစားသောက်ရန် "လာ၍ နံနက်စာ စားလော့"ဟုဖိတ်ခေါ်နေပါသည်။**





*** မပြောင်းလဲသောအမှန်တရား၊ အမြဲတည်ရှိနေ
ကယ်တင်ခြင်းရရန်၊ ခေါ်လျှက်နေခြင်းကြောင့်
ကောင်းသောအရာကို ဖွေရှာသူ
အလုံးစုံကိုတွေ့ရှိမည်။**

*** အသက်မုန့်ကို ကျွန်ုပ်တို့ မြည်းစမ်းသောအခါ
ယခုထက်တိုင် စားချင်သေးတာ
စမ်းရေတွင်းမှ ရေသည်လည်း
စိတ်ဝိညာဉ် ဆာလောင်မှု ဖြည့်ဆီးပေးပြီပဲ။**

**Bernard of clairvaux**

## မိဿဟာရဖွဲ့ခြင်း

နေ့စဉ်ကျမ်းစာဖတ်ရာ၌ ကျမ်းချက်တစ်ချက်စီတိုင်းအတွက် အောက်ပါမေးခွန်းများကို မေး၍ ဆင်ခြင်နိုင်ပါသည်။

ကျမ်းချက်၌ -

- ရှောင်ရမည့်အပြစ်များကို ဖော်ပြထားပါသလား။
- သတိပေးချက်များရှိပါသလား။
- နာခံရမည့်အရာတို့ပါသလား။
- လိုက်လျှောက်နိုင်သည့် ဥပမာများရှိပါသလား။
- ရှောင်ကြဉ်ရမည့်အရာများရှိပါသလား။
- ဘုရားသခင်အကြောင်းကို အသစ်ဆင်ခြင်ပါသလား။
- သားတော်ဘုရားအကြောင်း အသစ်ဆင်ခြင်ပါသလား။
- သန့်ရှင်းသောဝိညာဉ်တော်ဘုရားအကြောင်းအသစ်ဆင်ခြင်ပါသလား။
- စာတန်လှည့်စားခြင်းခံနေရသူကို မည်သို့ သိမြင်နိုင်မည်နည်း။
- စာတန်၏၏ ရက်စက်သော အကြံအစည်ကို မည်သို့သိမြင်နိုင်မည်နည်း။
- စာတန်၏ အသေးစိတ်နိုင်သော ပရိယာယ်ကို မည်သို့သိမြင်နိုင်မည်နည်း။

*ကိုယ်ကိုကိုယ်လှည့်ဖျား၍ နှုတ်ကပတ်တရားတော်ကို နာယုံမျှသာပြုသောသူမဟုတ်။ တရားကို ကျင့်သောသူဖြစ်ကြလော့။*

*လွတ်ခြင်းနှင့်စပ်ဆိုင်၍ စုံလင်သောတရား၌ စေ့စေ့ကြည့်ရှု၍ တည်ကြည်သောသူမူကား၊ တရားကိုနာ၍ မေ့လျော့သောသူမဟုတ်။ အကျင့်ကျင့်သောသူဖြစ်သဖြင့် မိမိကျင့်သောအကျင့်၌ မင်္ဂလာရှိသောသူဖြစ်၏။* (ယာ ၁း၂၂၊ ၂၅)





## သမ္မာကျမ်းစာလေ့လာခြင်း

အောက်ဖော်ပြပါ မေးခွန်းများကို ဖတ်ရှုသော ကျမ်းချက်နှင့်ဆက်စပ်လိုက်လျှင် အကျိုးရှိကာ စနစ်ကျသော ကျမ်းစာလေ့လာခြင်းဖြစ်လာပေမည်။

- ကျမ်းပိုဒ်က မည်သူ့ကို ရည်ညွှန်းပြောဆိုနေသနည်း။
- ကျမ်းပိုဒ်က မည်သူ့ကို တိုက်ရိုက်ပြောဆိုနေသနည်း။
- ကျမ်းပြုသူသည် မည်သို့သော အဓိကကျသည့် စကားလုံးကိုရွေးချယ် ရေးသားထားပါသနည်း။
- မည်သည့်အချိန်က ရေးခဲ့သနည်း။
- မည်သည့်ဒေသ၌ ရေးခဲ့သနည်း။
- မည်သည့်ရည်ရွယ်ချက်ဖြင့်ရေးခဲ့သနည်း။
- ဖြစ်ခဲ့ပြီးသောအကြောင်းအရာများ၊ ဖြစ်လာမည့်အကြောင်းအရာတို့နှင့် ကျမ်းချက်သည် မည်သို့ ဆက်စပ်နေသနည်း။

*သင်မူကား ဝန်ခံသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှါ ကြိုးစားအားထုတ်လော့။* (၂တိ ၂း၁၅)

**မှတ်ရန်** - သမ္မာကျမ်းစာကို စနစ်တကျ လေ့လာခြင်းသည် နေ့စဉ်နေ့တိုင်းအတွက် အရေးပါသော လုပ်ရပ်တစ်ခုမဟုတ်သော်လည်း ဝိညာဉ်ရေးရှင်သန်ကြီးထွားဖို့ရန်အတွက် ဘုရားရှင်နှင့်မိဿဟာရဖွဲ့ခြင်းကို နေ့စဉ်နေ့တိုင်း မဖြစ်မနေလုပ်ရမည်ဖြစ်သည်။

နောက်ဆက်တွဲ (ဂ)

## နေ့စဉ်ဆုတောင်းခြင်းလမ်းညွှန်

ကျွန်ုပ်နှင့်ဇနီး ဒေါ်ရသီတို့၏ နေ့စဉ်ဆုတောင်းခြင်းကို လွန်ခဲ့သော နှစ် ၅၀ ခရစ်ယာန်အဖြစ်ပြောင်းလဲစဉ်က ဧဝံဂေလိတရားဟောဆရာ Thomas B. Rees အကြံပြုသည့် နေ့စဉ်ဆုတောင်းရန်အတွက် ရေးဆွဲထားသော ဆုတောင်းချက်များက များစွာအထောက်အကူပြုခဲ့ပါသည်။ ဥပမာ-Mသည် Monday (တနင်္လာနေ့) ဟု သတ်မှတ်၍ ထိုနေ့တွင် M- Missionarie (ဧဝံဂေလိအမှုတော်ဆောင်များ) အတွက် ဆုတောင်းပေးနိုင်သည်။

ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်ကိုလည်း ဘုရားရှင်၏ နှုတ်ကပတ်တော်များဖြင့် ပြည့်ဝစေပြီး ဆုတောင်းသောအခါ ကျွန်ုပ်တို့၏ခေါင်းထဲမှ နှလုံးသားအတွင်းရောက်ရှိအောင် တောင်းပန်တိုးလျှိုးခြင်းသည် အဓိကကျပါသည်။ ဝတ်ကျေတန်းကျေဆုတောင်းပါက သူတပါးအတွက် ကျေးဇူးတော်ချီးမွမ်းပေးခြင်း၊ အပြစ်အတွက် တောင်းပန်ပေးခြင်း၊ လုပ်ငန်းများအတွက် ဆုတောင်းပေးခြင်းတို့သည် လိုရင်းသို့မရောက်ဘဲ ဖြစ်နေတတ်သည်။ ဤသို့ဆုတောင်းခြင်းကို စနစ်တကျရေးသားထားခြင်းမရှိသော်လည်း သန့်ရှင်းသောဝိညာဉ်တော်အပေါ်၌ ယုံကြည်ကိုးစားလျှင် လိုအပ်ချက်များအတွက် ဆုတောင်းပေးနိုင်ရန် အချိန်လုံလောက်စွာ ရရှိမည်ဖြစ်သည်။

***အဘယ်အမှုကိုမျှစိုးရိမ်ခြင်းမရှိ။ အရာရာ၌ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုသောအားဖြင့် သင်တို့တောင်းပန်လိုသော အရာများကို ဘုရားသခင်အား ကြားလျှောက်ကြလော့။*** (ဖိလိ ၄း၆)

***မှတ်ရန်*** - ဆက်လက်ဖေါ်ပြမည့် **နေ့စဉ်ဆုတောင်းခြင်းလမ်းညွှန်** ကို အသုံးပြု၍ ဆုတောင်းခြင်းဖြင့် မိမိကိုယ်ပိုင်လိုအပ်ချက်များအတွက်သော်လည်းကောင်း၊ (သို့မဟုတ်) နေ့စဉ်ပေါ်ပေါက်လာမည့်အကြောင်းအရာများအတွက် ဆုတောင်းပေးခြင်းတို့ကို ချန်လှပ်ထားရန် မလိုပေ။



## နေ့စဉ်ဆုတောင်းခြင်းလမ်းညွှန်

တနင်္လာနေ့ - **ဧဝံဂေလိသာသနာပြုများအတွက်။** မိမိတို့ပါဝင်နေသော သာသနာပြုလုပ်ငန်းများနှင့် မိမိပတ်ဝန်းကျင်၌ရှိ အခြားသော သာသနာပြုလုပ်ငန်းများအတွက် ဆုတောင်းပါ။

အင်္ဂါနေ့ - **ကျေးဇူးတော်ချီးမွမ်းပါ။** ဘုရားရှင်သည် စစ်မှန်သော ဘုရား၊ မစသောအရှင်၊ ပေးသနားတော်မူခဲ့သော ဆုကျေးများအတွက်နှင့် နောင်ပြုလုပ်ပေးမည့်အရာများအတွက် ကျေးဇူးတော်ချီးမွမ်းပါ။ ဝတ်ပြုကိုးကွယ်ပါ။

ဗုဒ္ဓဟူးနေ့ - **ဝန်ထမ်းများ။** သင်းအုပ်ဆရာများ၊ ဧဝံဂေလိဆရာများ၊ ကျမ်းစာသင်ဆရာများနှင့် ခရစ်ယာန်အမှုတော်ဆောင်များအတွက် ဆုတောင်းပါ။

ကြာသပတေးနေ့- **မိမိ၏တာဝန်ဝတ္တရားအတွက်။** အိမ်မှုကိစ္စ၊ အသင်းတော်လုပ်ငန်း၊ ငွေကြေးနှင့် ပတ်သက်သော ကိစ္စများ စသည်တို့အတွက် ဆုတောင်းပေးပါ။

သောကြာ - **မိသားစုအတွက် ဆုတောင်းပါ။** မိမိ၏ မိသားစု၊ ဆွေမျိုး၊ သားသမီးမြေးတို့အတွက် ခရစ်တော်၌ ဆုတောင်းပါ။

စနေ - **အပြစ်သားများအတွက် ဆုတောင်းပါ။**Your Quest for God စာအုပ်ရေးသားရာတွင် ကူညီသူများ၊ လမ်းပေါ်၌ သက်သေခံပြောပြသူများနှင့် ခရစ်တော်နှင့် ဝေးကွာနေသော မိသားစုဝင်များအတွက် ဆုတောင်းပါ။

တနင်္ဂနွေ - **သူတော်စင်များ။** ကယ်တင်ရှင်ကို ယခုမှတွေ့ရှိသူများ၊ ကျွန်ုပ်တို့အသက်တာအတွက် ဆုတောင်းပေးသူများ၊ ဖိနှိပ်ချုပ်ချယ်ခံနေရသောအသင်းတော်များ၏ အသေးစိတ်လိုအပ်ချက်များအတွက်နှင့် ယနေ့အသင်းတော်များ၌ နိုးထမှုရှိစေရန် ဆုတောင်းပါ။

# မာတိကာ
(Index)


**စကားချီး** ၁

**နိဒါန်း** ၃

**၁။ နေ့စဉ်ကျေနပ်အားရခြင်း** ၁၀

**၂။ ဦးခေါင်းနှင့်နှလုံးသား** ၂၀

ဦးခေါင်း ၂၃

နှလုံးသား ၂၇

**၃။ ဆုတောင်းခြင်းဖြင့် ပြင်ဆင်ခြင်း** ၃၅

ဒူးထောက်ခြင်း ၃၈

သင်၏စိတ်နှလုံးကိုဖွင့်လှစ်ထားပါ ၄၁

ကျွန်ုပ်၏ကောင်းကင်နှင့်ဆိုင်သော

အမြင်သဘော ၅၅

ကျွန်ုပ်၏လောကီပြဿနာ ၆၀

**၄။ ဘုရားသခင်နှင့်အချိန်ယူခြင်း** ၆၉

နာခံခြင်းဖြင့်တုန့်ပြန်ခြင်း ၇၂

ယုံကြည်ခြင်းကိုလက်ကိုင်ထားခြင်း ၇၅

စစ်မှန်စွာကိုးကွယ်ခြင်း ၇၉

နှုတ်ကပတ်တော်ဖြင့်ကွယ်ကာခြင်း ၈၁

**၅။ ယုံကြည်ခြင်းအချက်အလက်** ၉၁

**၆။ ပြောရန်အချိန်** ၁၀၄

ဧဝံဂေလိတရားများနှင့်ပြည့်လျှံခြင်း ၁၀၉

**၇။ အသီးသို့မဟုတ် မီး** ၁၁၇

အဖြူရောင်စာမျက်နှာများ ၁၂၀

အချည်းနှီးကုန်လွန်ခဲ့သောနှစ်များ ၁၂၃

ထာဝရအလင်း ၁၂၅

**၈။ လာ၍စားကြလော့** ၁၂၉

**အချပ်ပို**

(က) မိဿဟာရဖွဲ့ခြင်း ၁၄၇


(ခ) သမ္မာကျမ်းစာလေ့လာခြင်း ၁၄၈

(ဂ) နေ့စဉ်ဆုတောင်းခြင်းလမ်းညွှန် ၁၄၉

# Your Quest for God

**(Myanmar)**

***Richard A. Bennett***



**www.ccim-media.com**